www.burmeseclassic.com

# မမသဒ္ဒါမောင်

# မြားနှစ်စင်း၏ ဆုံမှတ်တစ်နေရာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မမသဒ္ဒါမောင်

BURMESE CLASSIC .com

# မြားနှစ်စင်း၏ ဆုံမှတ်တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၅ ခုနှစ်

BURMESE CLASSIC .com

## အခန်း ( ၁ )

'မဥ္ဇူသက' နှင့် 'ကသစ်မြိုင်' ဟူသည့်ခြံကြီးနှစ်ခြံသည် ဆိတ်ငြိမ်ရပ်ကွက်ရှိ လမ်းတစ်ခုအတွင်း၌ မျက်နှာချင်းဆိုင်အဖြစ် တည်ရှိနေလေ၏။ ထိုခြံနှစ်ခြံကို ပိုင်ဆိုင်ကြသည့်သူဌေးကြီးနှစ်ဦးသည် အလွန်တရာမှ ရင်းနှီးချစ်ခင်သည့်သူငယ်ချင်းနှစ်ဦးပင်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် လူမှုရေး၊ စီးပွားရေး၊ ရပ်ရေးရွာရေးတို့တွင် တညီတညွတ်ဖြင့် တက်ညီလက်ညီဆောင်ရွက်လှူဒါန်းကြသူများဖြစ်၏။

နှစ်ဦးစလုံး၏အိမ်သူသက်ထားများမှာလည်း အလွန်အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးကြ၍ ခင်ပွန်းဖြစ်သူတို့၏ ပါရမီဖြည့်ဖက်စစ်စစ်များဖြစ်ခဲ့လေသည်။ တစ်ဦး၏အရေးကို တစ်ဦးကတိုင်ပင်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြ၏။ နှစ်အိမ်စလုံးတွင် စီးပွားရေးတူညီနေကြသော်လည်း ပြိုင်ဆိုင်အနိုင်ယူမှုမျိုးမရှိကြဘဲ အစစအရာရာ တစ်စိတ်တစ်ဝမ်းတည်းဖြင့် တစ်သားတည်းရှိခဲ့ကြသည်မှာ ၎င်းတို့၏အိမ်၌ ဆည်းလည်းကလေးများ စတင်စုဆောင်းလာခဲ့သည်အထိပင်။

ထိုသူငယ်ချင်းနှစ်ဦးတို့သည် သူတို့၏စိတ်ကူးများအပိုင်းအကောင်အထည်ဖော်ခွင့်ကြုံခဲ့ပြီဖြစ်၍ တစ်ဦးက သားလေးရပြီး တစ်ဦးက သမီးလေးရခဲ့ပါက ထိုကလေးနှစ်ယောက်အား ထိမ်းမြားလက်ထပ်ပေး၍ နှစ်အိမ့်တစ်အိမ် ရွှေလမ်းငွေလမ်းဖောက်ကြရန် တရားဝင်စီစဉ်ထားခဲ့ကြပါသည်။ သို့သော်. . .

❀ ❀ ❀



အခန်း ( ၂ )

**၁၉၈၄ ခုနှစ် စက်တင်ဘာ (၂၉) ရက်၊ စနေနေ့**

**နေ့လယ် (၁၂း၀၀) နာရီတိတိ**

မွေးခန်းထဲမှ နာ့စ်မလေးတစ်ဦးထွက်လာ၏။ ဦးအာကာနှင့် ဦးဥက္ကာတို့နှစ်ယောက် ထိုင်ခုံမှပြိုင်တူထရပ်လိုက်မိသလား. . . နာ့စ်မလေးက ကတ်ပြားမှနာမည်ကို ငုံ့ဖတ်လိုက်၏။

"ဦးအာကာ ရှိပါသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်ဆရာမ"

"ဒေါ်စပယ်သင်း၊ သားယောကျ်ားလေးမွေးပါတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်က ၁၀ ပေါင် ၂ အောင်စပါ။ ကလေးရောအမေရော ကျန်းမာပါတယ်"

နာ့စ်မလေးကပြောပြီးသည်နှင့် မွေးခန်းထဲပြန်ဝင်သွားတော့၏။ ဦးဥက္ကာက ဦးအာကာ၏ပခုံးကိုဖက်လိုက်ပါသည်။

"ငါ့ကောင်ကြီးတော့ သားဦးရပြီကွ။ ဟား. . . ဟား. . . ဟား. . . ဝမ်းသာတယ်ကွာ"

"အေး. . . မင်း့သမီးရရင် ပြောထားတဲ့အတိုင်း ကတိမပျက်ကြေးနော်, ဥက္ကာ။ ပြီးတော့မှ သမီးလှလှလေးကို ဘယ်သူနဲ့မှ မတူဘူးမတန်ဘူးဆိုပြီး ဉာဏ်များဖို့မကြံနဲ့"

"အမယ်လေး. . . မင်းသာ သားချောကြီးမို့ မတွန့်တိုမိပါစေနဲ့, အာကာရာ"

"ကလေးတွေချောချောမချောချော, ငါကတော့ အတင်းရိုက်ပြီးပေးစားမှာပဲ။ ဒါမှတစ်စီးပွားတည်းမြဲမှာကွ။ နို့မို့ ငါတို့ခွင် လှချင်သူတွေက တစ်ပုံကြီး"

"အေး. . . ငါ့သမီးလှလှမလှလှ မင်း့သားကြိုက်ရမှာပဲနော်"

"အေးပါကွ"

နာ့စ်မလေး ထပ်ထွက်လာပြန်၏။ ဦးဥက္ကာက ရှေ့သို့တိုး





သွားပါသည်။

"ဆရာမ. . . ကျွန်တော်, ဥက္ကာ. . ."

"ဪ. . . ဟုတ်ကဲ့ ဦးဥက္ကာ. . . ဒေါ်နှင်းဆီသွေးလည်း သားလေးမွေးပါတယ်ရှင်။ ပေါင်ချိန်က ၁၀ ပေါင်ပါ။ ကလေးရော လူကြီးပါ ကျန်းမာပါတယ်"

"ဟိုက်! သွားပါပြီဗျာ"

"ရှင်. . . ဘာဖြစ်လို့လဲ"

"ဪ. . . ဟိုဘာမှမဖြစ်ပါဘူးဆရာမ။ ဘာမှမဟုတ်ပါဘူး"

နာ့စ်မလေး ဘာမှမပြောတော့ဘဲ အခန်းထဲပြန်ဝင်သွားလေမှ သူတို့နှစ်ယောက်, အော်ရယ်လိုက်မိ၏။

"ကဲ. . . ဘယ့်နှယ့်လုပ်မလဲ"

"အဲဒါမှ ဒုက္ခပေါ့ကောင်ရ. . . ဟား. . . ဟား. . . ဟား"

ခဏအကြာမှာ အနှီးထုပ်လေးတွေဖြင့် နီတာရဲကလေးနှစ်ဦးကို နာ့စ်မလေးတွေ ချီထုတ်လာလေ၏။

"ကလေးအဖေတွေ ခဏကြည့်ပါ။ ဒီကလေးနှစ်ယောက်က သုံးမိနစ်ပဲကွာတာရှင့်"

"ဒါ. . . ကျွန်တော့်သားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . လက်ပတ်မှာ မိဘနာမည်ရေးထားတာပဲ"

"ဟာ. . . ငါ့သားက လူချောပဲဟေ့"

"ဟေ. . . ငါ့သားကတော့ မွေးကတည်းက မှုန်ကုပ်ကုပ်ပါလားကွ။ တော်တော်ဂျစ်ကျမယ့်ရုပ်"

"အေး. . . ငါ့သားကတော့ စွာမယ့်ပုံဟေ့"

တစ်အောင့်နေမှ ကလေးအမေနှင့်ကလေးကို Special Room တွေထဲ ရွှေ့လိုက်ကြ၏။ ဒီတော့မှ သားတွေကို တစ်ဝကြီးကြည့်ခွင့်ရတော့သည်။

"ဘယ်လိုလဲအစ်ကို. . . စပယ်က သားအရင်မွေးပြီး၊ နှင်းလည်း, သားပဲဆိုပါလား"

"အေးကွာ. . . မှန်းချက်နဲ့နှမ်းထွက်မကိုက်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မွေးလာမှတော့ချစ်ရမှာပဲ"

"အင်းပေါ့. . . ဘာတတ်နိုင်မှာလဲ"

တစ်ဖက်ခန်းမှာလည်း ကလေးမိဘနှစ်ဦး ကျွတ်စိကျွတ်စိဖြင့် တွတ်ထိုးနေလေ၏။

"မောင်က နှင်း,သမီးလေးမွေးမယ်ထင်တာ။ သမီးလေးဆိုနှင်းနဲ့တူပြီးပိုချောမှာကွ"





"မောင်ကလည်း အခု နှင်းသားက မချောတာကျနေတာပဲ။ ကြည့်ပါဦး. . . ဒီလောက်ချောတာ။ မွေးကတည်းက ဒီလောက်နီရဲနေရင်. . , ကြီးလာရင်တော်တော်ဖြူမှာ"

"အင်း. . . ဟိုကောင့်သားက ညိုချင်တယ်နှင်းရဲ့"

"ဩော်. . . မောင်ရယ်၊ ဖြူဖြူညိုညိုချစ်ရမှာပဲ။ အခုမှအမြွှာပူးမွေးသလားထင်ရတယ်။ သားတို့တစ်လပြည့်မွေးနေ့ကို Special လုပ်ပေးနော်"

"အင်းပါ. . .၊ မောင်, အာကာနဲ့တိုင်ပင်ပြီး လုပ်ပေးပါ့မယ်"

ဤသို့ဖြင့် အိမ်နှစ်အိမ်၏ရွှေဆည်းလည်းလေးနှင့် မငွေဆည်းလည်းလေးနှစ်ဦးတို့သည် သုံးမိနစ်သာခြား၍ လူ့လောကထဲသို့ရောက်ခဲ့လေ၏။

နှစ်ဖက်သောမိဘများက တစ်လပြည့်၊ တစ်နှစ်ပြည့်မှစ၍ နှစ်စဉ်နှစ်တိုင်း နှစ်မိသားစုတိုင်ပင်ကာ မွေးနေ့ပွဲတို့ကိုအတူတကွကျင်းပပေးခဲ့ပါ၏။

မျက်နှာချင်းဆိုင်ခြံနှစ်ခြံက လမ်းထောင့်ဆုံးမှာမို့ မကျွပ်ကြီးကို လမ်းမပေါ်မှာပင် ပိတ်ထိုး၍ အလှူအတန်းပြုလုပ်ခဲ့သည်မှာ ခြံနှစ်ခြံအပြည့် ဧည့်ပရိတ်သတ်များက ကြက်ပျံမကျစည်ကား



www.burmeseclassic.com

www.burmeseclassic.com



သိုက်မြိုက်ခဲ့လေ၏။

မိဘတွေကတော့ သားနှစ်ဦးကို အမြွှာပူးညီအစ်ကိုရင်း သဖွယ်သဘောထားခဲ့သော်ငြား ယင်းနှစ်ဦးမှာကား . . .

❀ ❀ ❀

ရွှေပဒေသာစာပေ

၁၉၈၉ ခုနှစ်၊ ဇွန်လ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

မိုးဦးစရာသီမို့ ကျောင်းတွေ စဖွင့်လေပြီ။ မူလတန်း (A) အခန်းမှ အတန်းပိုင်ဆရာမ ဒေါ်သန္တာခင်မှာ ကျောင်းအပ်လက်ခံတာကတစ်ဖက်၊ အတန်းထဲရှိကလေးတွေကို ထိန်းရသည်ကတစ်ဖက်နှင့် အလုပ်ရှုပ်နေပါ၏။

ယောကျ်ားလေးကျောင်းမို့ ကလေးတွေက တော်တော့်ကို အထိန်းရခက်လှသည်။ တစ်လုံးခုံလေးတွေကို နှစ်လုံးပူး၍ အတန်းလေးတန်းခွဲကာ စီချထား၏။ သူမအတန်းမှာ အားလုံး (၄၈) ဦးရှိပေပြီ။ ကျောင်းတက်ခေါင်းလောင်းထိုးသံအကြားမှာ စားပွဲပေါ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လုံးကို တဖြန်းဖြန်းရိုက်၍အသံပေးလိုက်၏။

"ကဲ... အားလုံးငြိမ်ပါ၊ ကိုယ့်နေရာမှာကိုယ်နေ။ ပြီးရင် မတ်တတ်ရပ်,လက်ပိုက်။ ဆရာမကိုနှုတ်ဆက်ပါ။ မင်္ဂလာပါဆရာမ လို့ပြော..."

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါကွယ်... အားလုံးထိုင်နိုင်ပါပြီ။ ကျေးဇူးတင်ပါတယ်ဆရာမလို့ပြောပါ"

"ကျေးဇူးတင်ပါတယ်ဆရာမ"

"ဟုတ်ပြီ... ထိုင်ကြပါ။ ဆရာမ နာမည်စာရင်းခေါ်မယ်နော်။ ကိုယ့်နာမည်ခေါ်ရင် မတ်တတ်ရပ်ပြီး ရှိပါတယ်ဆရာမလို့ ထူးပြီးမှပြန်ထိုင်ပါ။ ကဲ... မောင်သော်ဇင်"

"ရှိပါတယ်ဆရာမ"

"မောင်ကျော်ကျော်မှူး"

"ရှိပါတယ်ဆရာမ"

"မောင်ငြိမ်းချမ်းပို"

"ရှိပါတယ်ဆရာမ"

"မောင်ဝဋ္ဌာ"

"......."





"မောင်ဝဋ္ဌာ... ဆရာမခေါ်နေတယ်လေ"

"ရှိ..."

"ပြန်ထစမ်း မောင်ဝဋ္ဌာ၊ ဆရာမဘယ်လိုသင်ပေးထားလဲ"

"ဟို... ဆရာမ၊ မြင့်မိုရ်က မထနဲ့လို့ပြောလို့ပါ"

"ကြည့်စမ်း... မြင့်မိုရ်က ဆရာမမှမဟုတ်တာဘဲ။ သားက ဘာဖြစ်လို့ သူ့စကားကိုနားထောင်ရတာလဲ"

"ဆရာမခေါ်ရင် သူလည်းမထဘူး။ ကျွန်တော့်ကိုလည်း မထနဲ့လို့ပြောလို့ပါဆရာမ"

ကြည့်စမ်း... အတော်လည်သည့်ချာတိတ်ပါလား။ ဒေါ်သန္တာခင်, ခုံမှထ၍ ကလေးနှစ်ဦးဆီလျှောက်လာခဲ့၏။

"ကဲ... ဆရာမစကားကိုနားမထောင်တဲ့အတွက် သားမှာအပြစ်ရှိလားမရှိဘူးလား"

ဝဋ္ဌာ, ဆရာမကို မျက်စိပေကလပ်ပေကလပ်ဖြင့် မော့ကြည့်နေမိ၏။ ဆရာမလက်ထဲမှကြိမ်လုံးက မြှောက်တက်လာ၏။

"ပြောလေ..."

"ရှိပါတယ်ဆရာမ"

"ဒါဆို လက်ဖြန့်..."

"ရွှမ်း.."



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ကိစ္စပါ"

"ဟော. . . ထူးဆန်းပါလား။ ဒီနေ့ သားဝဠာ ကျောင်းမှာ အရိုက်ခံရတယ်ဆို"

"ဟင်းဟင်း. . . သားမြင့်မိုရ်ပြောပြီထင်ပါရဲ့။ အရိုက်ခံရတာ နှစ်ယောက်စလုံးပဲနှင်းရဲ့"

"ဟောတော့. . . အိမ်ကသားက ဘာမှမပြောပါလား"

"ဖြစ်ပုံက ဒီလို, နှင်းရေ"

ဒေါ်စံပယ်သင်း ဖြစ်ကြောင်းကုန်စင်ပြောပြတော့ ဒေါ်နှင်းဆီသွေးက သဘောတကျရယ်လိုက်မိ၏။ သူမသားက လူလည်ပေကိုး. . .။

"အဲဒါပဲနှင်းရေ. . . သားမိုရ်က အသားပိုဖြူတော့ ဒဏ်ရာကပိုထင်းမှာ၊ ဆေးထည့်ပေးလိုက်ဦးနော်။ ကလေးကိုတော့ မဆူပါနဲ့။ ကျောင်းစတက်တက်ချင်း ပွဲဦးထွက်အရိုက်ခံရတာ သူတို့နှစ်ယောက်ပဲရှိတယ်. . . ဟင်း. . . ဟင်း"

"ဟုတ်ပါပြီ. . . ကျေးဇူးပါပဲစံပယ်ရယ်။ ဒါဆိုဒါပဲနော်"

ဒေါ်နှင်းဆီသွေး သားထံသွား၍ လက်ကလေးကိုဖြန့်ကြည့်လိုက်တော့ လက်ဝါးပြင်မှာ အရှိုးရာလေးကအထင်းသား။

❁ ❁ ❁



အခန်း ( ၄ )

ခြံထဲမှာ သားရေဘောလုံးလေးကန်၍ တစ်ယောက်တည်းကစားနေ၏။ အဖော်မရှိသဖြင့် အုတ်နံရံဆီသို့သာကန်၍ ဆော့နေခြင်းဖြစ်သည်။ ခြံရှေ့ကားလမ်းပေါ် မှမြင့်မိုရ်က ဝဠာ့ဘောလုံးကန်နေသည်ကို ရပ်ကြည့်နေ၏။

"ဟေ့ကောင်. . . မှုံကြီး"

"ဘာမှုံကြီးလဲကွ. . .။ ငါ့နာမည်ဝဠာ. . . မှုံကြီးမဟုတ်ဘူး။ မခေါ်နဲ့"

"မင်းက အမြဲမှုန်ကုပ်ကုပ်ဖြစ်နေတော့ မှုန်ကြီးပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



သား‌ရဲ့"

"ဟင့်အင်း"

"သားအပြစ်မလုပ်ရင် ဆရာမက ဘယ်ရိုက်မှာလဲသားရယ်"

"အဲဒါ မြင့်မိုရ်ကြောင့်အရိုက်ခံရတာ"

"မြင့်မိုရ်ကြောင့်ဟုတ်လား. . ."

"ဟုတ်တယ်. . . သူက သားကိုမထနဲ့ပြောလို့ မထမိတာကို ဆရာမကရိုက်တယ်။ ဒီမှာ သားလက်မှာ အရာကြီးကျန်ခဲ့ပြီ"

"အို. . . ဟုတ်တာပေါ့. . . ဦးဖွ. . . ဦးဖွ။ မေမေဆေးလိမ်းပေးမယ်နော်။ နောက်ကို ဆရာမရိုက်တာမခံရအောင် သားက. . . နေပေါ့"

"မြင့်မိုရ်လည်း အရိုက်ခံရတယ်မေ။ ဆရာမက သူ့ကို ပိုနာအောင်ရိုက်တယ်"

"ဟုတ်လား. . . သူက အပြစ်ပိုကြီးလို့ပေါ့။ ကဲ. . . ခဏနားပြီးရေချိုးရမယ်။ ပြီးရင်ထမင်းစားမယ်နော်"

"မေ. . . ညကျရင် သားကို ရွှေမင်းသားလေးပုံပြင်ပြောပြဦးနော်"

"အေးပါသားရယ်. . . အေးပါ"





ကားပေါ်မှဆင်းသည်နှင့် ကျောပိုးအိတ်ကို ညှော်ခန်းဆက်တီပေါ်ဖြုတ်ချလိုက်၏။ မေမေက သူ့ကိုပွေ့ချီလိုက်စဉ် မေမေ့ပါးကို သူ, ရွှတ်ခနဲနမ်းလိုက်ပါသည်။

"ကဲ. . . ဒီနေ့ ကျောင်းမှာဘာတွေသင်ပေးလိုက်သလဲဆိုတာ ပြောပါဦးသားရယ်"

"ဝလုံးလေးတွေရေးရတယ်မေမေ။ ပြီးတော့ အေလည်းရေးရတယ်။ ဆရာမက ကဗျာတွေလည်း သင်ပေးတယ်မေမေရဲ့"

"ဟုတ်လား. . . ဒါဆို သားသိပ်ပျော်လာတာပေါ့"

"အင်း. . .ဝဋ္ဌာအရိုက်ခံရလို့ ပိုပျော်တယ်"

"ဟောတော့. . . ဝဋ္ဌာအရိုက်ခံရတာပျော်စရာလား သားရယ်။ အဲဒီလိုမပြောရဘူးလေ"

"သူက သူများပြောတာကို ယုံလွယ်တာကိုးမေမေရဲ့"

အဲဒီညက သားကို ပုံပြော၍သိပ်အပြီး မောင်နှင့်စကားပြောနေစဉ် ဖုန်းသံမြည်လာ၍ ဒေါ်နှင်းဆီသွေး, ထလိုက်ပါသည်။

"ဟဲလို. . . မဉ္ဇူသက,ကပါရှင်"

"နှင်းရေ. . . စံပယ်ပါ"

"သြော်. . . ပြောလေစံပယ်၊ ညကြီးမိုးချုပ် ဘာပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်လက်ဝါးလေးကို ပေါင်မှာအသာပွတ်လိုက်ရ၏။ စပ်လိုက်တာ၊ အဲဒါ. . . မြင့်မိုရ်ကြောင့်ဖြစ်ရတာ။ ဒီကောင်ပြောလို့။

"ကဲ. . . အကြံပေးပါ,ထ။ မောင်မြင့်မိုရ်. . . သားမှာလည်းအပြစ်ရှိတယ်။ သူတစ်ပါးကိုချောက်ချတာက ပိုအပြစ်ကြီးတယ်ဆိုတာနားလည်ပါ"

"ဟို. . . ကျွန်တော်, သူ့ကိုဘာမှမပြောပါဘူးဆရာမ"

ဒေါ်သန္တာခင် ဇဝေဇဝါဖြင့် ဝဋ္ဌာ့ဘက်ကိုလှည့်ကြည့်လိုက်တော့ ဝဋ္ဌာမျက်နှာလေးမဲ့သွားလေသည်။

"သူပြောတာ ဟုတ်သလားဝဋ္ဌာ"

"အနော်ကြားတယ်ဆရာမ။ မြင့်မိုရ်က မထခိုင်းလို့ ဝဋ္ဌာမထတာပါ"

"ဟော! "

နောက်ခုံမှ ကလေးတစ်ယောက်ကဝင်ပြောတော့ မြင့်မိုရ်က ထိုကောင်လေးကို ဖျတ်ခနဲလက်သီးထောင်ပြလိုက်သဖြင့် ဒေါ်သန္တာခင်ပြုံးလိုက်မိ၏။ သူမအတန်းမှာ ဂျိုကာတစ်ကောင်တော့ ရှိနေပြီပဲ. . . ။

"ကဲ. . . သက်သေရှိတယ်မောင်မြင့်မိုရ်။ ထ. . . လက်





ဝါးဖြန့်"

"ရှမ်း. . . "

ကျောင်းစဖွင့်ဖွင့်ချင်း ပွဲဦးထွက်အရိုက်ခံရသော ဤကလေးနှစ်ဦးသည် သူမဘဝမှာ မှတ်မှတ်ရရရှိနေခဲ့သည်မှာ အမှန်ပင်ဖြစ်တော့၏။ တစ်ဦးကပြောသည်ကို ယုံလွယ်သူ၊ နောက်တစ်ဦးက ယုံလွယ်အောင်ပြောတတ်သူလေ. . . ။

လာကြိုသည့်ကားပေါ်ကို ကိုယ်စီတက်ရင်း ဝဋ္ဌာအံ့ကြိတ်ထားမိသည်။ ဒီကနေ့ သူအပြစ်မရှိဘဲ အရိုက်ခံခဲ့ရတာ မဟုတ်ပါလား။ အိမ်ကိုပြန်ရောက်တော့ ကျောပိုးအိတ်ဖြုတ်ပေးနေသည့် နီနီ့လက်ထဲမှအတင်းရုန်း၍ မေမေ့ရင်ခွင်ထဲသို့ ပြေးဝင်လိုက်ပါ၏။

"ဟောတော့်. . . မေမေ့သားက တစ်နေကုန် မေမေ့ကို လွမ်းနေတယ်ပေါ့ဟုတ်လား။ မေမေကလည်း သားကိုလွမ်းနေတာပါပဲသားရယ်။ ကြည့်ပါဦး. . . အား. . . သနပ်ခါးနံ့လေးတောင် မပြယ်သေးပါလား။ ဟင်. . . သားမျက်ဝန်းထဲမှာ မျက်ရည်တွေဝဲလို့ပါလား။ ဘာဖြစ်လာလဲသား. . . မေမေ့ကိုပြောပါဦး"

"မေ့. . . သားကို ဆရာမရိုက်တယ်"

"ဆရာမရိုက်တယ်. . . ၊ သားက ဘာအပြစ်လုပ်မိလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းကို ချွန်တွန်းလို့ပဲငါခေါ်မှာ။ မင်းက သူများကိုချောက်ချချွန်ဖို့ပဲ အမြဲတွေးနေတာကိုး။ ဒီတော့... ချွန်တွန်း"

"ဟာဟ... ခေါ်ချင်ခေါ်ပေါ့... စိတ်မဆိုးပေါင်...။ ယောက်ျားလေးဖြစ်ပြီး အခြောက်ကျနေတာပဲ။ ဘောလုံးကန်တာ အားပြင်းပြင်းကန်ရတယ်ကွ"

"ငါ့ဟာငါ ဘယ်လိုကန်ကန်ပေါ့... မင်းအပူမပါဘူး"

"ငါအကောင်းပြောနေတာပါကွ။ မင်းပျင်းနေမှာစိုးလို့ပါ။ ခြံပြင်ထွက်ခဲ့လေ... ငါနဲ့အတူတူကန်ကြမယ်"

"မင်းဘောလုံးနဲ့ မင်းကန်ပါလားကွ။ ငါ့ဟာ လာမဆော့နဲ့"

"ငါ့မှာ ဘောလုံးတွေအများကြီးရှိတာပေါ့ကွ။ တစ်ယောက်တည်းပျင်းလို့ပါဆို... လာ... ထွက်ခဲ့လေကွာ"

"မင်းကောင်းကောင်းဆော့မှာနော်"

"အေးပါကွ"

ဝဠာ ခြံပြင်သို့ထွက်လိုက်၏။ မြင့်မိုရ်က အုတ်တံတိုင်းပိတ်ကာထားသည့်လမ်းထောင့်ဘက်သို့ နေရာရွှေ့ရပ်လိုက်သည်။

"တစ်ယောက် ငါးချက်စီကန်မယ်နော်။ အခု ငါအရင်ဖမ်းမယ်။ မင်းကန်..."





ဝဠာက ဘောလုံးကို ရှေ့မှာချ၍ကန်လိုက်၏။ မြင့်မိုရ်က ဘောလုံးကို ဟိုဒီပြေး၍ဖမ်းနိုင်သည်။

"ကဲ... အခု ငါကန်အလှည့်။ မင်းဖမ်းနော်"

"နေဦး... မင်းကန်လို့ ငါ,မဖမ်းနိုင်ရင် အဝေးကြီးလိမ့်သွားမှာပေါ့ကွ။ မင်းနဲ့ငါ နေရာအရင်လဲမယ်"

မြင့်မိုရ် တစ်ချက်ပြုံးလိုက်၏။

ဒီကောင် ဒါတော့လည်သားပဲ။ ဒါပေမဲ့ မှန်ကြီးရာ... ငါက မင်းထက်ပိုပြီးညာဏ်များပါတယ်ကွ။

မြင့်မိုရ်, ဝဠာရှိရာဆီ ခပ်ဖြည်းဖြည်းကန်လိုက်၏။ နောက်တစ်ခါ ညာဘက်ကိုပို့သည်။ ပြီးတော့ ဘယ်ဘက်။ နောက်တစ်လုံးကို အမြောက်ကန်တင်လိုက်၏။

"ဟာ... အဝေးကြီးမကန်နဲ့လေကွာ။ ငါမောတယ်ကွ"

"အေးပါ... ငါချော်သွားလို့ပါ။ ဒီတစ်ခါ ငါတည့်တည့်ပေးမှာပါကွ"

မြင့်မိုရ် ဝဠာ့တည့်တည့်သို့ချိန်ကာ အရှိန်ယူ၍ပြေးကန်ထည့်လိုက်သည်။ ဗုန်းခနဲအသံနှင့်အတူ ဘောလုံးက ဝဠာ့ရင်ဘတ်ကိုပြေးဆောင့်ကာ ဗိုင်းခနဲလဲလေ၏။

"အမယ်လေး... သေပါပြီ။ သားလေး... သားလေး"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှ ဝဋ္ဌာ့ကိုထိန်းသည့်နီနီက ပြေးထွက်လာပြီး ဝဋ္ဌာ့ကိုပွေ့ချီလိုက်ပါသည်။ ဝဋ္ဌာက အသက်ရှူကျပ်ကာ တအင်းအင်း ညည်းညူနေ၏။

"သားလေးရေ့ . . မာမီ့ . . မာမီ . . ဒီမှာလေ"

ခြံထဲပွေ့ချီသွားသောဝဋ္ဌာ့ကိုလှမ်းကြည့်ရင်းက မြင့်မိုရ်ကိုယ့်ခြံထဲပြန်ဝင်ခဲ့၏။ ခြံထဲမှာ နှင်းဆီကိုင်းတွေကို ကတ်ကြေးဖြင့် ညှပ်နေသည့်မေမေနှင့် တန်းတိုးလေသည်။

"သား . . . ဘာဖြစ်လာလဲ"

"ဟင့်အင်း"

"ဝဋ္ဌာရော"

"ခြံထဲပြန်ဝင်သွားပြီလေ၊မေမေ"

ဒေါ်နှင်းဆီသွေး ပန်းညှပ်ကတ်ကြေးကိုအသာချ၍ အရှေ့ခြံထဲကိုကူးလာခဲ့သည်။ သူမ၊ စံပယ်တို့အိမ်ထဲရောက်တော့ နီနီက ဆရာဝန်ဆီ ဖုန်းဆက်နေလေ၏။ အောက်ထပ်အခန်းထဲသို့ ဒေါ်နှင်းဆီသွေး ဝင်လာခဲ့သည်။

"ဘာတွေဖြစ်နေတာလဲစံပယ်"

"ဩော် . . . နှင်း . . . ဒီမှာလေ . . . သားတို့နှစ်ယောက် ကစားကြရင်း သားနာသွားလို့။ အဲဒါ . . ."





"မာမီ . . . ဒေါက်တာက အခုလာနေပြီတဲ့"

"ဘယ်လိုဖြစ်ရတာလဲကွယ်"

"မြင့်မိုရ်ကန်လိုက်တဲ့ဘောလုံးက အရှိန်ပြင်းပြီး သားလေးရင်ဘတ်ကိုဆောင့်မိတာပါ အန်တီ။ သားလေး၊ ဗိုင်းခနဲလဲကျသွားတာ နီနီဖြင့် မျက်စိထဲပြာသွားတာပဲ။ နီနီက သားလေးကို အားဆေးတိုက်ဖို့ အိမ်ထဲဆေးဝင်ယူနေတုန်းဖြစ်တာပါ"

"ဟယ်! "

"ကွယ် . . . နီနီရယ်၊ မတော်တဆဖြစ်တာကို အဲလိုမပြောရဘူးလေသမီးရယ်။ မာမီမကြိုက်ဘူးနော်"

"မေ့"

"သား . . . သားလေး"

ဝဋ္ဌာက မေမေ့ရင်ခွင်ထဲဝင်၍ တရှုံ့ရှုံ့နှင့်ငိုနေပါ၏။ ဒေါ်နှင်းဆီသွေး မျက်စိမျက်နှာပင်ပျက်လာလေပြီ။

"နီနီ . . . သောက်ရေအေးအေးလေးတစ်ခွက် ယူလာပါကွယ်"

"ဟုတ်ကဲ့ မာမီ"

သောက်ရေကို ဖြည်းဖြည်းသောက်အပြီးမှာ ဆရာဝန်ရောက်လာပြီး ဝဋ္ဌာ့အင်္ကျီကိုချွတ်လိုက်သည်။ ရင်ဘတ်မှာ ညိုနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ဒဏ်ရာက အထင်းသား။

"တော်သေးတာပေါ့. . . ကလေးအားနဲ့ပဲမို့လို့။ လူကြီးအားနဲ့ဆို သေတောင်သေနိုင်တယ်"

"အို! ဖြစ်မှုဖြစ်ရလေ။ နေနှင့်ဦး. . . အိမ်ပြန်မှနာနာလေးရိုက်ဦးမယ်"

"မလုပ်ပါနဲ့နှင်းရယ်. . . မတော်တဆပဲကို။ အဲဒီလိုရိုက်နှက်ဆုံးမတာ စံပယ်အားမပေးဘူးနော်။ ကလေးဆိုတာ လိုသလိုပုံသွင်းယူလို့ရပါတယ်နှင်းရဲ့။ နူတ်နဲ့ပဲပြောပါ"

"နောက်ဆို. . . သူတို့ကစားရင် စောင့်ကြည့်ပေးပေါ့ ဒေါ်စံပယ်။ ခက်တာက ရွယ်တူဆိုတော့လည်း အတူဆော့ချင်ရှာမှာပေါ့"

"အိမ်ကသားက ကြမ်းကိုကြမ်းတာပါဆရာရယ်"

"ယောကျ်ားလေးကိုဗျ"

"ဟုတ်ပါတယ်. . . သားလေးက ပျော့ကိုပျော့တာ"

အိမ်ကိုပြန်ရောက်တော့ သားဖြစ်သူက မအေကိုမျက်နှာချိုလေးသွေးလာသဖြင့် မရိုက်ဖြစ်ခဲ့။ ဤသို့နှင့်ပင် စံပယ်ကတား။ သူမကလည်း တစ်ဦးတည်းသောသားလေးမို့ အလိုလိုက်ရင်းဖြင့်မြင့်မိုရ်ဟာ တဖြည်းဖြည်းနှင့်ဆိုးလာမှန်းမသိဆိုးခဲ့လေ၏။





ဒေါ်စံပယ်သင်း, သားလေး၏ပုံဆွဲစာအုပ်တွေနှင့် ရောင်ခြယ်ပစ္စည်းတွေကိုသိမ်းပေးနေစဉ် ပုံဆွဲစာအုပ်မှာ ရေးထားသည့်လက်ရေးဝိုင်းဝိုင်းလေးကို မြင်လိုက်ရလေ၏။

"ချွန်တွန်း. . . မင်းကိုငါမကျေဘူး"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

သင်္ချာပုစ္ဆာများကိုတွက်အပြီး စာအုပ်ကို ဆရာမ၏စားပွဲပေါ်မှာမှောက်၍ထပ်တင်ကာ ခုံမှာပြန်ထိုင်လိုက်သည်။ မြင့်မိုရ်က ဝဏ္ဏ၏လက်ပေါ်သို့ အရာတစ်ခုကို ဖျတ်ခနဲတင်လိုက်၏။

အေးစက်စက်အသိကြောင့် ဝဏ္ဏကြည့်လိုက်စဉ် လက်ဖမိုးပေါ်မှာ ထွန့်ထွန့်လူးနေသည့်တီကောင်တစ်ကောင်. . .။

"အား. . ."

ဝဏ္ဏ အလန့်တကြားထခုန်လိုက်မိတော့ လက်ပေါ်မှ တီကောင်က နောက်ခုံရှိ ငြိမ်းချမ်းပို၏ပေါင်ပေါ်သို့ ကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အ! "

"ဟဲ့. . . ဘာတွေဖြစ်နေတာလဲ"

ငြိမ်းချမ်းပိုက ပေါင်ကိုငုံ့ကြည့်ရင်း မျက်လုံးလေးပြူးနေသဖြင့် ဒေါ်သန္တာခင် အမြန်ထလာလေသည်။

"သား. . . ငြိမ်းချမ်းပို. . . ဘာဖြစ်"

"တီ. . . တီကောင်. . . အား"

"ဟဲ့. . . အမယ်လေး. . . ဩော်. . . ထလိုက်. . . သား ထရပ်လိုက်"

ငြိမ်းချမ်းပိုထရပ်လိုက်တော့ တီကောင်က အောက်ကို ဘုတ်ခနဲပြုတ်ကျသွားလေ၏။

"ကြည့်စမ်း. . . ဒါ ဘယ်သူ့လက်ချက်လဲ။ ပြောစမ်း"

"သူ. . . သူ. . . မြင့်မိုရ်ဆရာမ။ ကျွန်တော့်ကိုအရင်လုပ်တာ။ ကျွန်တော်ခါလိုက်လို့ ငြိမ်းချမ်းဆီရောက်သွားတာပါ"

"မြင့်မိုရ်. . . မင်းကတော့ မီးခဲပဲ။ လာ. . . အခုချက်ချင်း အဲဒီတီကောင်ကို ပြန်ကောက်ပြီးလွှင့်ပစ်စမ်း"

"ကျွန်တော်မလုပ်ဘူးဆရာမ. . . ဝဥ္စာလုပ်တာပါ"

"ဝဥ္စာလုပ်ရင် သူကြောက်စရာ ဘာအကြောင်းမှမရှိဘူး





မြင့်မိုရ်။ ဆရာမခိုင်းတာကို အခုချက်ချင်းလုပ်ပါ။ ပြောတာကြားတယ်နော်"

မြင့်မိုရ်က တီကောင်ကို လက်ဖြင့်မရွံ့မရှာကောက်ယူ၍ ပြတင်းပေါက်မှလွှင့်ပစ်လိုက်၏။

"ပြီးရင် လက်သွားဆေး. . .။ နောက် ဒီအရှေ့မှာ ထိုင်ထအခါ (၂၀)လုပ်ရမယ်။ ဒါ. . . ပြစ်ဒဏ်ပဲ"

ဝဥ္စာနှင့် ငြိမ်းချမ်းပိုကို သောက်ရေတစ်ခွက်စီတိုက်ပြီးမှ အမှတ်ခြစ်သည့်အလုပ်ကိုဆက်လုပ်ရ၏။ မြင့်မိုရ်က ခပ်တည်တည် ဖြင့်ထိုင်ထလုပ်ပြီး နေရာမှာပြန်ထိုင်လိုက်သည်။ ဒေါ်သန္တာခင် သချ်ာတွက်ထားသည့်စာအုပ်နှစ်အုပ်ကို သေချာယှဉ်ကြည့်နေမိ၏။ အစအဆုံးတူနေသဖြင့် ဇဝေဇဝါဖြစ်သွားရသည်။

"မြင့်မိုရ်. . . ခဏလာဦး။ လေးခြောက်လီဘယ်လောက် လဲ"

"နှစ်ဆယ့်လေးပါဆရာမ"

"သုံးကိုးလီကရော"

"နှစ်ဆယ့်ခုနစ်ပါဆရာမ"

"ကဲ. . . ရော့. . . စာအုပ်ပြန်ယူသွား။ ဝဥ္စာ. . . လာခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဝင္ဘာ, ဆရာမစားပွဲဘေးမှာ လက်ပိုက်၍ရပ်နေလိုက်ပါသည်။ ဆရာမက သူ့စာအုပ်ကိုကိုင်ထားပြီး ဝင္ဘာ့ကို သေချာကြည့်နေ၏။

"ဝင္ဘာ. . . သား. . . မြင့်မိုရ်ဆီက ကြည့်ပြီးကူးသလား"

"ဟင့်အင်း. . . မကူးပါဘူးဆရာမ"

"ဒါဖြင့်. . . သုံးရှစ်လီ ဘယ်လောက်လဲ"

"နှစ်ဆယ့်လေးပါဆရာမ"

"လေးခုနစ်လီကရော"

"နှစ်ဆယ့်ရှစ်ပါဆရာမ"

ဒေါ်သန္တာခင် ခေါင်းညိတ်လိုက်ပြီး ဝင္ဘာ့ကို စာအုပ်ပြန်ပေးလိုက်ပါသည်။ မုန့်စားဆင်းကာနီးအချိန်မှာ မြင့်မိုရ်က ဆရာမ ထံရောက်လာလေ၏။

"ဆရာမ. . . ကျွန်တော့်ခဲဖျက် ပျောက်သွားပါတယ်"

"ဘယ်လိုပုံလဲသား"

"ဘူးလေးနဲ့ပါဆရာမ. . . ဝက်ဝံရုပ်လေးပါ"

"ဘယ်လိုဖြစ်ပြီးပျောက်ရတာတုန်း"

"ကျွန်တော့်အိတ်ထဲမှာ မရှိတော့တာပါ"

"ကဲ. . . မြင့်မိုရ်ရဲ့ခဲဖျက်ကို ဘယ်သူယူထားသလဲ။ ယူ





ထားတဲ့လူရှိရင် ပြန်ပေးလိုက်ပါ။ ဆရာမ မကြိုက်ဘူးနော်"

ကလေးတွေက မျက်နှာငယ်လေးတွေဖြင့် ဆရာမကိုကြည့်နေပါ၏။ ဒေါ်သန္တာခင် ခုံမှထလာပြီး မြင့်မိုရ်၏ကျောပိုးအိတ်ကို အရင်ရှာသည်။ ပြီးမှ ဝင္ဘာ့အိတ်ကိုရှာရာ အိတ်အောက်ဆုံးမှ ခဲဖျက်ဘူးလေးထွက်လာလေ၏။

"ကဲ. . . ဝင္ဘာ၊ ဘာဖြစ်လို့ သူများခဲဖျက်ကိုယူရတာလဲ။ အဲဒါမကောင်းတဲ့အကျင့်စရိုက်လေ"

"ကျွန်တော်မယူပါဘူးဆရာမ"

"ဒီမှာ. . . သားအိတ်ထဲကထွက်လာတာလေ"

"ကျွန်တော် တကယ်မယူတာပါဆရာမ"

"ကဲ. . . လက်ဝါးဖြန့်"

"ရှမ်း"

ဒေါ်သန္တာခင် သိနေပါသည်။ ဤသို့မျှမရိုက်လျှင် မြင့်မိုရ်က ထိုင်ထလုပ်ထားရ၍ ဝင္ဘာ့ကိုကျေအေးပေးမည်မဟုတ်ပေ။ ဤကလေးနှစ်ယောက်ကို ဘယ်လိုလုပ်ပေးရမည်မှန်းမသိတော့။ မြင့်မိုရ်က အမြဲ. . . ဝင္ဘာ့ကိုပြဿနာရှာတတ်သလို ဝင္ဘာကလည်း မြင့်မိုရ်ကိုပြန်မလုပ်ရလျှင် မကျေနပ်နိုင်သည်ကိုး။

ဤသို့ဖြင့် အတန်းထဲမှာ အဆင့် (၁)နေရာကို အမြဲပြိုင်



www.burmeseclassic.com

www.burmeseclassic.com



လုနေခဲ့သည့် ကလေးနှစ်ဦးသည် ဒေါ်သန္တာခင့်အတန်းမှစ၍ လေးတန်းအထိ (A) ခန်းနေရာများ၌ ယှဉ်တွဲ၍ရှိနေခဲ့လေသည်။

❋ ❋ ❋



• အခန်း ( ၆ )

စတုတ္ထတန်းက မြို့နယ်စစ်ပေမို့ အခန်းလေးခန်းကို ဂရုတစိုက် စာသင်ရပေမည်။ အတန်းလေးခန်းကို ဆရာတွေခွဲချယ်၍ မဲခွဲကြလေ၏။

"(A) ခန်းကို ဆရာဦးစိန်ဝင်းပဲ့ယူပါဆရာ"

"ဟာ. . . စာအတော်ဆုံးအခန်းကိုမှ ဘာဖြစ်လို့ရှောင်ချင်ရတာလဲဆရာမ"

"ကျွန်မနဲ့ သူငယ်တန်း (A)က ဒေါ်သန္တာခင်နဲ့က သူငယ်ချင်းတွေလေဆရာရဲ့။ ဒီတော့. . . နှစ်စဉ် (A)ခန်းမှာ (၁)အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ရလာတဲ့ဇာတ်လိုက်နှစ်ယောက်ရဲ့ရာဇဝင်ကို ကြိုသိနေတာပေါ့။ မလွယ်ဘူးဆရာ. . . စာအတော်ဆုံးပေမယ့် သူတို့နှစ်ယောက်က တကယ် problem child လေးတွေပဲ"

"ဟင်းဟင်း. . . တော်တော်များဆိုးလို့လားဗျာ"

"ဆရာ့ ကြုံတော့သိမှာပါလေ"

"ရပါတယ်ဗျာ. . . ကြည့်ကြသေးတာပေါ့"

အတန်းထဲသို့ ဆရာဝင်လာတော့ ကျောင်းသားအားလုံး မတ်တတ်ရပ်၍နှုတ်ဆက်လိုက်ကြ၏။

"မင်္ဂလာပါဆရာ"

ဆရာက ထိုင်ခွင့်မပေးဘဲ အားလုံးကိုဝေ့ဝဲကြည့်နေသဖြင့် အကုန်လုံးတုတ်တုတ်မျှမလှုပ်ရဲကြချေ။

"မင်းတို့အတန်းထဲမှာ မြင့်မိုရ်နဲ့ ဝဋ္ဌာဆိုတာရှိလား"

"ဟုတ်ကဲ့. . . ရှိပါတယ်"

"ဒါဆို သူတို့နှစ်ယောက်ကလွဲပြီး ကျန်တဲ့လူတွေထိုင်နိုင်ပါပြီ"

"ကျေးဇူးတင်ပါတယ်ဆရာ"

မှုန်ကုပ်ကုပ်ကောင်လေးနှင့် ခပ်တည်တည်ကောင်လေးတို့က ရှေ့ဆုံးမှာ မတ်တတ်ရပ်၍ကျန်နေခဲ့၏။





"ကဲ. . . ပြောပါဦး. . . မင်းတို့နှစ်ယောက်ထဲမှာ ဘယ်သူက မြင့်မိုရ်လဲ. . . ဘယ်သူက ဝဋ္ဌာလဲ"

"ကျွန်တော်က မြင့်မိုရ်ပါဆရာ"

"ကျွန်တော်က ဝဋ္ဌာပါဆရာ"

"အေး. . . ဟုတ်ပြီ။ မင်းတို့နှစ်ယောက်က အမြဲမတည့်ကြဘူးဆိုတာ ဟုတ်သလား"

ကလေးနှစ်ဦး တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီး ဘာမှပြန်မပြောကြပေ။ ဆရာဦးစိန်ဝင်း စိတ်ထဲမှပြုံးလိုက်မိသည်။ ဆရာဆိုတော့. သူတို့နည်းနည်းဖြုံကြသားပဲ။

"အေး. . . နှစ်စဉ် အတန်းထဲမှာ. . . မင်းတို့နှစ်ကောင် ပြဿနာရှာတတ်မှန်း ငါသိတယ်။ ဒီနှစ်. . . ငါ့အတန်းထဲမှာတော့ ဘာပြဿနာမှဖြစ်ဖို့မကြံနဲ့။ ငါက အရင်ဆရာမတွေလို ခပ်ပျော့ပျော့မဟုတ်ဘူး၊ ပြင်းပြင်းထန်ထန်ဒဏ်ပေးမှာပဲ။ လွန်ကဲစွာဆိုးရွားလာလို့ကတော့ ကျောင်းထုတ်သည်အထိ ပြစ်ဒဏ်ပေးမယ်။ ဆရာပြောတာကိုနားလည်လား"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ထိုင်ပါ"

နည်းနည်းဖြဲခြောက်ထားတာမို့ တစ်လတိတိ သူစာသင်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည့်အချိန်မှာတော့ အကော်လေးကိုငြိမ်နေပါ၏။ သိပ်မကြာခင်မှာတော့ ဘာသာရပ်ဆရာမနှင့်အချိန်လဲရာမှ တစ်စခန်းထလာလေတော့သည်။

ပထဝီဆရာမ ဒေါ်မေမီလင်းက စာသင်အပြီးမှာ ခမ္မမိဌာန်တွေ အဖြေရွေးခိုင်း၍ စာအုပ်လာထပ်ခိုင်းလိုက်၏။ ညာဏ်ကောင်းသည့်ကလေးများမို့ ခဏအကြာမှာ စာအုပ်တွေကိုယ်စီဆရာမစားပွဲပေါ်မှာ လာထပ်ကြလေသည်။ ဟော. . . တွေ့ပါပြီ၊ စာအုပ်အဖုံးကိုလှန်ကြည့်လိုက်တော့ မောင်ဝဋ္ဌာဆိုပါလား။ ဗုဒ္ဓေါ ဂျက်တစ်ကောင်တော့ ပြဿနာစရှာလေပြီ။

"မောင်ဝဋ္ဌာ"

"ဗျာ. . . ဆရာမ"

"ဒီကိုလာဦး"

ဝဋ္ဌာက ဆရာမစားပွဲဘေးမှာ လက်ပိုက်၍ရပ်နေလိုက်ပါသည်။ ဆရာမက သူ့စာအုပ်ကို ဘေးမှာခဏထား၍ ကျန်စာအုပ်သုံးလေးအုပ်ကို အမှတ်ဆက်ခြစ်နေ၏။

"ကဲ. . . ပြောပါဦး။ မြန်မာနိုင်ငံက ဘယ်တိုက်အတွင်းမှာရှိတာလဲသား"

ဝဋ္ဌာ, ဆရာမကို မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့်





ငေးကြည့်နေလျက် နှုတ်ကဘာမှပြန်မဖြေမိ။

"ဥရောပလား. . . အာဖရိကလား, . . အာရှလား. . . အန္တာတိကလား"

"အာ. . ."

"ရဲရဲပြောလေ"

"အာ. . . အာဖရိကပါဆရာမ"

"ဟိဟိ. . ."

မြင့်မိုရ်ထံမှ ကျိတ်ရယ်သံထွက်လာသဖြင့် ဆရာမက မြင့်မိုရ်ကို စူးခနဲကြည့်လိုက်သည်။

"ဆရာမသင်ပေးတုန်းက အဲဒီလိုပဲလား"

ဝဋ္ဌာ ခေါင်းကိုငုံ့ချလိုက်သည်။ ဦးနှောက်က ချက်ချင်းမမှတ်မိ။ ခဏအကြာမှ ဆရာမအသံကို ပြန်ကြားယောင်လာမိသည်။

"ဟို. . . အာရှ. . . အာရှတိုက်ပါဆရာမ"

"ဒါဖြင့်. . . သားက ဘာဖြစ်လို့ အာဖရိကတိုက်လို့ရေးရတာလဲ"

"မေ့. . . မေ့သွားလို့ပါ"

"နောက်ကိုမမှားစေနဲ့နော်. . . ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကဲ. . . အာရှတိုက်လို့ ဆယ်ခေါက်ပြန်ရေးပြီး ဆရာမကိုပြန်လာပြပါ"

"ဟုတ်ကဲ့ပါဆရာမ"

ဝဠ္ဍာ,စာအုပ်ကိုပြန်ယူလာပြီး နေရာမှာပြန်ထိုင်ကာ အာရှတိုက်ကို ဆယ်ခါပြန်ရေးနေတော့သည်။ ဒေါ်မေမီလင်း, မြင့်မိုရ်စာအုပ်ကိုစစ်စဉ် ခဲဖျက်နှင့်ပြန်ဖျက်ပြီးမှ ပြင်ရေးထားသည့်အဖြေကို တွေ့လိုက်ရလေ၏။ ဒါဆို အမှားကိုခိုးကူးခိုင်းပြီးမှ မြင့်မိုရ်ကအမှန်ကိုပြန်ရေးလိုက်တာမှန်း သိလိုက်ပေပြီ။ ကြည့်စမ်း. . . တော်တော်လည်တဲ့ချာတိတ်ပါလား။

"မြင့်မိုရ်. . . ခဏလာဦး"

မြင့်မိုရ်, ဆရာမနံဘေးရောက်လာတော့ ဆရာမ, သူ့ကိုစူးစူးစိုက်စိုက်ငုံ့ကြည့်လိုက်သည်။

"သား. . . ဝဠ္ဍာ့ကိုအဖြေပြောပြတယ်မဟုတ်လား"

"ဟင့်အင်း. . . မပြောပြပါဘူးဆရာမ။ သူ့ဟာသူခိုးကြည့်တာပါ"

"နောက်ကို မှားမှားမှန်မှန်သူ့ဟာသူဖြေပါစေ,သား။ သားပြစရာမလိုဘူးနော်. . . ကြားလား"





"ဟုတ်ကဲ့"

အဲဒီနေ့ အိမ်ပြန်ရောက်ချိန်မှာ ဝဠ္ဍာက သူ့ညာလက်ဖဝါးကို ပေတံဖြင့်ဆယ်ချက်ရိုက်အပြီး ပုံဆွဲစာအုပ်မှာ စာလုံးလေးတွေကို ချရေးလိုက်ပါသည်။

"သူများပြောတာကိုလိုက်ရေးမိတဲ့အတွက်. . . တုတ်ဒဏ်ဆယ်ချက်"

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဒီနေ့ အသင်းလိုက် ဘောလုံးကန်ရသည့်နေ့ဖြစ်၏။ ဝဋ္ဌာက အဝါအသင်းခေါင်းဆောင်ဖြစ်၏။ မြင့်မိုရ်က အနီအသင်း၏ခေါင်းဆောင်၊ ဝါသနာအလိုက် ဘာသာရပ်တွေခွဲလိုက်စဉ် သူတို့နှစ်ဦးက ဘောလုံးအားကစားကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။ အတန်းထဲမှ အသင်းလိုက်,သုံးဦးစီသာပါပြီး ကျန်လူများက တခြားအခန်းမှဖြစ်၏။ အားကစားဝတ်စုံကိုယ်စီနှင့်မို့ ကလေးတွေ မြောက်ကြွမြောက်ကြွဖြစ်နေလေသည်။

"ရှီး . . "



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးစိန်ဝင်း၏ဝီစီသံကြောင့် အသင်းလေးသင်းစလုံး ကွင်းလယ်မှာ ရပ်လိုက်ကြသည်။

"ကဲ. . . အခုက အစိမ်းအသင်းနဲ့ အဝါအသင်း အရင်စ ကန်ရမယ်။ ပြီးရင် အနီနဲ့အပြာ။ အဲဒီကနိုင်တဲ့နှစ်သင်းက ဗိုလ်လု ရမယ်။ ကဲ. . . အနီနဲ့အပြာအသင်းက ဘေးထွက်ပါ။ အစိမ်းနဲ့ အဝါအသင်း. . . လာ. . . ဘောလုံးအရင်ရမယ့်အသင်းအတွက် ပန်း,ခေါင်းလုမယ်။ ဘယ်အသင်း. . . ဘာယူမလဲ"

"ကျွန်တော်တို့ ပန်းယူမယ်ဆရာ"

"ကဲ. . . ဝေယံတို့အသင်းက ခေါင်းပေါ့. . . လှန်ပြီ"

"ချွင်"

"ဖတ်"

"ကဲ. . . ပန်း. . . ဝဠာတို့အသင်းက ဘောလုံးအရင် စ, ကန်ရမယ်. . . စပြီ. . . ရွှီ"

ဆယ့်ငါးမိနစ်အတွင်းမှာပင် ဝဠာတို့အသင်းက အစိမ်း အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်နိုင်၏။ နောက်တစ်ပွဲမှာ အနီအသင်း က အပြာအသင်းကို တစ်ဂိုး,သုညဖြင့်နိုင်လေသည်။

"ကဲ. . . မနက်ဖြန်မှ အနီနဲ့အဝါ ထပ်ကန်ရမယ်။ ဒီနေ့ တော့ဒီလောက်ပဲ။ နားကြတော့"





စနေနေ့ကျောင်းပိတ်ရက်မို့ ညနေမှာ လာကြိုသည့်ကား ပေါ်တက်လိုက်စဉ် တစ်ဖက်ကားပေါ်တက်သွားသည့် မြင့်မိုရ်ထံမှ အသံထွက်လာ၏။

"ဟေ့. . . မှူကြီး၊ မနက်ဖြန် နိုင်အောင်ကန်နော်။ ငါက ညာမှာမဟုတ်ဘူး"

သူ့ မြင့်မိုရ်ကို ပေစောင်းစောင်းကြည့်လိုက်ပြီး ဘာမှပြန် မပြောတော့ပေ။ အိမ်ကိုပြန်ရောက်တော့ ဖေဖေ့ညီမဝမ်းကွဲဒေါ် မာလာထွေးရောက်နေလေ၏။

"ဟယ်! သားလေးပြန်လာပြီ။ လာ. . . သား၊ ဒီမှာ ဘယ် သူလဲကြည့်ပါဦး"

"တီတီထွေး"

"ဟော. . . သားကမှတ်မိသားပဲ။ လာပါဦး. . . ဘောလုံး သွားကန်ရတာလား. . . သားတို့နိုင်ရဲ့လား"

"ဟုတ်ကဲ့တီတီ. . . သားတို့က နှစ်ဂိုးနဲ့နိုင်တာ။ ချွန်တွန်း တို့က တစ်ဂိုးနဲ့နိုင်တယ်။ မနက်ဖြန် သူတို့နဲ့သားတို့ကန်ရမှာ"

"ချွန်တွန်းဆိုတာ ဘယ်သူလဲသားရဲ့"

"ရှေ့ခြံက မြင့်မိုရ်လေ"

"ဟောတော့. . . မြင့်မိုရ်ကို ဘယ့်နှယ့်ချွန်တွန်းလို့ခေါ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ, သားရယ်"

"သူက အမြဲချွန်တတ်လို့ပေါ့ တီတီရဲ့။ ပြီးတော့ သားကို မုန့်ကြီးလို့ လိုက်လိုက်ခေါ်တယ်"

"အဲဒါပဲကြည့်အထွေးရယ်. . . လူကြီးတွေက ဘယ်လိုပဲ အမြွာညီအစ်ကိုလိုသဘောထားခိုင်း. . . သူတို့နှစ်ယောက်ကတော့ ရန်သူတွေလိုပဲမှတ်ထားကြတာ။ ဘယ်တော့မှ ပြေလည်တယ်မရှိပါဘူး။ နီနီရေ. . . သားလေးကို ရေချိုးပေးကွယ်။ ရေအရင်တိုက်လိုက်ဦး"

"ဟုတ်ကဲ့ပါမာမီ"

သူရေချိုးပြီးတော့ တီရှပ်အဖြူပေါ်မှာ ကြိုးသိုင်းဘောင်းဘီဝတ်လိုက်၏။ နီနီက သူ့ခေါင်းကို အုန်းဆီရွှဲရွှဲလေး လူးပေးပါသည်။ အမွှေးနံ့သာမကြိုက်သူမို့ ဘယ်ခေါင်းလိမ်းဆီ၊ ဘယ်ပေါင်ဒါကိုမှ သူ့အတွက်မသုံးပေ။

အောက်ထပ်ကိုဆင်းလာတော့ အလယ်ခန်းမှာ ဆံရစ်ဝိုင်းလေးနှင့်ကောင်မလေးတစ်ယောက် ရပ်နေလေ၏။ ဂါဝန်အဝါလေးဝတ်ထားပြီး လက်ထဲမှာက သူ့ရဲ့ခွေးသံပတ်ရုပ်ဘူးလေးကို ကိုင်ထားလေသည်။

"ဟာ! အဲဒါသားအရုပ်လေ, နီနီ။ ပြန်တောင်းပေး. . .





သူဘယ်သူလဲ"

"အဲဒါ အန်တီထွေးသမီး. . . သားလေးရဲ့"

"အာ. . . တီတို့မှာ ဘာသမီးမှမရှိဘဲနဲ့။ တီတီ. . . တီတီရေ"

သူ့ ဧည့်ခန်းဘက်ပြန်ထွက်လာတော့ တီတို့ဘေးမှာ ဦးဦးကျော်ဇေကိုပါ တွေ့ရလေသည်။

"ဟော. . . ကြည့်စမ်း! သားကြီးတောင် တော်တော်ထွားနေပြီပဲ။ လာပါဦး. . . သားရဲ့။ ဦးဦးဆီကို"

"ဦးဦး. . . ဟိုကောင်မလေးက ဘယ်ကလဲ။ တီတို့မှာ. . . ကလေးလည်းမရှိဘဲနဲ့"

"ဟယ်. . . သားလေး, အဲဒီလိုမပြောရဘူးလေ။ ညီမလေးကြားသွားမှာပေါ့"

"ဒီလိုသားရဲ့. . . ညီမလေးရဲ့ဖေဖေက ပိုးထိ. . . အဲ. . . မြွေကိုက်ခံရပြီးသေသွားတော့၊ သူ့အမေပါ စိတ်မကောင်းဖြစ်ပြီး သေပြန်ရော။ အဲဒါနဲ့သနားလို့ ဦးဦးနဲ့တီတီက မွေးစားဖို့ခေါ်လာခဲ့တာ"

"ဒါဆို မွေးစားသမီးပေါ့"

"ဒါပေါ့. . . ဒါပေမဲ့ ဒါ့သားရဲ့ညီမလေးပဲ။ ညီမလေးလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရမယ်နော်"

ဧည့်ခန်းထဲသို့ရောက်လာသည့် ကောင်မလေးလက်ထဲမှ အရုပ်ဘူးကို နီနီက ချော့တောင်းနေသော်လည်း ကောင်မလေးက မပေးဘဲ အတင်းပြန်လုနေလေ၏။

"ဟင့်အင်း. . . ဟင့်အင်း. . . ပုံ့ဟာ. . . ပေးဘူး"

ငှက်ပျောသီးကိုက်လက်စနှင့်မို့ အရုပ်ဘူးကိုလုနေသဖြင့် အရုပ်ဘူးမှာပါ ပေကျံကုန်လေ၏။

"နီနီ. . . မယူနဲ့တော့။ သားမလိုချင်တော့ဘူး"

ကောင်မလေးက မျက်လုံးဝိုင်းကြီးများဖြင့် သူ့ကိုမော့ကြည့်လာ၏။ ပါးစပ်မှာရော ပါးတွေမှာပါ ငှက်ပျောသီးတွေပေနေသဖြင့် သူ့ရွံလည်းရွံ၊ ရယ်လည်းရယ်ချင်သွားရသည်။

"ညစ်ပတ်လိုက်တာ. . . Very dirty"

"ညီမလေးက ငယ်သေးတာကိုးသားရဲ့"

"နီနီ. . . သွားဆေးပေးလိုက်လေ။ ပြီးမှ သားအရုပ်ကို သံပတ်ပေးပြီးတော့ဆော့ခိုင်း"

ကောင်မလေး သန့်ရှင်းရေးလုပ်ပြီး ပြန်ထွက်လာတော့ ကြမ်းပြင်မှာ ခွေးရုပ်လေးက ဗုံတီး၍ပြေးနေလေပြီ။ ကောင်မလေးက သဘောတကျဖြင့် ဟက်ဟက်ပက်ပက်ရယ်လိုက်လေ၏။ ခွက်





ခနဲပေါ်သွားသည့်ပါးချိုင့်လေးက သူမကို ပို၍ချစ်စဖွယ်လေးဖြစ်စေလေသည်။

"သူ့နာမည်ဘယ်သူလဲဟင်. . . ဦးဦး"

"ဂွမ်းပုံတဲ့"

"ဟင်. . . တောနာမည်ကြီး"

"ဟုတ်တယ်သားရဲ့၊ နောက်မှ တီတီတို့ နာမည်လှလှ လေးပေးမှာပေါ့။ လာ. . . မီးမီး, ကိုကို့ကို ကိုကြီးလို့ခေါ်ရမယ်နော်"

"တိုကြီး"

"ဟာ. . . ကိုကြီးပါကွ။ နင်လုပ်မှပဲ ငါ့မှာဟုရတော့တယ်"

လူကြီးတွေနှင့်အတူ သူပါရောရယ်လိုက်မိသည်။ ထမင်းစားတော့ ထမင်းဝိုင်းမှာ သူမ,မပါဝင်ပါချေ။

"မေ. . . ပုံပုံ့ကိုရော မကျွေးဘူးလား"

"သူကငယ်သေးတယ်လေ, သားရဲ့။ ဒီလိုဘယ်စားတတ်ဦးမှာလဲ။ နီနီ ခွံ့ကျွေးလိမ့်မယ်"

"တီတီတို့ ဒီမှာပဲနေမှာလားဟင်"

"နှစ်ရက်သုံးရက်ပဲနေမှာ, သားရဲ့။ ပြီးရင် တီတီတို့ဝယ်ထားတဲ့အိမ်လေးကိုပြောင်းမှာ။ ဘာဖြစ်လို့လဲ. . ."

"မေ. . . ပုံပုံ့ကို သားမဆော့တော့တဲ့အရုပ်တွေ ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်"

"ကြည့်စမ်း . . . မေမေ့သားက ညီမလေးကိုချစ်တယ်ပေါ့ ဟုတ်လား"

"ဟင် . . . မချစ်ပါဘူး၊ ညစ်ပတ်အိုးလေးကို . . .။ သားက သနားလို့ပေးတာပါမေရဲ့"

အဲဒီနေ့ည သူ့စာအုပ်ထဲမှာ စာတစ်ကြောင်းတိုးလာလေ၏။

"ဂွမ်းပုံတဲ့ . . . ညစ်ညစ်ပတ်ပတ်ကောင်မလေးကို ညီမလေးတော်ရပြီ။ ငါမချစ်ချင်ပါဘူး . . ."

❀ ❀ ❀



## အခန်း ( ၈ )

အနီအသင်းမှကလေးများက ကစားတာကြမ်းနေသဖြင့် ဆရာဦးစိန်ဝင်း သတိထားနေရ၏။ ဒီကြားထဲ သူ့အတန်းမှ fighter နှစ်ကောင်ကလည်းပါနေတာမို့ ပိုဂရုစိုက်နေရလေသည်။

နှစ်ယောက်စလုံးကလည်း ခေါင်းဆောင်၊ ရှေ့တန်းတိုက်စစ်မှူးနေရာမှာကစားတာမို့ ခဏခဏငြိကြ၏။

"ရှီ"

"မြင့်မိုရ်. . . မတွန်းရဘူးလေ"

ခြေတူကြသည်မို့ နှစ်ဂိုးကိုယ်စီဖြင့်သရေကျလုချိန်၊ ဝဋ္ဌာ



www.burmeseclassic.com

www.burmeseclassic.com



ခြေခေါက်၍လဲကျသည်ကို ဘောလုံးလုရင်း မြင့်မိုရ်က တက်နင်းမိလေ၏။

"ဟာ! "

"အား. . . နာတယ်. . . နာတယ်"

ဆရာတွေရော ဆရာမတွေပါ ပျာယာခတ်ကုန်၏။ မြင့်မိုရ်က ဝဠ္ဍကိုပြန်မကြည့်ဘဲ ဘောလုံးကို ဂိုးထဲပစ်ကန်သွင်းလိုက်သည်။

"ဂိုး"

"ဟေး. . . အနိုင်အသင်းကွ"

ဆရာဦးစိန်ဝင်း ဝဠ္ဍကိုပြေးပွေ့လိုက်၏။ လက်ကျိုးပြီထင်ပါရဲ့။

"လေးဘီးငှားပေးပါ. . . ဆေးရုံကိုအမြန်သွားမှ"

"သူ့မိဘတွေကိုအရင်ဖုန်းဆက်ရင် ကောင်းမယ်ထင်တယ်ဆရာရဲ့"

"မဖြစ်ဘူး. . . ကလေး ဒီလောက်နာနေတာ။ ဆေးရုံကိုသာ လိုက်လာခိုင်းပါဆရာမ။ ကျွန်တော်သွားနှင့်မြို"

ဆေးရုံသို့ ဒေါ်စပယ်သင်းရောက်လာတော့ သားဖြစ်သူလက်မှာ P.O.P ကိုင်ပြီးနေလေပြီ။





"ကစားရင်းနဲ့ဖြစ်တာမို့ ဟိုဒီမတိုင်ပါနဲ့ဗျာ. . . ကျွန်တော်တောင်းပန်ပါတယ်"

"ဟုတ်ကဲ့ပါဆရာ. . . ဒီလောက်တော့ ကျွန်မနားလည်ပါတယ်။ သားကို ကျွန်မပြန်ခေါ်သွားတော့မယ်နော်။ ဆရာဝန်ကြီးတွေကိုကျေးဇူးတင်ပါတယ်"

"မေ့"

"သားသိပ်နာနေသလား။ ပျောက်သွားမှာပါ သားရယ်၊ ယောက်ျားပဲ. . . တောင့်ထား။ သားပဲ ဘောလုံးဝါသနာပါတယ်ဆို။ ဒီလောက်တော့ တစ်ခါတစ်ရံနာမှာပေါ့။ ဆရာရေ. . . ခွင့်ပြုပါဦး"

"ဩော်. . . ဟုတ်ကဲ့ပါခင်ဗျာ"

အိမ်ကိုပြန်ရောက်တော့ မေမေ့ရင်ခွင်ထဲမှာ တရှုပ်ရှုပ်နှင့်ငိုနေသည့်သူ့ကို သူမက မျက်လုံးလေးအပြူးသားဖြင့်လာငေးနေလေ၏။

"တိတ်ပါသားရယ်. . . သားအကြိုက် မေမေပူတင်းဖုတ်ပေးမယ်။ ဒီမှာခဏထိုင်ဦးနော်။ နီနီရေ. . . "

"ရှင်. . . မာမီ"

"ဒီမှာ. . . သားနားမှာ ခဏလာစောင့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မေမေထွက်သွားတော့ ဂွမ်းပုံက သူ့ပတ်တီးကိုလာကိုင်လေ၏။

"အား...မကိုင်နဲ့လေ...နာတယ်ဟ"

"အင့်...အီး...ဟီး...ဟီး"

"ဟယ်...ပုံလေး ဘာဖြစ်လဲ"

"ကိုကြီး...ကိုကြီးအော်တယ်...ပုံ့ကိုအော်တယ်"

"ဟုတ်လား...အေး အေး...နီနီ ကိုကြီးကိုရိုက်လိုက်မယ်နော်...တိတ်တိတ်"

"အီး...မေမေ့ကိုသွားတိုင်မယ်...အီး"

"အံမာ...သူကလည်း လာလုပ်သေးတယ်၊ သူကပဲ တိုင်ဦးမယ်...ငလယ်မမိပုံ"

"အား...ကြောကျန်ပြီ...နီနီရိုက်"

"အေးအေး...နီနီရိုက်လိုက်ပြီ။ တိတ်တိတ်...ပုံလေး"

ဂွမ်းပုံက မေမေရှိရာ မီးဖိုခန်းထဲလိုက်ဝင်သွားသဖြင့် သူငိုနေတာကိုရပ်လိုက်ပြီး နီနီ့ကိုမျက်စောင်းခဲလိုက်၏။

"နီနီနော်...ပုံပုံရောက်လာတာနဲ့ သားကိုမချစ်တော့ဘူး"





"အမယ်လေးသားရယ်...သားလေးသာ နီနီ့အသည်းသိလား။ သားလေးကို ပိစိလေးကတည်းက မာမီနဲ့အတူတူ နီနီ ဝိုင်းထိန်းလာခဲ့တာ။ သားလေး အီးအီးဝတ်ကအစ နီနီလျှော်ပေးခဲ့တာပါရှင်"

"အာ...နီနီမညစ်ပတ်နဲ့ကွာ"

နီနီက သဘောတကျဖြင့် သူ့ခေါင်းလေးကို အသာပုတ်လိုက်ရင်း ရယ်နေလေ၏။ ခဏအကြာ မေမေ့လက်ကိုဆွဲ၍ထွက်လာသည့်ဂွမ်းပုံက သူ့ကိုလက်ညှိုးညွှန်ပြလိုက်လေသည်။

"ဩော်...ကိုကြီးလုပ်တာလား။ အေး...မေမေရိုက်လိုက်မယ်နော် သမီးလေး။ကဲ...တိတ်ပါတော့၊ ကြည့်ပါဦး...မျက်ရည်တွေလည်းရွှဲလို့...ရွှတ်"

"အာ...မေ dirty"

သူအော်ဟစ်လိုက်တော့ မေမေက သူ့ကိုပါလာဖက်၍မွှေးလိုက်သဖြင့် သူတွန့်လိမ်နေတော့သည်။

"နီနီ..သားကိုမျက်နှာသစ်ပေး၊ မေလည်း မျက်နှာသစ်။ ဟိုဟာလေးလည်း သစ်ပေးဦး။ အား...ညစ်ပတ်တယ်"

"အမယ်လေး...ကိုဖိုးသန့်က တစ်မျိုးဟဲ့"

တီတီတို့ပြန်လာတော့ ငလယ်မက တတွတ်တွတ်ဖြင့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



တိုင်နေ၍ သူ့လက်သီးထောင်ပြလိုက်ပါသည်။

"သားနော်"

"တီတို့သမီးက လေယ်ပဲ"

"ဩော်. . . ငယ်သေးတာကိုးသားရယ်။ ခွင့်လွှတ်လိုက်ပါ"

နီနီက သူ့အတွက် ထမင်းနယ်လာပြီး ခွံ့ကျွေးတော့ ဂွမ်းပုံက အနားသို့ဟိုယောင်ဒီယောင်နှင့်ရောက်လာပြီး နီနီ့အင်္ကျီကို လှမ်းဆွဲလိုက်လေသည်။

"ဩော်. . . ပုံလေးရော ဆာနေပြီလား။ နီနီကျွေးမှာပေါ့"

"နီနီ သူ့ကိုသပ်သပ်ကျွေးနော်၊ သားပန်းကန်ထဲက မကျွေးနဲ့။ သွားရည်တွေနဲ့သိပ်ညစ်ပတ်တာပဲ. . . သွား. . . သွား. . ."

"ဟေ. . . ငါ့သားကတော့ မလွယ်ပါလားဟေ့။ ခုကတည်းက အသန့်တယ်ကြိုက်သကိုး"

"ဖေ့. . . တီတို့ကိုလာခေါ်ခိုင်းလိုက်။ သားရှိတယ်"

"အေးပါ. . . အေးပါ"

"ဖေ့. . . မချီနဲ့လေ. . . အာ. . . ငါ့လာမကိုင်နဲ့မိပုံ။ ညစ်ပတ်မ။ တီတီရေ. . ."

"ဟဲ့. . . လာပါပြီတော်။ တကတည်းဖြစ်နေလိုက်တာ"





"ဖေ့. . . မုန့်မုန့်"

"ပါပ့်ဗျာ. . . ရော့ရော့"

ဖေဖေက သူ့မလက်ထဲသို့ ချောကလက်တစ်တောင့်ထည့်ပေးလိုက်လေ၏။ သူ မကျေမနပ်ဖြင့်ထအော်လိုက်သည်။

"ဖေ့. . . သားကိုအရင်ကျွေးရမှာလေ။ ဒီဟာစလေးကိုပဲ ပိုချစ်နေကြတာပဲ။ ဖေနဲ့မေကိုလည်း. . . သားခေါ်သလိုလိုက်ခေါ်တယ်၊ သားမကြိုက်ဘူး။ သူ့အဖေအမေလည်းမဟုတ်ဘဲနဲ့"

"ဩော်. . . သားရယ်၊ ခေါ်ပါစေ။ သူ့အဖေအမေကို ပါပါမာမာခေါ်တော့ ဖေဖေမေမေမှ သူမခေါ်ဖူးတဲ့ဟာ. . . သားရဲ့"

"မရဘူး. . . သားဖေနဲ့မေကို လာလုနေသလိုပဲ။ မခေါ်ခိုင်းနဲ့လေ"

"ကဲ. . . မပြောချင်တော့ပါဘူးကိုကိုရယ်။ ကိုကို့သားတော့ မလွယ်ပါဘူး"

"သားရေ. . . ဒါဆိုရင် ညီမလေးကို မေမေ, မြင့်မိုရ်ဆီ အံပိုင်သွားပေးလိုက်မယ်လေ. . . ဘယ်လိုလဲ"

သူ တစ်ချက်တွေသွား၏။ လူကြီးတွေက သူ့ဘာပြန်ဖြေမလဲ စောင့်ကြည့်နေကြလေသည်။

"ဟင့်အင်း. . . မပေးပါနဲ့။ ချွန်တွန်း အနိုင်ကျင့်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့။ ညီမလေးသနားပါတယ်"

"ဟော. . . ဒါကျတစ်မျိုး။ သူပဲ အမျိုးမျိုးတတ်နိုင်တယ်"

ကောင်မလေးက ချောကလက်တောင့်ကို သူ့ဆီကမ်းပေးလိုက်တော့ သူခေါင်းခါပြလိုက်ပါ၏။

"ကြည့်စမ်း. . . သူ့အစ်ကိုကျတော့ချစ်သား"

အဲဒီနေ့ည သူ့စာအုပ်မှာရေးထားသည့်စာတမ်းလေးကတော့. . .

"ချွန်တွန်း. . . ငါ့လက်ကျိုးသလို မင်းလည်း တစ်နေ့ပြန်ကျိုးစေရမယ်"

❀ ❀ ❀



အခန်း ( ၉ )

နီနီနှင့်သူ၊ စတိုခန်းထဲမှ အရုပ်ပုံကြီးယူလာကာ အရုပ်အကောင်းတွေရွေးနေ၏။ သစ်သားနှင့်လုပ်ထားသည့် နွားလှည်းလေးကိုမြင်တော့ သူယူလိုက်သည်။ တောသူမလေးက ဒါတော့ ကြိုက်မှာပါပဲ။ စက္ကူပုံးထဲ အရုပ်တွေထည့်နေစဉ် အခန်းထဲမှတီတီနှင့် သူမထွက်လာ၏။

"တီတီ. . . ဒီမှာ ပုံပုံ့အတွက် သားအရုပ်တွေထည့်ပေးလိုက်မယ်"

"အေး. . . သား. . . ကျေးဇူးပါပဲတော်။ အရုပ်တွေက



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါလား။ သားလေးက သဘောကောင်းလိုက်တာ။ တွေ့လားသမီး။ သမီးကိုကြီးက သမီးကို ဘယ်လောက်ချစ်လိုက်သလဲ။ ရှပ်ရှပ်တွေ အများကြီးပေးတယ်"

"ရော့. . . လာယူလေ"

ဝှမ်းပုံက သူ့မျက်နှာကိုမော့ကြည့်နေရင်း တီတီ့ဘက်ကို ငိုမဲ့မဲ့လေးလှည့်သွားလေ၏။

"မငိုရဘူးလေသမီးရဲ့. . . ဩော်. . . သား ဟိုနေ့ကအော်ထားလို့ သူလန့်သွားတာသားရဲ့"

"ကိုကြီးမအော်တော့ပါဘူး ညီမလေးရဲ့. . . လာယူ"

သူမက တွန့်ဆုတ်တွန့်ဆုတ်ဖြင့် သူ့လက်ထဲမှ နွားလှည်းလေးကိုလာယူလေ၏။ မျက်နှာထက်, သနပ်ခါးပါးကွက်က သင်းသင်းလေးမွှေးနေသလို ဆံပင်ရှည်တွေက ထုံးစံအတိုင်း ဆံရစ်ဝိုင်းပုံ့ပုံ့ပင်။

"ကဲ. . . ကျေးဇူးပါကိုကြီးလို့ပြောလိုက်လေသမီး"

"ကျေးဂျူးတိုကြီး"

ကားပေါ်ကိုတက်တော့ အိမ်ပေါက်ဝမှာ သူအသာငေးနေ၏။ ဦးဦးက သူမကိုတီးတိုးဘာပြောလိုက်သည်မသိ။ သူ့ထံပြေးလာကာ သူ့လက်ကိုဆွဲလိုက်လေသည်။ သူက သူမဘာပြောချင်မှန်း





မသိသဖြင့် သူမမျက်နှာအနားသို့ကပ်လိုက်စဉ် သူမက ခြေဖျားလေးထောက်၍ သူ့မေးဖျားကိုမွှေးလိုက်လေသည်။

လူကြီးတွေဝိုင်းရယ်လိုက်စဉ် သူက သူမပါးကွက်နေရာလေးကို ပြန်ငုံ့မွှေးလိုက်ပါသည်။ သူမပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်တော့ ထိုပါးချိုင့်လေးကို လက်ညှိုးလေးဖြင့် အသာထောက်လိုက်မိ၏။

"အထွေးရယ်. . . ကလေးနဲ့ဆံပင်ရှည်နဲ့ မလိုက်လိုက်တာ ညှပ်ပေးလိုက်ဦး"

"မရဘူးမမရေ. . . ဆံပင်ညှပ်မယ်ပြောလိုက်တာနဲ့ မျက်ရည်တွေက ဘူးသီးလုံးလောက်ကျလာရော"

"အေး. . . ဟုတ်တယ်၊ ကိုကိုလည်း သတိထားမိသား။ ပုံပုံ့မျက်ရည်ပေါက်တွေက. သူများထက်ပိုကြီးသလိုပဲ။ အတော်ငိုနိုင်တဲ့ကလေးမ"

"အထွေးတို့လည်း နယ်ကပြောင်းလာပြီပဲ။ မကြာမကြာလာလာလည်ကြနော်။ မမကတော့ မအားလို့လာဖြစ်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါမမ. . . ထွေးလာပါ့မယ်။ သွားပြီနော်. . . သားလေးရေ. . . တာ့တာ"

"တာ့တာ တီတီ"



www.burmeseclassic.com

www.burmeseclassic.com



"တိုကြီး. . . တာ့တာ"

"တာ့တာ. . . ညီမလေးပုံပုံ"

အဲဒီနေ့မှစ၍ ဝွမ်းပုံဟုခေါ်သည့်မိန်းကလေးသည် သူ့ဘဝမှာ မှေးမှိန်စွာပျောက်ကွယ်သွားရလေ၏။ သူတို့အိမ်ကို တီတီမကြာခဏလာလည်တတ်ပါသော်လည်း သူမ,ပါမလာတတ်ပါချေ။ သူကလည်း နဂိုကတည်းက ခပ်အေးအေးပဲမို့ သေချာမမေးမိခဲ့။ ချွန်တွန်းနှင့်သာ တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက် ယှဉ်ပြိုင်လျက် အနိုင်ရရန်သာ ကြိုးပမ်းခဲ့ရလေ၏။

စာမေးပွဲဖြေပြီး ကျောင်းဆယ်ရက်ပိတ်နေစဉ်အတွင်းမို့ ပတ်တီးတန်းလန်းဖြင့် ဆော့ခွင့်မရချေ။ စိတ်ထဲမှာ ချွန်တွန်းကိုသာ ကျိန်ဆဲနေမိ၏။ ခြံထဲက ဒန်းပေါ်မှာ မှုန်ကုပ်ကုပ်ထိုင်နေစဉ် မြင့်မိုရ်နှင့် အန်တီနှင်းဆီက ခြံထဲသို့ဝင်လာလေသည်။

"သားလေးဝဠာ. . . လက်သက်သာရဲ့လား,သား"

"နည်းနည်းတော့ နာနေသေးတယ်အန်တီ"

"ဩော်. . . ထပ်ပြီးချော်မလဲစေနဲ့ဦးနော်။ သားမေမေရော. . ."

"အိမ်ထဲမှာပါ"

"အေးအေး. . . အန်တီသွားလိုက်ဦးမယ်"





အန်တီနှင်းဆီသွေး အိမ်ထဲဝင်သွားတော့ မြင့်မိုရ်က သူ့ကိုလက်ပိုက်လျက် ပြုံးစိစိကြည့်နေလေ၏။

"ဟော့. . . မှုန်ကြီး။ အနီအသင်းနိုင်နိုင်. . . အဝါအသင်းရှုံးရှုံး. . . ဟားဟားဟား. . . မင်း, ငါ့ကိုမယှဉ်နိုင်ပါဘူးဝဠာရာ"

"ငါချော်လဲသွားလို့ပါချွန်တွန်းရာ. . . တစ်နေ့နေ့တော့ မင်းနဲ့ငါတွေ့ကြဦးမှာပါ။ အဲဒီအခါ ဝဠာရေ. . . ကြောက်ပါပြီလို့ မအော်နဲ့ပေါ့ကွာ"

"ဟာဟ. . . မင်းကပဲပြောရတယ်ရှိသေး။ ကျွတ်. . . ကျွတ်. . . လက်မှာ ပတ်တီးလေးနဲ့သနားစရာလေးပါလား"

"အေး. . . ငါမှတ်ထားတယ်မြင့်မိုရ်။ မင်း တစ်နေ့ပြန်ခံရမှာပဲ. . . စောင့်ကြည့်ပေါ့"

"ဘယ်နှနှစ်လဲ. . . သုံးလေးငါးဆယ်နှစ်လား. . . ဟီဟိ"

"ချွန်တွန်းနော်. . . ငါ့ကိုဒေါသထွက်အောင်လာမလုပ်နဲ့"

"ဘာလဲ. . . အကျိုးက ထပ်ကျိုးချင်လို့လား"

"မြင့်မိုရ်"

သူ့အော်သံကြောင့် အိမ်ထဲမှလူကြီးတွေ ပြေးထွက်လာစဉ် သူ ဆတ်ခနဲ ခဲလုံးကိုကောက်၍ထုထည့်လိုက်သည်။ မြင့်မိုရ်နဖူးမှသွေးတွေ ဖြာခနဲစီးကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! သား"

"အမယ်လေး. . . သားဘယ်လိုလုပ်လိုက်တာလဲ။ မတော် မျက်လုံးထိသွားမှဖြင့်. . . နှင်းရေ့ အိမ်ထဲခေါ်ပါဦး"

"မခေါ်နဲ့. . . သူ့အိမ်သူပြန်ပါစေမေ။ သားအိမ်ထဲမဝင်ရဘူး"

"ဟဲ့. . . သား"

"ရတယ်စံပယ်ရေ. . . အိမ်ပဲခေါ်သွားတော့မယ်"

"စံပယ်တောင်းပန်ပါတယ်နှင်းရယ်"

"ဟင့်အင်း. . . မတောင်းပန်နဲ့ မေ. . . သူက သားလက်ကိုကျိုးအောင်တောင်လုပ်ပြီးပြီ။ သားလုပ်တာက ခေါင်းပေါက်ရုံပဲရှိသေးတာ။ မကျိုးသေးဘူး. . . သားမကျေသေးဘူး"

"အေး. . . မင်းကိုလည်း ငါမကျေဘူးကွ"

"ဟဲ့. . . ဩော်. . . ဒီကလေးနှစ်ယောက်ဟာလေ. . . ကဲ. . . နီနီရေ၊ သားကိုခေါ်ပါကွယ်"

နီနီ့လက်ပေါ်မှ ဝဋ္ဋာရော၊ ဒေါ်နှင်းဆီသွေးလက်ထဲမှ မြင့်မိုရ်ပါ တစ်ယောက်ကိုတစ်ယောက် စူးရဲစွာစိုက်ကြည့်နေကြ၏။ မိခင်နှစ်ဦးစလုံးမှာ သားနှစ်ယောက်၏မျက်လုံးစိမ်းတွေကို တအံ့တဩဖြင့် စက္ကန့်ပိုင်းမျှငေးကြည့်နေမိကြ၏။





"နှင်းရေ. . . ဆရာဝန်ခေါ်ပြဦးနော်"

"ရတယ်စံပယ်. . . နှင်းသွားပြီ"

"ဝဋ္ဋာ. . . ငါမှတ်ထားတယ်"

"အေး. . . ငါ၊ မင်းကိုဘယ်တော့မှမကျေဘူး"

တိုက်ထဲသို့ဝင်လာရာမှ နောက်ပြန်လှည့်အော်လိုက်၏။ နီနီက သူ့ကို ရေဘူးထဲမှရေငွဲ့တိုက်လိုက်သော်လည်း ဒေါသကလုံးဝမပြေနိုင်သေး။

"သိလားနီနီ. . . သားကို သူအနိုင်ကျင့်ပေါင်းများပြီ"

"သိတယ်. . . နီနီသိတာပေါ့"

"သူ့ကို သားလုံးဝမကျေနပ်ဘူး. . . သူ့ကြောင့် ကျောင်းမှာ ခဏခဏအဆူခံအရိုက်ခံရတယ်။ ဟိုတစ်နေ့ကလည်း ဆရာ့အခ်ချိန်မှာ သားစကားများတယ်ဆိုပြီး သူ့သွားချွန်လို့ အလံတိုင်ရှေ့မှာ ဒူးထောက်ခဲ့ရသေးတယ်။ သူ့ကိုသိပ်မုန်းတယ်။ အရမ်းမုန်းဖို့ကောင်းတာပဲ"

"အေး. . . ဟုတ်တယ်။ နီနီလည်း သူ့ကိုမုန်းတယ်"

"နီနီရယ်. . . ကလေးကို စိတ်ပြေအောင်မချော့ဘဲ ဘယ့်နှယ့်မြှောက်ပေးနေရတာလဲ"

"မာမီရယ်. . . နီနီ့မျက်စိရှေ့မှာတင် သူအနိုင်ကျင့်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခဏခဏမြင်ရတာပါ။ သားလေးလက်ကျိုးသွားတာ သူ့ကြောင့်မှန်းမသိတာတောင် နီနီငိုခဲ့ရပြီးပြီ။ အခုမှ သူလုပ်တာမှန်းသိရတယ်။ ဟုတ်တယ်. . . သားလေးရန်သူဟာ နီနီ့ရန်သူပဲ။ သိပ်မုန်းဖို့ကောင်းတဲ့ကောင်လေး။ သူ့အမေအန်တီနှင်းကလည်း သူ့ကိုဘယ်တော့မှမရိုက်ဘူး၊ မဆုံးမဘူး။ ဒါကြောင့်သူသိပ်ဆိုးနေတာမာမီရဲ့"

"ဩော်. . . ပြောမှပဲပိုဆိုးတော့တယ်။ ကဲ. . . မနက်ဖြန်ပတ်တီးဖြေမှာနော်. . . သားလေးနားပါစေ"

"ဟုတ်ကဲ့မာမီ"

"မေ"

"ဘာလဲသား"

"သူ့အိမ်ကိုသွားမလည်ရဘူးနော်။ ပြီးတော့ သူ့ကိုသားလို့လည်းမခေါ်ရဘူး။ သားမကျေနပ်ဘူး"

"ဟင်း. . . အေးပါသားရယ်. . . အေးပါ"

နီနီက သူ့ကိုဆေးတိုက်၍ အိပ်ရာထက်တင်ပေးစဉ် သူကရေးနေကျဗလာစာအုပ်ကိုယူ၍ စာတစ်ကြောင်းရေးချလိုက်ပါ၏။

"မြင့်မိုရ်. . . မင်းသွေးထွက်တဲ့အတွက် ငါပျော်တယ်။ ဒါပေမဲ့ မကျေသေးဘူး"

❀ ❀ ❀



## အခန်း (၁၀)

"ခက်တာပဲ. . . နှစ်ယောက်စလုံးက အမြဲအပြော်တူနေလို့ (A) ခန်းမှာထားတာခင်ဗျ။ အတူမတက်စေချင်ရင် တစ်ယောက်ကို (B) ခန်းရွှေ့ရမှာပဲ။ ထိုင်ခုံကပ်လျက်ထိုင်ရတာက အဆင့်အတိုင်းထိုင်ခိုင်းလို့ဖြစ်နေတာပါ"

"ကဲ! သားဘယ်လိုလဲ။ မြင့်မိုရ်နဲ့အတူမထိုင်ချင်ရင် သား (B)ခန်းဆင်းရမှာနော်. . . ဘယ့်နှယ့်လဲ"

"နေမယ်ဖေ. . . သူ့မျက်နှာ မမြင်ရရင်ပြီးရော"

"အဲဒါပဲဆရာရေ. . . မိဘတွေက နှစ်အိမ်တစ်အိမ်နေပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်. . . ဒီကလေးနှစ်ယောက်က ဘယ်ရေစက်ကြောင့်မှန်းကိုမသိ၊ မတည့်ဖြစ်နေတာပဲ"

"ကျွန်တော်တို့ဆရာဆရာမတွေလည်း သူတို့နှစ်ယောက် အကြောင်းကိုသိလို့တည့်အောင် အားကစားတွေပါ အတူတူလေ့ ကျင့်ပေးတာပဲ ဦးအာကာရယ်။ လာမယ့်လမှာ ကျောင်းပေါင်းစုံ ပြိုင်ပွဲရှိတယ်။ နှစ်ယောက်စလုံးက စာရေးအားကစားမှာပါ ထူး ချွန်တော့ ကျောင်းအတွက်အများကြီးအားခဲထားတာ"

"ဟင်း. . . ကျွန်တော်တို့လည်း ဘယ်လိုလုပ်ရမှန်းမသိ တော့ပါဘူးဆရာရယ်"

"ကဲ. . . သားဝဏ္ဏ၊ (B) ခန်းမှာ နေမှာသေချာရင် ဆရာ ရွှေ့ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့ပါဆရာ"

ဤသို့ဖြင့် သူ (B) ခန်းသို့ ရွှေ့ခဲ့ရလေ၏။ ဒါတောင် မြင့်မိုရ်က သူအမှတ်နည်း၍ အတန်းရွှေ့ခဲ့ရကြောင်း သူငယ်ချင်း တွေကိုလျှောက်ပြောနေသည့်သတင်းကို တော်တော်များများပြန် ကြားရသေးသည်။

မုန့်စားဆင်းချိန်၊ ကျောင်းဆင်းချိန်တွေမှာ တစ်ယောက် နှင့်တစ်ယောက် ရန်စောင်ကြည့်၍ မျက်နှာလွှဲခဲ့ရသည့်ရက်တွေက





ဒုနဲ့ဒေး။ မြင့်မိုရ်ကတော့ မထီတရီပြုံးတတ်စမြဲ။ သို့နှင့် ကျောင်း ပေါင်းစုံပြိုင်ပွဲရက်က ပိုမို၍နီးကပ်လာချေပြီ။

"ဆရာရေ. . . မောင်မြင့်မိုရ်ကို ဆရာကြီးက ရုံးခန်းထဲ ခေါ်နေလို့. . . အဲဒါ"

"ဟုတ်ကဲ့ပါဆရာမ. . . ကျွန်တော်လွှတ်လိုက်ပါ့မယ်"

"ဆရာမရေ. . . မောင်ဝဏ္ဏကို ဆရာကြီးက ရုံးခန်းထဲ ခဏလွှတ်လိုက်ပါတဲ့"

"ဟုတ်ကဲ့ဆရာမ. . . ကဲ. . . သားဝဏ္ဏ, ဆရာကြီးခေါ် နေတယ်. . . သွားလိုက်ဦး"

သူ, ဆရာကြီးရုံးခန်းထဲဝင်လိုက်တော့ မြင့်မိုရ်က အခန်းထဲ မှာ ရောက်နှင့်နေလေပြီ။

"လာ. . . မောင်ဝဏ္ဏ, ထိုင်"

"ဟုတ်ကဲ့ပါဆရာကြီး"

မြင့်မိုရ်ဘေးခုံမှာ သူဝင်ထိုင်လိုက်ရင်း မျက်နှာကို ဆရာ ကြီးကိုသာ တည့်တည့်ကြည့်နေလိုက်သည်။

"ဆရာကြီး သားတို့နှစ်ယောက်ကိုခေါ်ရတဲ့အကြောင်းက လာမယ့်တစ်ပတ်မှာ ပြိုင်ပွဲရှိလို့ပဲ။ သားတို့က စာရေး၊ အားကစား ဘက်မှာပါထူးချွန်တော့ ကျောင်းရဲ့ဂုဏ်ကိုဆောင်တဲ့ကလေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်နေတယ်။ ဒီတော့. . . နှစ်ယောက်စလုံးကို ပြိုင်ပွဲမှာ ပါစေချင်တာပေါ့။ ဒါပေမဲ့ သားတို့နှစ်ယောက် နားလည်မှုယူမှုဖြစ်မှာ။ ကိုယ့်အဖွဲ့သားတွေမညီရင်. . . အောင်ပွဲက ရမှာမဟုတ်ဘူး။ မြို့နယ်ကနေ တိုင်းအဆင့်ထိကန်ရမှာ။ ဆရာကြီးပြောတာ နားလည်လား"

"ဟုတ်ကဲ့ပါဆရာကြီး"

"ကဲ. . . ဒါဖြင့်ပြန်နိုင်ကြပါပြီ"

"ခွင့်ပြုပါဦးဆရာကြီး"

"အေးအေး. . ."

နှစ်ယောက်သား ဆရာကြီးရုံးခန်းမှထွက်လာတော့ လမ်းမှာ မြင့်မိုရ်က သူ့ကိုခပ်တိုးတိုးပြောလိုက်လေ၏။

"ဘယ်သူဘယ်လောက်တားတား. . . မင်းဟာ ငါ့ရန်သူပဲဝဋ္ဍာ. . . အလှည့်ကြုံရင် ချကြေးပဲ"

"စိမ်လိုက်ပေါ့မြင့်မိုရ်. . . ငါကလည်းလက်မနှေးဘူး။ မင်းကတစ်ချက်ဆို ငါလည်းတစ်ချက်ပဲ"

"အေး. . . ပြီးရော"

Training ဆင်းစဉ် ဘာမှပြဿနာမတက်သော်လည်း ပြိုင်ပွဲဝင်စဉ်မှာတော့ တိုက်စစ်မှူးနှစ်ဦးအပေးအယူမတည့်သဖြင့် သူ





တို့ကျောင်းမှ နှစ်ဂိုးသုညဖြစ်နေချေပြီ။ ဆရာတွေနှင့် သင်တန်းနည်းပြပါ မျက်စိမျက်နှာပျက်နေရတော့၏။ ခြေစွမ်းပြနိုင်သော်လည်း ဂိုးရှေ့ရောက်တိုင်း လုကန်နေသည်မို့ ပျက်ပျက်သွားကာ တစ်ဖက်ကျောင်းက လုသွားသည်ချည်း။ ပထမပိုင်းနားစဉ် နည်းပြက သူတို့နှစ်ဦးကိုခေါ်၍ပြောလေသည်။

"ကဲ. . . မြင့်မိုရ်နဲ့ဝဋ္ဍာ, ဘယ်လိုဖြစ်တာလဲ။ ဆရာသင်ပေးတုန်းက အဲဒီလိုနည်းမျိုးသင်ပေးထားလား။ မင်းတို့နှစ်ယောက်အပေးအယူမတည့်ရင် နှစ်ယောက်စလုံးကိုထုတ်ပြီး လူစားသွင်းမယ်. . . ဘယ့်နှယ့်လဲ"

"ကျွန်တော်ကန်ချင်တယ်ဆရာ"

"ကျွန်တော်မထွက်ချင်ဘူး"

"ဒါဆိုပြောစကားနားထောင်မှပေါ့။ ဟိုဘက်အသင်းကဘက်ချောင်တာအမြင်ပဲ။ ဘောလုံးကို ပိုင်ပိုင်နိုင်နိုင်သယ်သွားနိုင်ရဲ့သားနဲ့ ဂိုးရှေ့မှပျက်တာ မင်းတို့နှစ်ယောက်အသုံးမကျလို့။ ငါဆက်ကြည့်မယ်။ ငါးမိနစ်ကျော်လို့မှ ချေပဂိုးတစ်ဂိုးမှမသွင်းနိုင်ရင်အထုတ်ပဲ။ ကဲ. . . သွားတော့"

သူတို့နှစ်ဦး ကွင်းလယ်သို့ပြန်ပြေးဝင်လာခဲ့၏။ ဒုတိယပိုင်း လေးမိနစ်မှစ၍ သူဖန်တီးပေးသည့်ဘောလုံးကို မြင့်မိုရ်က



www.burmeseclassic.com

www.burmeseclassic.com



ကွက်တိကန်သွင်းနိုင်လေ၏။ သူတို့ကျောင်းကို အားပေးကြသံတွေ အုန်းအုန်းကျွက်ကျွက်ညံကုန်သည်။ (၁၅)မိနစ်အတွင်း ချေပဂိုး အပြင် နောက်ထပ်တစ်ဂိုး ထပ်သွင်းနိုင်ပြန်၏။ လေးဆယ့်ငါးမိနစ် အပြည့်မှာ ငါးဂိုးနှစ်ဂိုးဖြင့် သူတို့ကျောင်းအနိုင်ရသွားလေသည်။

မြို့နယ်အဆင့်ဆုပေးတော့ မြင့်မိုရ်က ဂိုးအသွင်းနိုင်ဆုံး ဆုကိုရပြီး သူက ဂိုးဖန်တီးရှင်ဆုကိုရလေ၏။ နှစ်ယောက်သား ပြုံးကြည့်ကြည့်လိုက်ပြီး ပရိသတ်ဘက်ကိုလှည့်ပြုံးပြလိုက်ပါသည်။ ဆရာတွေ အခုမှပဲသက်ပြင်းကိုယ်စီချနိုင်တော့၏။ ဩော်. . . ရန်ငြိုးထားကြသူနှစ်ဦးကို မနည်းထိန်းမတ်ခဲ့ရသည်ကိုး. . .။

❀ ❀ ❀

ရွှေပဒေသာစာပေ

## ၁၉၉၉ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ဤသို့ဖြင့် နှစ်စဉ်နှစ်တိုင်း ကျောင်းဂုဏ်ကိုဆောင်ခဲ့သည့် ကောင်လေးနှစ်ယောက်သည် ဒသမတန်း(A)နှင့် ဒသမတန်း(B) မှ star နှစ်ဦးဖြစ်ခဲ့လေသည်။ သူတို့နှစ်ဦး၏သတင်းသည် သူတို့ ကျောင်းပါမက တခြားကျောင်းများအထိပျံ့နှံ့ခဲ့လေ၏။

ထိုအတောအတွင်း ထူးခြားမှုဖြစ်ခဲ့ရသည်မှာ သူမျက်စိ အားနည်းခဲ့ရခြင်းဖြစ်သည်။ စာဖတ်များလွန်းခြင်းနှင့် မျက်စိအာရုံ စူးစိုက်မှုကြောင့် စာကြည့်မျက်မှန်တပ်နေရချေပြီ။ မြင့်မိုရ်ထံမှ 'မှန်ကြောင်၊ မှန်ကြီး'ဟု သူ့အမည်ခေါ်သံကို မကြာခဏကြားရ စမြဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်နှစ်တိုင်း ကျောင်းအုပ်ဆရာကြီး သတိအတန်တန်ပေးခဲ့သည့်အတိုင်း ဒီနှစ်လည်း တိုင်းကိုယ်စားပြုပြိုင်ပွဲရှိ၍ သူတို့နှစ်ဦးကိုခေါ် ပြောပြန်လေ၏။

"ကဲ. . . ဆရာကြီးပြောတာလည်း နှစ်စဉ်အပ်ကြောင်းထပ်နေပါပြီ။ ငယ်ငယ်တုန်းကလို ဘက်ညီညီနဲ့ကစားပါ၊ မောင်ဝဋ္ဌာနဲ့မောင်မြင့်မိုရ်။ ဆရာကြီးရုံးခန်းထဲက,ဗီရိုထဲမှာ ဒီနှစ်လည်း ဒိုင်းဆုကြီးကိုထည့်ချင်ပါတယ်. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါဆရာကြီး"

"မောင်ဝဋ္ဌာက မျက်စိအားနည်းတော့ ပိုဂရုစိုက်ပါ။ မျက်လုံးကိုမထိခိုက်စေနဲ့နော်"

"ဟုတ်ကဲ့"

"ကဲကဲ. . . သွားကြ"

သူတို့အရွယ်ကြီးပြီမို့ ကျောင်းကို ကားဖြင့်ကြိုပို့မလုပ်စေတော့ဘဲ စက်ဘီးဖြင့်သာ ကိုယ်စီတက်ခဲ့ကြလေ၏။ ညနေကျောင်းဆင်းချိန်၊ ထ (၃) မှလည်းပြိုင်ဆင်းလိုက်သဖြင့် လမ်းမမှာ လူကျပ်သွား၏။ စက်ဘီးကိုရပ်၍ဆင်းတွန်းတော့ မြင့်မိုရ်ပါ သူ့နောက်မှဆင်း၍ပါလာလေသည်။

"ဟယ်. . . အဲဒါ. . . ဟိုကျောင်းက star နှစ်ယောက်





မဟုတ်လား"

"အေး. . . ဟုတ်တယ်၊ ရှေ့ကမျက်မှန်နဲ့က ဝဋ္ဌာလေ"

"ဒါဆို နောက်က မြင့်မိုရ်ပေါ့. . . နှစ်ယောက်စလုံးချောတယ်ဟဲ့"

ခပ်ကဲကဲကောင်မလေးများအသံမို့ သူက မျက်မှောင်ကိုပို၍ကြုတ်လိုက်၏။ ကောင်မလေးတွေက ပြုံးစိစိဖြင့်ကြည့်နေရာမှ ခစ်ခနဲရယ်ချလိုက်လေသည်။

"ဟယ်. . . မျက်စိမှိတ်ပြတယ်တော့"

အင်း. . . မြင့်မိုရ်တော့လုပ်နေပြီ။

လမ်းမကြီးပေါ်သို့အရောက် လူရှင်းပြီမို့ သူစက်ဘီးပေါ်တက်စဉ် ကောင်မလေးတွေက လက်ပြလိုက်ကြလေ၏။ သူမမြင်ချင်ယောင်ဆောင်၍ စက်ဘီးနင်းထွက်လိုက်တော့ အသံတချို့ကနောက်မှပါလာလေသည်။

"မြင့်မိုရ်က မျက်နှာချိုပြီးဖော်ရွေတယ်။ ဝဋ္ဌာက အနေတည်ပြီးတည်ငြိမ်တယ်. . . ပိုခန့်တယ်"

ပြိုင်ပွဲနေ့ရောက်တော့ ကျောင်းသားကျောင်းသူပရိသတ်က ပိုများနေ၏။ နည်းပြဆရာက သူတို့နှစ်ယောက်ကို ကွင်းထဲဝင်ခါနီး သေချာထပ်မှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမှာတာ မမေ့ကြနဲ့နော်. . .။ ဝဠာက ဂိုးဖန်တီးရှင်ဖြစ်နေသလို မြင့်မိုရ်က ဂိုးသွင်းချန်ပီယံဖြစ်နေပါစေ. . . ကြားလား"

"ဟုတ်ကဲ့ပါဆရာ"

"ကဲ. . . သွားတော့"

သူတို့နှစ်ယောက် ကွင်းထဲဝင်သွားတော့ ယောကျ်ားလေးအုပ်ထက် မိန်းကလေးအုပ်စုထံမှ အသံတွေပိုထွက်လာလေ၏။

"ဝဠာ. . . ဝဠာ"

"မြင့်မိုရ်. . . မြင့်မိုရ်"

မြင့်မိုရ်က အသံထွက်နေသည့်မိန်းကလေးများထံ လက်မြှောက်ပြလိုက်တော့ ဝေါခနဲအသံတွေညံသွားသည်။ ပန်းခေါင်းလှန်အပြီးမှာ ဟိုဘက်အသင်းက ဘောလုံးစရ၏။ ပွဲစလျှင်စချင်း တစ်ဖက်အသင်းက ဖိကစား၏။ သူနှင့်မြင့်မိုရ် တစ်ကွင်းလုံးအပြည့်ကစားနေရသည်။ ရုတ်တရက် မြင့်မိုရ်ခြေထောက်ထဲ ဘောလုံးရောက်သွားသည်နှင့် ပရိသတ်အသံတွေ ပိုဆူလာ၏။ မြင့်မိုရ်ကသူရှိရာဆီ ဘောလုံးကိုထောင်တင်ပေးလိုက်သဖြင့် ရင်ဘတ်ဖြင့်တားယူလိုက်သည်။ အသံတွေ တအုန်းအုန်းညံလာသည်နှင့်အတူဘီးကုတ်စည်းအထိ သူသယ်လာ၏။ ညာဘက်ဂိုးစည်းနား မြင့်မိုရ်





ရောက်တော့ သူ့ မြင့်မိုရ်ထံ မြှောက်ဘောပေးလိုက်သည်။ မြင့်မိုရ်ခေါင်းဖြင့်တိုက်သွင်းစဉ် ဘောလုံးက ဘားတန်းနှင့်ကပ်၍ဝင်သွားလေ၏။

"ဂိုး"

"မြင့်မိုရ်. . . မြင့်မိုရ်"

"ထ (၁). . . ထ (၁)"

သူတို့နှစ်ယောက် နောက်ပြန်ဆုတ်လာတော့ ပရိသတ်များထံမှ လက်တွေအသီးသီးထောင်ပြနေလေပြီ။ တစ်ဖက်မှ သူတို့နှစ်ဦးကို သတိထားမိကာ အလစ်မပေးတော့။ မြင့်မိုရ်ထံ ဘောလုံးရောက်စဉ် လူအုပ်က ပြုံ၍မြင့်မိုရ်ထံရောက်လာ၏။ မြင့်မိုရ်ကသူ့ကို နောက်ပြန်ဘောလုံးပို့လိုက်လေသည်။ သူအမြန်နှုန်းဖြင့်ဘောလုံးကိုယူပြေးစဉ် တစ်ဖက်အသင်းမှ slide ထိုးဖြတ်သဖြင့်သူ ဒလိမ့်ခေါက်ကွေးပစ်လဲကျလေ၏။

"ရှီ"

ဒိုင်လူကြီးမှ အဝါကတ်ထောင်ပြလိုက်၏။ ခြေဖျားကိုခတ်မိသဖြင့် သူချက်ချင်းမထနိုင်ဖြစ်နေစဉ် မြင့်မိုရ်က သူ့ကိုလက်ကမ်းပေးလာသည်။ ပရိသတ်ထံမှ ကျွတ်စီကျွတ်စီအသံတွေ ထွက်လာ၏။ မြင့်မိုရ်က ပြစ်ဒဏ်ဘောကန်ရန် အဆင်သင့်တည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူက တန်းစီရပ်နေသည့်လူတန်းအနားမှာ နေရာယူလိုက်သည်။ မြင့်မိုရ်က သူ့ထံဘောလုံးပေးပြီး ရှေ့ကိုပြေးလေ၏။ သူ ဘောလုံးကိုလိမ်၍ဆွဲလိုက်ကာ နောက်မှလူထံပြန်ပေးလိုက်သည်။ နောက်လူက ချက်ချင်းပင် မြင့်မိုရ်ထံ ဘောလုံးအမြောက်ကန်တင်၏။ သူ ဘယ်ဘက်ဂိုးစည်းနားအရောက် မြင့်မိုရ်က ဂိုးလှမ်းသွင်းလိုက်သည်။ တိုင်ထိပြီး လျှံထွက်လာသည့်ဘောလုံးကို သူလိုမ့်ဘောခပ်ပြင်းပြင်းလေး ကန်သွင်းလိုက်ပါ၏။

"ဂိုး. . ."

"ဝဠာ. . . ဝဠာ"

"ထ (၁). . . ထ (၁). . . ဟေး"

ပထမပိုင်းနားစဉ် သူ့ခြေဖျားကို ဆေးလိမ်းရလေသည်။ နည်းပြဆရာက သူတို့နှစ်ယောက်ပခုံးကို အသာပုတ်လိုက်ပါ၏။ ဒုတိယပိုင်းစတော့ တစ်ဖက်အသင်းက ပိုကြမ်းလာသည်။ သူနှင့် မြင့်မိုရ်ထံ ဘောလုံးအရောက်မခံဘဲ ခပ်ကျဲကျဲအဝေးဘောပေး၏။ သူ ကွင်းလယ်မှာ မပြေးတော့ဘဲ ခပ်မှန်မှန်လျှောက်နေစဉ် အလယ်တန်းမှ မင်းကိုထံ ဘောလုံးရောက်သွား၏။ မင်းကိုက မြင့်မိုရ်ထံပေးသည်။ မြင့်မိုရ်ထံဘောလုံးရောက်စဉ် သုံးယောက်တစ်ယောက်တွေ့လေ၏။ မြင့်မိုရ်က ဘောလုံးကို ခြေနှစ်ချောင်းဖြင့်ညှပ်၍





လူသုံးယောက်ကိုကျော်ကာခုန်လျက် သူ့ထံဘောလုံးပို့လိုက်သည်။ ပရိသတ်က အုန်းခနဲ။ သူ့ရှေ့ခပ်လှမ်းလှမ်းမှာကျလာသည့် ဘောလုံးကိုပြေးယူစဉ် slide ထိုးလာသည့်ခြေကိုခုန်ရှောင်ကာ ဘောလုံးကိုအရယူ၏။ ညာစည်းနားမှ မြင့်မိုရ်ပြေးတော့ သူလှမ်းပို့လိုက်စဉ် မြင့်မိုရ်ခြေထိုးခံရ၍ သုံးလေးပတ်ခန့် လိမ့်ထွက်သွားလေသည်။

"ဗွီ"

ဒိုင်က ကတ်အဝါထပ်ပြလေသည်။ ဘေးစည်းမှ ဆံန်းထွန်းက မြောက်ရန်အသင့်ဖြစ်နေပြီ။ မြင့်မိုရ်က မထနိုင်သေး။ သူ့ မြင့်မိုရ်ထံအပြေးသွားလိုက်၏။

"မြင့်မိုရ်. . . ရလား"

"ခြေသလုံးသား ကြေပြီထင်တယ်"

ဆေးမှူးတွေအပြေးလာ၍ မြင့်မိုရ်ကို ဘေးစည်းအပြင်ထုတ်ကာ ဆေးကုပေးနေစဉ် လက်ပစ်ဘောက စပေးလေပြီ။ သူ အပြေးအလွှားရှေ့သို့တက်စဉ် ဘောလုံးက သူ့ကိုကျော်၍လွန်သွားသဖြင့် နောက်ကိုပြန်လှည့်ပြေးရသည်။ တိုက်စစ်မှူးနှစ်ယောက်နာသွားသဖြင့် တစ်ဖက်အသင်းက အားရှိသွားကာ ခြေပဂိုးတစ်ဂိုးသွင်းလိုက်ပေပြီ။ ပွဲက ပို၍ဆူဆူညံညံဖြစ်လာ၏။

"မြင့်မိုရ်. . . ဝဠာ. . . မြင့်မိုရ်. . . ဝဠာ"



www.burmeseclassic.com

www.burmeseclassic.com



အားပေးသံတွေက အုန်းခနဲညံထွက်လာသည်။ သူ ဒူးပေါ် လက်ထောက်၍ ခပ်ကိုင်းကိုင်းအမောဖြေနေစဉ် မြင့်မိုရ်က ကွင်းထဲပြန်ဝင်လာသည်။ ဘောလုံးကို သူ စယူ၏။ အလယ်ရှိ မင်းကိုထံ ပေးသည်။ မင်းကိုက ဘက်မှ ချစ်ဦးကိုပြန်ပေးလိုက်၏။ ချစ်ဦးက သူ့နောက်ရှိ ဆန်းထွန်းကိုပို့သည်။ ဆန်းထွန်းက သူ့ကိုပြန်ပေးစဉ် ဘေးစည်းမှကပ်ကာ သူအမြန်ပြေး၏။ မြင့်မိုရ်က သူ့မလှမ်းမကမ်းမှ အပြေးပါလာသည်။ ရှေ့နားမှ နှစ်ယောက်ကိုတွေ့ရသဖြင့် သူ ဘောစကိုသတ်သည်။

မြင့်မိုရ်ကို လှမ်းကြည့်စဉ် တစ်ဖက်အသင်းက မြင့်မိုရ်ကို အသေကပ်ထားလေ၏။ သူ ဆန်းထွန်းကိုပြန်လှည့်ပေးကာ အလယ်ကြောကိုဝင်ယူသည်။ ဆန်းထွန်းက သူ့ကိုကျော်၍ မြင့်မိုရ်ထံပေးလိုက်လေ၏။ မြင့်မိုရ်က ရှေ့မှပိတ်လာသည့်နှစ်ယောက်ကြောင့် ဘောလုံးကို နောက်ပေါက်ဖြင့်ကန်၍ သူ့ကိုပေးသည်။ သူ ဘောလုံးကိုအမြှောက်ကန်တင်စဉ် မြင့်မိုရ်က လေထဲမှာပင် ခုန်ကန်လိုက်သဖြင့် ဘောလုံးက ထောင့်နားမှကပ်၍ဝင်သွားလေ၏။

"ဂိုး. . ."

"ရှီး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"





"ထ (၁)ဟော့"

"မြင့်မိုရ်. . . ဝဠာ. . . မြင့်မိုရ်. . . ဝဠာ"

ဒိုင်လူကြီး၏ခရာသံအဆုံးမှာ သူနှင့်မြင့်မိုရ် ကွင်းထဲမှာပင် ထိုင်ချလိုက်ပါသည်။ ကစားဖော်တွေက သူတို့နှစ်ယောက်အပေါ် ပြုံ၍ဖိလိုက်ကြ၏။ ပွဲပြီး၍ဆုတက်ယူရတော့ သူရော မြင့်မိုရ်ပါ ခြေထောနင်းထောနင်းဖြင့် စတိတ်ပေါ်တက်ရလေသည်။ ကွင်းပြင်ပြန်ထွက်စဉ် ပရိသတ်ထဲမှ ကောင်မလေးတစ်ယောက်က သူနှင့်မြင့်မိုရ်ကို Towel တစ်ထည်စီ လာကမ်းလေ၏။ သူက အဝါရောင်၊ မြင့်မိုရ်က အနီရောင်. . .။

"နာမည်ဘယ်လိုခေါ်လဲ"

"မိုးသဲဖြူ"

မြင့်မိုရ်က သူ့ကိုမျက်စပစ်ပြလိုက်လေ၏။ အဲဒီညမှာ သူ့ထံကို မြင့်မိုရ်ဖုန်းဆက်ပါလေသည်။

"သားလေးရေ. . . မြင့်မိုရ်က ဖုန်းပြောချင်လို့တဲ့"

"လာပြီ. . . နီနီ"

သူ ဖုန်းကိုကောက်ကိုင်လိုက်သည်။ တစ်ဖက်မှ မြင့်မိုရ်၏အသံခပ်ဩဩက ပေါ်ထွက်လာ၏။

"ဟော့ကောင် မှုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ချွန်တွန်းနော်. . . လာပြန်ပြီ"

"ဟဲဟဲ. . . မင်းကို ငါတိုင်ပင်မလို့ကွ"

"ဘာလဲ"

"ညနေက ငါတို့ကို Towel လက်ဆောင်ပေးတဲ့ ကောင်မလေးက မမိုက်ဘူးလား"

"ဘာလုပ်ဦးမလို့လဲ"

"မင်းနဲ့ငါ အလောင်းအစားတစ်ခုလုပ်မလို့"

"ဘာကိုလဲ"

"အဲဒီကောင်မလေးကို ရည်းစားစာပြိုင်ပေးမယ်။ ကောင်မလေးပြန်မကြိုက်ရင်အရှုံး. . . ဘယ်လိုလဲ"

"ရတယ်. . . ဒါပေမဲ့. . . သူ့ကျောင်းကကောင်တွေနဲ့ ပြဿနာဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒီအခါ မင်းနဲ့ငါ သွေးသောက်ပေါ့ကွ။ ကျန်တဲ့အချိန် ပြိုင်ဘက်ပဲ. . . သဘောတူလား"

"အေး. . . ရှုံးတဲ့လူက ဘာပေးကြေးလဲ"

"ကိုယ်ကြိုက်တဲ့ဘောင်းဘီ လိုက်ဝယ်ပေးကြေး"

"OK"

သူ ဖုန်းချလိုက်ပြီး အခန်းထဲပြန်ဝင်၍ ဒိုင်ယာရီစာအုပ်





ကို ဖွင့်လိုက်ပါသည်။ အာရုံထဲမှာ ဆံပင်စင်းစင်းလေးနှင့် ကောင်မလေးကို မြင်ယောင်လိုက်မိ၏။

"မိုးသဲဖြူ...
မင်း့ကိုယ့်ကို ရင်မခုန်စေပါဘူး...
ဒါပေမဲ့..."

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

သူတို့နှစ်ဦးစလုံးက ကျူရှင်ဆရာတွေကို အိမ်မှာခေါ်သင်ကြတာမို့ အပြင်ကိုသိပ်မထွက်ဖြစ်ပါချေ။ ဒီနေ့ စနေနေ့မို့ သူနှင့်မြင့်မိုရ် စက်ဘီးကိုယ်စီဖြင့်ထွက်လာခဲ့သည်။ မိုးသဲဖြူတက်သည့်ဝိုင်းကျူရှင်အိမ်ရှေ့မှာ ရပ်လိုက်ကြ၏။

"ကဲ. . . ဘယ်သူအရင်စလှူပ်ရှားရမလဲဆိုတာ ပန်းခေါင်းလှန်မယ်။ တစ်ယောက်ကို တစ်ပတ်ပဲ။ တစ်ပတ်အတွင်း လှုပ်ရှားလို့အဆင်မပြေရင်အရှုံးပဲ. . . ဘယ့်နှယ့်လဲ"

"ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုထုံးစံအတိုင်း မင်း. . . ပန်းပေါ့"

"အေး"

မြင့်မိုရ်က သူ၏ဘောင်းဘီအိတ်ကပ်ထဲမှ အကြွေစေ့ကို မြှောက်လိုက်သည်။ လေထဲမှာ တလည်လည်ဖြစ်၍ကျလာသည်ကို ဖတ်ခနဲဖမ်း၍လက်ဝါးဖြန့်ကြည့်လိုက်၏။

"ပန်း"

"ကဲ. . . မင်းအရင်ပဲ"

သူ နှာခေါင်းရှုပ်လိုက်မိသည်။ ဒုက္ခပဲ. . . သူက ဘယ်ကောင်မလေးမျက်နှာကိုမှ စေ့စေ့ကြည့်ဖူးတာမဟုတ်။ ဘယ့်နှယ်ဝင်ရောရပ့်။

"ဒါဆို မနက်ဖြန်မှစကြမယ်လေ"

"ရတယ်. . . သဘောပဲ"

ခဏအကြာ ကျူရှင်လွှတ်လိုက်သဖြင့် ကောင်မလေး (၇) ယောက်နှင့် ကောင်လေး (၃)ယောက်ထွက်လာကြသည်။ မိုးသဲဖြူနှင့်ကောင်မလေးနှစ်ယောက်က သူတို့နှစ်ဦးကိုမြင်သွားလေ၏။ တစ်ယောက်က ဘာပြောလိုက်သည်မသိ။ မိုးသဲဖြူက ထိုကောင်မလေးလက်မောင်းကို ရှက်စနိုးဟန်ဖြင့်လှမ်းရိုက်လိုက်လေသည်။

သူနှင့်မြင့်မိုရ်က စက်ဘီးဘေးမှာရပ်၍ အသာပင်ကြည့်





နေပါသည်။ မိုးသဲဖြူက မျက်လွှာကိုချ၍ သူတို့ရှေ့မှဖြတ်သွားလေ၏။ နောက်မှ နှစ်ယောက်သားမှတိုင်ပင်ပါဘဲ စက်ဘီးကိုဖြည်းဖြည်းနင်း၍လိုက်လာခဲ့သည်။ ကောင်မလေးအုပ်စုက လှည့်ကြည့်လှည့်ကြည့်ဖြင့် ခြေလှမ်းတွေမမှန်ကြတော့။ မြင့်မိုရ်က ခပ်လျှောင်လျှောင်ရယ်ချလိုက်ပြီး သူ့ကကျိတ်ပြုံးလိုက်သည်။ အိမ်ပြန်ရောက်တော့ Writing Pad ချ၍ ဘယ်လိုရေးရမလဲမသိ။ သူငိုင်နေစဉ် နီနီက သူ့ဖို့ နွားနို့ပူပူလာပို့လေ၏။

"အတော်ပဲ,နီနီ။ ရည်းစားစာ ဘယ်လိုရေးရမလဲလို့ အကြံဉာဏ်ပေးပါဦး"

"ဘာရယ်"

"ဟာ. . . တိုးတိုးလေ, ဖေနဲ့မေသိတော့မှာပဲ"

"ဟယ်. . . သားလေးရယ်၊ ဒီနှစ် ဆယ်တန်းနော်။ အဲဒါတွေစိတ်မဝင်စားရဘူးလေ။ ဒုက္ခပါပဲ. . . သားပဲ R.I.T (Y.I.T) ဝင်ချင်တယ်ဆို။ ဒါမျိုးမလုပ်ရဘူး. . . စိတ်တွေလေတော့မှာပဲ"

"ကျွတ်. . . နီနီကလည်း ကျွန်တော်စိတ်မလေပါဘူး။ ဟိုကောင်နဲ့လောင်းထားလို့ပါဗျ။ လုပ်ပါ. . . အကြံလေးဉာဏ်လေး"

"တကယ်မကြိုက်ရဘူးနော်"

"မကြိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့. . .၊ ဒါမျိုးတော့ နီနီလည်း ဘယ်အကြံ ဉာဏ်ပေးတတ်မှာလဲ။ နီနီ့အဖေတုန်းက အမေ့ကို ပါးစပ်နဲ့ပဲပြော ခဲ့တာတဲ့။ ဟဲ့. . . အပြုံးရေ၊ နင့်ကိုငါမေတ္တာရှိနေလို့ လာတောင်း ပါရစေဆိုပြီးညားခဲ့တာပဲလို့ အမေပြောဖူးတယ်"

"ဟာ. . . နီနီ့ဟာကြီးက မနိပ်သေးပါဘူး"

သူ စာရွက်ပေါ်မှာ စာလုံးတို့ချရေးလိုက်သော်လည်း စိတ် တိုင်းမကျသဖြင့် ငိုင်သွားရသည်။ ဒုက္ခပါပဲ. . . Bio နှစ်ပုဒ်စာ တော့ လွတ်သွားပါပြီ။ Bio စာအုပ်ကိုယူ၍ ဖွင့်လိုက်ရတော့၏။

ညဘက်အိပ်ပျော်နေစဉ်မှာ အိပ်မက်ထဲ၌ မိုးသဲဖြူကို သူ စာလိုက်ပေးရာ မိုးသဲဖြူက သူ့ကိုပါးရိုက်လိုက်သည်ဟုမက်သဖြင့် သူလန့်နိုးခဲ့ရသည်။ အား. . . မလွယ်ပါလားနော်။

နောက်နေ့ကျောင်းကိုသွားစဉ် မိုးသဲဖြူအလာကို လမ်းမှာ ကြိုစောင့်နေမိ၏။ သူငယ်ချင်းနှစ်ယောက်နှင့်အတူ လျှောက်လာ နေသည့်မိုးသဲဖြူက သူ့ကိုပြုံး၍နှုတ်ဆက်လိုက်လေသည်။

"တစ်ယောက်တည်းလား ဝဋ္ဋာ"

"အင်း"

"မြင့်မိုရ်ရော"

"ဘယ်သိမှာလဲ"





"ထူးဆန်းလိုက်တာ. . . ဝဋ္ဋာတို့နှစ်ယောက်က မတည့် အတူနေတွေမှန်း သဲသိထားတာလေ။ ခု. . . ဘယ်လိုဖြစ်ပြီး တစ် ယောက်တည်းဖြစ်နေတာလဲ"

သူခေါင်းကုတ်လိုက်မိပြီး စက်ဘီးကို အသာတွန်းလာခဲ့ သည်။ မိုးသဲဖြူသူငယ်ချင်းနှစ်ဦးက နောက်နည်းနည်းချန်၍လိုက် ခဲ့လေ၏။

"ဟို. . . ပြောစရာရှိလို့"

"ဘာပြောမှာလဲ. . . ပြောပေါ့"

"ဖုန်းနံပါတ်"

"အိမ်မှာ ဖုန်းမှမရှိတာဝဋ္ဋာရဲ့"

"ခက်လိုက်တာ"

"ဟယ်. . . ဘာကိုခက်နေတာလဲ"

"ဟင့်အင်း. . . ဘာမှမဟုတ်ပါဘူး"

ကျောင်းလမ်းဘက်ကွေ့စဉ် စက်ဘီး Bell သံပေး၍ မြင့် မိုရ်က သူတို့ကိုကျော်တက်သွား၏။ သူ့ဘက်ကို တစ်ချက်မှလှည့် မကြည့်သောကြောင့် မိုးသဲဖြူက တအံ့တဩမေးခွန်းထုတ်လိုက် လေသည်။

"ဘာလဲ. . . ရန်ဖြစ်ထားကြပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မဖြစ်ပါဘူး"

"ကဲ. . . ကျောင်းနားရောက်လာပြီနော်။ တော်ကြာ. . . ဆရာမတွေမြင်သွားရင်မကောင်းဘူး။ ဝဠာသွားတော့"

"အင်း. . . ဒါဖြင့်သွားပြီနော်"

ကျောင်းကိုရောက်တော့ မြင့်မိုရ်က (A)ခန်းဝမှာရပ်၍ သူ့ကိုမဲ့ပြုံးတစ်ချက်ပြုံးပြလေ၏။ သူအတန်းထဲဝင်ထိုင်ရင်း ငိုင်နေမိသည်။

"ဘာဖြစ်နေတာလဲဝဠာ"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

"မင်းနဲ့မိုးသဲဖြူက ဘာလဲကွ။ ကျောင်းအတူတူလာကြတာ ငါတွေ့လိုက်တယ်"

"ဘာမှမဟုတ်ပါဘူးကွာ"

"မင်းကလည်း ဘာမှမဟုတ်ဘဲ အတူတွဲလျှောက်လို့ရမလားကွ. . . ရှက်မနေပါနဲ့"

"တကယ်ပြောဟာပါဉာဏ်ဝင်းရာ. . . ငါ ခုမှစာဘယ်လိုရေးပေးရင် ကောင်းမလဲစဉ်းစားတုန်း"

"ဟာ. . . ပါးစပ်နဲ့ပြောပေါ့ကွ"

"ငါမပြောရဲဘူးကွ. . . ဒါကြောင့်စာရေးပေးမလို့ပါဆို"





"ဒါများခက်လွန်းလို့. . . နာမည်တပ်. . . အောက်မှာ နင့်ကိုငါချစ်တယ်. . . ငါ့ကိုပြန်ချစ်ပါ. . . ဒါပဲ"

သူတွန့်ခနဲဖြစ်သွား၏။ အိပ်မက်ထဲမှ ဖြန်းခနဲအသံကို ပြန်ကြားရပြီး ပါးတစ်ဖက်တောင် ယားကျိကျိဖြစ်လာသလိုပင်။ အိမ်ပြန်ရောက်တော့ အခန်းထဲမှာ စာရွက်တွေလုံးထွေးနေပြီး ည (၉)နာရီမှ အချောသတ်စာတစ်စောင်ကိုရေးပြီးတော့သည်။

မိုးသဲဖြူ...

ကိုယ် မင်းကိုစတွေ့မိကတည်းက ရင်ခုန်ခဲ့မိတာပါ။ မင်းရဲ့ လက်ကလေးကိုဆုပ်ကိုင်ခွင့်ရချင်တယ်။ ကိုယ့်ကို စာနာနားလည်ပေးနိုင်မယ်လို့မျှော်လင့်ရင်း...

ဝဠာ

စာရွက်လေးကို သေချာခေါက်၍ စာအိတ်ဖြူလေးထဲထည့်ကာ ပိတ်လိုက်ပါ၏။ အင်း. . . ဘာမှသာမဟုတ်တာ၊ ရင်တော့တုန်သား. . .။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

သူ ဖုန်းနံပါတ်တွေကိုနှိပ်လိုက်ပါ၏။ တစ်ဖက်မှ ချက်ချင်း မကိုင်သေးဘဲ ခဏအကြာမှ လာကိုင်လေသည်။

"ဟဲလို"

"သဲလား"

"ဟင်. . . ဘယ်သူလဲ"

"ကိုယ်. . . မြင့်မိုရ်ပါ"

"ဩော်. . . ဘာကိစ္စလဲ"

"သဲကို စကားပြောတတ်တဲ့နှလုံးသားအကြောင်းပြောချင်



www.burmeseclassic.com

www.burmeseclassic.com



လို့"

"အမယ်. . . တော်တော်တတ်နေပါလား။ ဘယ်သူကများ မြှောက်ပေးလိုက်လို့လဲ။ ပြောပါဦး. . ."

"မြှောက်ပေးသင်ပေးမှတတ်တဲ့ပညာမှမဟုတ်ဘဲ သဲရယ်။ ဆရာမရှိဘဲ အလိုလိုတတ်မြောက်တဲ့ဘာသာရပ်မှာ. . . ကိုယ်က Hundred Percent လေ"

"ဖေဖေနဲ့တိုင်ပြောမှာနော်"

"သဲတိုင်ပြောရင်. . . ကိုယ်အသည်းကွဲသမားလေးဘဝ ရောက်ရတော့မှာပေါ့သဲရဲ့။ ဒီလိုတော့. . . မရက်စက်ပါနဲ့သဲရာ။ ကရုဏာထားရင် မေတ္တာသမားလေးကို နည်းနည်းလေးတော့ပြန် ချစ်ပါ"

"ဟွန်း. . . ချစ်ချင်စရာကိုး။ ဟိုကောင်မလေးမြင် မျက်စိ မှိတ်ပြ၊ ဒီကောင်မလေးမြင် လျှာထုတ်ပြနဲ့။ ဝဋ္ဋလို ကြွေလည်း မရှိဘဲနဲ့. . . ယုံပေါင်"

"ဟိုးထားသဲရေ. . . ဒီကောင်နဲ့တော့မနှိုင်းပါနဲ့။ ဒီကောင် ကကြည့်လိုက်ရင် မခုတ်တတ်တဲ့ကြောင်လေးလိုပဲ. . .။ တကယ်က ပျော့ပျော့လေးနဲ့နံတဲ့ကြောင်ချေးကွ။ ကိုယ်ကတော့ ပွင့်ပွင့် လင်းလင်းပဲသဲရေ။ ချစ်ရင်ချစ်တယ်. . . ဒါပဲ။ သဲတို့မိန်းကလေးတွေ





ကအရမ်းလှနေတော့ ကိုယ့်မျက်ခွံလေးတွေက ဦးညွှတ်ပြတဲ့အနေနဲ့ မှိတ်မှိတ်သွားတာပါ"

"ဟယ်! အပြောကတော့ ညက်နေတာပဲ။ သူများအတင်း လည်းတုပ်သေးတယ်။ မြင့်မိုရ်. . . နင်ဘယ်လိုလူလဲ"

"သဲကို အသည်းအသန်ကြွေနေတဲ့ကောင်လေးလေ"

မိုးသဲဖြူထံမှ ရယ်သံတီးတိုးထွက်လာသဖြင့် သူပြုံးလိုက် မိသည်။ ကြည့်စမ်း. . . မိန်းကလေးတွေက ဝဋ္ဋလိုခပ်ငြိမ်ငြိမ်မျိုး မှ စိတ်ဝင်စားနေတတ်တာလား။ မှူကြီးရေ. . . Sorry ကွာ။ မင်း နောက်မှငါဖွင့်ပြောရင် ငါတို့အကြံအစည်တွေကို မဒီလေးသိသွား မှာစိုးလို့ပါ။

"ဘယ်လိုလဲ. . . စဉ်းစားပေးမှာလား"

"အင်း"

"ဘယ်တော့အဖြေပြန်ပေးမှာလဲ"

"စောင့်ပေါ့. . . မေမေတို့ခေတ်ကဆို သုံးနှစ်သုံးမိုးတောင် စောင့်ကြတာပဲ"

"ဟာ. . . အဲဒီလောက်ထိ ကိုယ်စောင့်ရရင်. . . ကိုယ်တို့ Heart တွေ Out of Date တွေဖြစ်ကုန်မှာပေါ့. . . သဲရဲ့။ ကိုယ် မစောင့်နိုင်ပါဘူး။ လျှော့လျှော့ပေါ့ပေါ့တစ်ပတ်ပဲလုပ်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မြန်လိုက်တာ"

"မြန်လိုက်ပါသဲရယ်။ ဒါမှ ကိုယ်တို့နှစ်ယောက် ဒုံးပျံစီးပြီး လကမ္ဘာပေါ်မှာ စေ့စပ်ပွဲလုပ်ဖို့ Date ရမှာလေ"

"ဟင်းဟင်း. . . ဒါပဲမဟုတ်လား။ သဲ ဖုန်းချတော့မယ်"

"OK"

ဖုန်းကိုချလိုက်ပြီး လေချွန်ရင်းရေချိုးခန်းထဲဝင်လာခဲ့၏။ မှုံကြီးရေ. . . ဒီလိုဒိုင်တွေ မင်းမညက်သေးပါဘူးကွာ။ အားအား ရှိ စာကြမ်းပိုးဖြစ်ပြီး မင်းမျက်စိပါဝါတွေသာ တိုးလာတာ။ ဦး နှောက်ကတော့ ခပ်ထိုင်းထိုင်းပဲမဟုတ်လား။

သူအဝတ်လဲပြီး လသာဆောင်မှာ ထွက်ရပ်မိတော့ ရှေ့ခြံ ထဲမှ ဝဠာက စက်ဘီးဖြင့်ထွက်လာလေသည်။ အင်း. . . မိုးသဲဖြူ ရဲ့ကျူရှင်ကိုပေါ့လေ။ သူတီးတိုးရယ်မောလိုက်မိသည်။

မိုးသဲဖြူရှေ့ အထုပ်ကိုကမ်းပေးလိုက်တော့ မိုးသဲဖြူက သူ့ကိုတအံ့တသြကြည့်လိုက်လေ၏။

"ဟင်. . . ဒါဘာလဲ"

"မိုးသဲဖြူဖို့ပါ"

"သဲက ဘာလုပ်ရမှာလဲ"

"အထဲမှာ စာအုပ်ပါတယ်"





"စာအုပ်က ဘာလုပ်ဖို့လဲ"

"ဒိုင်ယာရီရေးဖို့ပေါ့"

"သဲမှ ဝါသနာမပါတာ"

"မဟုတ်ဘူးလေမိုးသဲရဲ့. . . အထဲမှာ ဟိုဟာပါတယ်"

"ဘယ်ဟာပါတာလဲ. . . မရှင်းမရှင်းနဲ့ဝဠာရယ်"

"ဟာ. . . ကျွန်တော်မပြောရဲလို့ပါဆိုနေမှ"

"ဩော်. . . ဘာလဲ. . . စာလား"

"အင်း. . . ရော့. . . ယူလေ။ သူများတွေမြင်ကုန်တော့ မှာပဲ"

မိုးသဲဖြူက ရယ်ရယ်မောမောဖြင့် သူပေးသည့်အထုပ် လေးကို ဖျတ်ခနဲယူလိုက်လေ၏။ သူ စက်ဘီးကိုခြေကုန်နင်း၍ပြန် လာခဲ့တော့သည်။ တစ်ခါမှမလုပ်ဖူးသည့်အလုပ်မို့ ခြေတွေလက် တွေတောင်မှတုန်နေ၏။ လမ်းထဲရောက်တော့ ခြံရှေ့မှာထွက်ရပ် နေသည့်မြင့်မိုရ်နှင့်တန်းတိုးလေသည်။

"အခြေအနေဘယ်လိုလဲ"

"အခုမှ နှစ်ရက်ရှိသေးတာ။ မလောပါနဲ့ကွ"

"ဟင်းဟင်း. . . ငါ ညက အိပ်မက်ထဲမှာ ဂျင်းဘောင်းဘီ အနက်လေးဝတ်ရတယ်ဝဠာ။ အဆင်အသွေးလေးက တောက်ပ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲကွ"

"ပွဲမပြီးခင် ဖျာလာမသိမ်းနဲ့မြင့်မိုရ်၊ မင်းကိုယ်မင်း တော်ရုံပဲအထင်ကြီးပါ"

"အေးပေါ့လေ. . . မင်းက အရင်ဆုံးလှုပ်ရှားခွင့်ရတော့ ငါ့ထက် တစ်ကွက်သာသွားတာပေါ့။ ဒါပေမဲ့ ငါကြိုမြင်ပါတယ်ကွာ။ ကောင်မလေးတွေက မင်းလိုရေခဲတုံးမျိုးကို စိတ်မဝင်စားကြပါဘူး"

"ဘာလဲ. . . မင်းလိုတီကောင်ဆားပက် ဖျပ်ဖျပ်လူးနေတဲ့ ကောင်မျိုးကိုမှ စိတ်ဝင်စားတယ်ပေါ့လေ"

"ဒါပေါ့. . . မယုံရင်စောင့်ကြည့်လိုက်။ ခုနစ်ရက်ပြည့်ပြီး ရှစ်ရက်မြောက်နေ့ရောက်တာနဲ့ မိုးသဲဖြူနဲ့ငါ OK မှာ စိုပြည်နေပြီမှတ်။ ဒီလိုကောင်မလေးမျိုးက တစ်ရက်ထက် ပိုမနှူးရပါဘူးကွာ၊ ဟင်းဟင်းဟင်း. . ."

"မင်းနော်. . . ငါ့ရက်မပြည့်သေးဘူးဆိုတာလည်း မမေ့နဲ့ဦး"

"ငါသိပါတယ်ကွ"

ဝဋ္ဌာက ပေစောင်းစောင်းကြည့်၍ ခြံထဲဝင်သွားတော့ သူကျိတ်ပြုံးလိုက်၏။ ဖြတ်ထိုးဉာဏ်ကောင်းတဲ့လူက အမြဲတစ်ကွက်သာတယ်ဝဋ္ဌာ။ မင်းအိတ်ထဲက ပိုက်ဆံတွေကို မြင်နေတာထက်





အရှုံးပေးလိုက်ရတဲ့မင်းမျက်နှာရှုံ့တွကြီးကို ငါက လှောင်ရယ်ချင်တာပါ။ စောင့်ကြည့်လိုက်ပါဦးကွာ. . .။

ညရောက်တော့ ထမင်းစားအပြီးမှာ ဖုန်းလာသည်ဆို၍ သူကိုင်လိုက်ပါ၏။ တစ်ဖက်မှ မိုးသဲဖြူက ခပ်ဆတ်ဆတ်အသံဖြင့် သူ့ကိုရန်တွေ့လေသည်။

"ကဲပြော. . . နင်တို့နှစ်ယောက်တိုင်ပင်ပြီး သဲကိုရည်းစားစကားပြော၊ စာပေးကြတာမဟုတ်လား"

"ဟာ. . . မတိုင်ပင်ပါဘူးသဲရဲ့"

"မတိုင်ပင်ရင် သဲကို ရှေ့ဆင့်နောက်ဆင့်ရည်းစားစကားပြောပါ့မလားမြင့်မိုရ်ရဲ့"

"ဒီလိုပါသဲရဲ့. . . ဒီကောင်က သူ့လိုခပ်အေးအေးနေတတ်တဲ့လူမျိုးကိုပဲ မိန်းကလေးတွေက စိတ်ဝင်စားကြတာတဲ့။ ကိုယ်က ပြောင်စပ်စပ်နေလို့ ကောင်မလေးတွေက အထင်မကြီးဘူးပေါ့ကွာ။ ကိုယ်, သဲကိုစိတ်ဝင်စားနေမှန်း ဒီကောင်သိတော့ ကိုယ်သာ သဲဆီကအဖြေရရင် ကိုယ့်ကို ဂျင်းဘောင်းဘီတစ်ထည်ဝယ်ပေးမယ်လို့ သူကပြောတယ်"

"ကြည့်စမ်း! လူကိုများ အလောင်းအစားနဲ့အဖြေတောင်းစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး . . . စိတ်အရင်မဆိုးပါနဲ့သဲရာ။ ကိုယ်က . . . သဲ အချောင်နာမည်ပျက်မှာကိုမလိုလားပါဘူး။ ပြီးတော့ သဲကိုမနစ်နာစေချင်ဘူး"

"သဲ . . . နင်တို့နှစ်ယောက်စလုံးကိုကြောက်တယ် မြင့်မိုရ်၊ နင်တို့က အချင်းချင်းအမြဲငြိနေကြတဲ့သူတွေလေ"

"ဒါဖြင့် သဲ . . . ကိုယ့်ကိုပြန်မချစ်နိုင်ဘူးပေါ့"

"သဲ . . . အဲဒါတွေစိတ်မဝင်စားဘူး။ ဒါပဲ . . . အပြတ်ပြောလိုက်ပါရဲ့"

"ဒါဆို ကိုယ့်ကို တစ်ခုလေးတော့ကူညီပါကွာ။ ကိုယ် သူ့ကိုနိုင်ချင်လို့ပါ"

"သဲကိုမထိခိုက်တာမျိုးဆိုရင်တော့ရမယ်"

"OK . . . သဲနဲ့ကိုယ်တို့နှစ်ယောက်အပြင် ဘယ်သူမှမသိလိုက်ဘဲ ဒီပွဲငြိမ်းချမ်းစွာပြီးဆုံးစေရမယ်။ သဘောတူမလား"

"ပြော . . ."

"ကိုယ်ပြောထားတဲ့အတိုင်းလုပ်နော်။ လာမယ့်သောကြာနေ့မှာ သဲ . . . ရေမွှေးနှင်းဆီလေးပန်လာခဲ့။ ဒါဆိုပြီးပြီ"

"သူများတွေသိကုန်ရင် ဘယ့်နှယ့်လုပ်မလဲမြင့်မိုရ်ရဲ့။ ပြီးတော့ သူပေးထားတဲ့စာနဲ့စာအုပ်ကိုလည်း ဖေဖေမမြင်အောင် သဲ





ဝှက်ထားရတယ်"

"ဘယ်သူမှမသိစေရပါဘူး . . . စိတ်ချ။ အဲဒီစာကိုလည်း ကိုယ် သူ့ကိုပြန်ပေးလိုက်ပါ့မယ်။ ပြီးရင် စနေနေ့မှာ သူ့ ကိုယ့်ကို ဘောင်းဘီလိုက်ဝယ်ပေးရင် သဲအတွက် ကိုယ်မုန့်ဝယ်လာပေးမယ်။ ပြော . . . သဲဘာစားချင်လဲ"

"နေပါစေ"

"သဲနဲ့ကိုယ် . . . ဘော်ဒါတွေပေါ့နော်။ သဲဘက်က အဖြူရောင်ဆိုရင် ကိုယ်ပြောထားတဲ့စကားကို ဘွာခတ်လိုက်ပြီ . . . ကျေနပ်လား"

"အင်း"

"ဒါဆို good night "

"မ night တ night "

မိုးသဲဖြူရယ်မောရင်း ဖုန်းချသွားတော့ သူကျိတ်ပြုံးလိုက်၏။ မှုကြီးရယ် . . . မင်းတော့ အချိုကြီးပွပေါက်တိုးသွားပါပြီကွာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

သောကြာနေ့၊ ကျောင်းတက်ရန်ထွက်လာကြစဉ် လမ်းမှာ ဝဋ္ဌာက မြင့်မိုရ်ကိုပြောလိုက်ပါ၏။

"မင်းကိုလည်း ဟိုကအဖြေမပေးရင်. . . သရေနော်"

"ကြောက်ချေးပါမနေနဲ့. . . ငါ သူ့ကိုအဖြေတောင်းထားပြီးသား။ ကိုယ့်ကိုချစ်တယ်လို့ပြန်ဖြေရင် ရေမွှေးနှင်းဆီလေး ပန်လာခဲ့လို့"

"မိုးသဲဖြူက ပန်းမှပန်လေ့မရှိတာ"

"စောင့်ကြည့်ပေါ့ဝဋ္ဌာရာ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှလာနေသည့်ကျောင်းသူအုပ်စုကို စောင့်ကြည့်နေစဉ် နောက်ဆုံးမှပါလာသည့်မိုးသဲဖြူကို မြင်လိုက်ရ၏။ သူမခေါင်းပေါ်မှာကား ငွားငွားစွင့်စွင့်ပွင့်နေပါသည့်ရေမွှေးနှင်းဆီလေး. . .။

"ဟာ! "

"တွေ့လား. . . ဒါကြောင့် ငါ့ကိုလျှော့မတွက်ပါနဲ့လို့ပြောတာပေါ့မှူကြီးရဲ့။ လာ. . . သူ့နားက ကပ်လျှောက်မယ်"

"မလျှောက်ချင်ပါဘူး"

"မုဒိတာပွားစမ်းပါကွာ"

မြင့်မိုရ်က မိုးသဲဖြူကိုပြုံးပြလိုက်ပြီး လွယ်အိတ်ထဲမှ ချောကလက်တောင့်ကိုနှိုက်၍ လှမ်းပေးလိုက်ပါ၏။

"သဲ. . . Thanks နော်"

မိုးသဲဖြူက မပွင့်တပွင့်ပြုံးလိုက်ပြီး ဝဠာကိုမျက်စောင်းတစ်ချက်ပိတ်ထိုးလိုက်ပါ၏။ မြင့်မိုရ် စက်ဘီးပေါ်တက်လိုက်တော့ သူပါစက်ဘီးနင်းလိုက်တော့သည်။ စိတ်ထဲမှာတော့ ဇဝေဇဝါ။ ဖြစ်နိုင်ပါ့မလား. . . ချွန်တွန်းပုံကတော့အပိုင်ပါပဲ။ ခေါ်တာတောင်မှ 'သဲ'တဲ့။

စာသင်နေချိန်မှာ ကျောင်းစာထဲကို မနည်းစိတ်နှစ်ထား





ရသည်။ လောင်းကြေးရှုံးတာထက် ချွန်တွန်းကိုနိုင်ချင်သည့်စိတ်က ရင်ထဲမှာ မီးစနှင့်အထိုးခံရသလို ပူလောင်ပြင်းပြလေစွ။ မုန့်စားဆင်းချိန်မှာ သူ့ပခုံးကိုလာပုတ်သဖြင့် မော့ကြည့်လိုက်တော့ မြင့်မိုရ်ဖြစ်နေလေ၏။

"ဟေ့! မှူကြီး. . . မှိုင်လှချည်လားကွ။ လာကွာ, အအေးလေးဘာလေး သွားသောက်ကြရအောင်"

"ဟာ. . . ငါမသောက်ချင်ပါဘူး"

"ဟ. . . ငါတိုက်မှာပါကွ၊ မင်းကလည်း"

"ဟင့်အင်း. . . နေပါစေ"

"မင်းကလည်းကွာ. . . ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ အဖြေမရတာပဲ ဆန်းသလားကွ။ ဒါတွေက ပါးပါးလေးပါကွာ"

"အာ. . . ဟေ့ကောင်၊ ကျောင်းခန်းထဲမှာ မင်းလျှောက်မဖွနဲ့ကွ။ သူများတွေ သိကုန်တော့မှာပဲ"

"ဘာဖြစ်လဲကွ. . . ငါတို့ကလေးတွေမှမဟုတ်တော့တဲ့ဟာ။ ဘာလဲ. . . မနက်ဖြန်ကုန်မယ့်ဘောင်းဘီဖိုးအတွက် မင်းညစ်နေတာလား"

"မဆိုင်ပါဘူး. . . မင်းလိုချင်ရင် ဆယ်ထည်လောက်ဝယ်ပေးလို့ရတယ်။ အပိုတွေလာပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မျက်နှာကို ကြည်ကြည်လင်လင်လေးထား ပေါ့ကွာ။ မင်းကိုကြည့်လိုက်ရင် အမြဲသုန်မှုန်နေတာပဲ။ ရှိရင်းစွဲ အသက်ထက် မင်းရုပ်ကပိုရင့်နေပြီ"

"အဲဒါ မင်းအပူမပါပါဘူး. . . ပြောစရာမလိုဘူး"

"ထားလိုက်ပါ. . . မနက်ဖြန် ငါတို့ ဘယ်အချိန်တွေ့ကြမှာလဲ"

"နှစ်နာရီဝန်းကျင်ပေါ့"

"OK . . . ဒါဖြင့် ငါသွားပြီ"

"အေး"

သူတို့နှစ်ယောက် အချိန်းအချက်လုပ်နေတာကို နားစွန်နားဖျားကြား၍ ဘယ်သူက သွားချွန်လေသည်မသိ။ မုန့်စားဆင်းတက်ချိန်မှာ ကျောင်းအုပ်ကြီးခေါ်သဖြင့် ဆရာကြီးရုံးခန်းကို သူတို့ ရောက်ခဲ့ရလေသည်။

"ကဲ. . . ထိုင်. . . ပြောပါဦး. . . ဆရာကြီးတို့က မင်းတို့နှစ်ယောက်ကို အဆင်ပြေအောင်တည့်အောင် ငယ်ငယ်ကတည်းက ထိန်းမတ်ပေးခဲ့တယ်။ အခုတော့ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ချိန်းပွဲလုပ်တာမျိုးတော့ ဘယ်ကောင်းပါ့မလဲ"

"ဗျာ! "





"ဟာ. . . မဟုတ်ပါဘူးဆရာကြီး"

"မဟုတ်ဘူးလား၊ ဒါဆိုရင် (B) ခန်းမှာ ဝဋ္ဌာကို မြင့်မိုရ် ချိန်းနေတာ ဘာအကြောင်းလဲ"

သူတို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိ၏။ အားပါးပါး. . . သတင်းရောက်တာကလည်း တိကျမြန်ဆန်လှချည်လား. . . ဘယ်သူများ လာချွန်သွားတာပါလိမ့်။

"ကျွန်တော်တို့နှစ်ယောက် မနက်ဖြန် shopping ထွက်ဖို့ချိန်းတာပါဆရာကြီး။ ရန်ဖြစ်မလို့မဟုတ်ပါဘူး"

"သေချာတယ်နော်"

"ဟုတ်ကဲ့"

"အေး. . . ဒါဖြင့်လည်းပြီးရော။ နောက်မှ နှစ်ယောက်သား ပြဿနာဖြစ်တာကြားတာနဲ့. . . မင်းတို့နှစ်ယောက် ကျောင်းအထုတ်ပဲ"

"စိတ်ချပါဆရာကြီး၊ ကျွန်တော်တို့ ဘာပြဿနာမှမဖြစ်ပါဘူး"

အိမ်ကိုပြန်ရောက်တော့ သူ့မျက်နှာမှာ မခံချိမခံသာဖြစ်၍သုန်မှုန်နေလေသည်။ မေမေက သူ့ကိုကြည့်ပြီး မရမကမေးသော်လည်း သူက ခေါင်းကိုသာတွင်တွင်ခါ၍ အခန်းထဲဝင်ခွေနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး. . . မာမီက ထမင်းစားရအောင်တဲ့"

"မစားချင်ပါဘူး နီနီရာ။ ဆာလည်းမဆာဘူး. . . စားချင်စိတ်လည်းမရှိဘူး"

"အဲဒီလိုတော့ မနေပါနဲ့သားလေးရယ်။ တော်ကြာ မာမီစိတ်မကောင်းဖြစ်နေပါဦးမယ်"

"နီနီရာ. . . ကျွန်တော်နဲ့ချွန်တွန်း ဘယ်သူက ရုပ်ပိုချောလို့လဲ"

"သားလေးက ပိုချောတာပေါ့"

"ဒီမျက်မှန်ကြီးကြောင့်လား"

"ဘာလဲ. . . သားလေး လောင်းကြေးရှုံးသွားပြီလား"

"အင်း. . . ကောင်မလေးက ချွန်တွန်းကိုရွေးလိုက်ပြီဗျ"

"ကောင်းတယ်. . . ဒါမှ သူစိတ်လေပြီး သားလေးထက်အမှတ်တွေလျော့မှာ"

"မထင်နဲ့နီနီရဲ့. . . ဒီကောင်က မိုးသဲဖြူကိုတကယ်ကြိုက်တာမှမဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ် နီနီတော့ သဘောကျတယ်။ နို့မို့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သားလေးစာကျက်တာ အနှောင့်အယှက်ဖြစ်နေမှာ။ ခုတော့အေးရော. . ."





"နီနီကလည်း. . . ဘာမှမသိဘဲ စွတ်ပြောနေတာပဲ။ အခု ကျွန်တော် ဟိုကောင့်ကိုဘောင်းဘီဝယ်ပေးရတော့မယ်"

"အို. . . ဘာကိစ္စဝယ်ပေးရမှာတုန်း. . . မဝယ်ပေးနဲ့။ အလကား. . . မေ့ထားလိုက်"

"ရမလားနီနီရဲ့. . . မင်းမှာသစ္စာ လူမှာကတိတဲ့။ ကျွန်တော်က ပေးပြီးသားကတိကို လွယ်လွယ်နဲ့မဖျက်တတ်ဘူး။ ဘောင်းဘီဝယ်ပေးရတာထက်. . . အနိုင်ရလို့ပြုံးဖြီးဖြီးဖြစ်နေတဲ့ဒီကောင့်မျက်ခွက်ကြီးကို လက်သီးစာနာနာကျွေးလိုက်ချင်တာ"

"ဟယ်! မလုပ်နဲ့လေ။ တော်ကြာ သားလေးလက်တွေ နာကုန်မှာပေါ့"

သူ့အတွက် နေရာတကာစိုးရိမ်လွန်းသည့်နီနီ့ကြောင့် သူစိတ်ညစ်နေရာမှ ပြုံးလိုက်မိ၏။ ဟင်း. . . ဘာမှလည်းနားမလည်ဘဲ နေရာတကာ သူ့ကိုပူပန်ဖို့ပဲတတ်တဲ့နီနီပါလား။ ငယ်ငယ်တုန်းကတော့ သူ့ကိုထိန်းဖို့ဆိုပြီး ခေါ်ထားခဲ့ရာမှ သူအရွယ်ကြီးလာတော့ နီနီ့ကို အိမ်ပြောင်းခိုင်းမည်သတင်းကြားသည်နှင့် သူလည်းငို၊ နီနီလည်းငိုတာကြောင့် နောက်ဆုံးတော့ သံယောဇဉ်ကြီးတစ်ခုနှင့်ပင် နီနီ ဒီအိမ်မှာသောင်တင်နေခဲ့တာကြာပေပြီ။ သူ့အတွက်ဆိုရင် သူဘယ်လောက်မှားမှား သူမှန်သည်ချည်း တစ်ဖက်သတ်



www.burmeseclassic.com

www.burmeseclassic.com



စွဲထင်တတ်သည့်နီနီကြောင့် မေမေတို့ပင် ပြောမရလေခဲ့။ ဩော် ငယ်ငယ်ကတည်းက ချည်နှောင်လာခဲ့သည့်ကြိုးတစ်စပေကိုး။

"တကယ်မစားဘူးလားဟင်. . . တော်ကြာ ဗိုက်တွေဘာတွေအောင့်ကုန်တော့မှာပဲသားလေးရယ်"

"ကဲ. . . စားမယ်. . . စားမယ်. . . နီနီရေ့"

"အေး. . . အဲဒီလိုလုပ်ပါဟဲ့ကလေးလေးရဲ့။ နီနီက သားလေးအကြိုက် ကြက်သားကွပ်ကွပ်လေးကြော်ထားပြီး ပဲနဲ့ကြာဆံဟင်းချိုချက်ထားတယ်လေ။ ကြံမဆိုင်နဲ့ဝက်သားလည်း ကြော်ပေးထားတယ်။ ပြီးတော့ သားလေးပဲ ခရမ်းသီးပြုတ်တို့ချင်တယ်ဆို"

"စားမယ်. . . စားမယ်. . . အခုပဲ"

"ဟဲ့. . . နီနီထမင်းမခူးရသေးဘူး"

လှေကားမှ ဝရန်းသုန်းကားပြေးဆင်းလာတော့ နီနီက ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်လေးဖြင့် နောက်မှပြေးလိုက်လာလေ၏။

"ဩော်. . . ဟိုနှစ်ယောက်, ဘယ်လိုဖြစ်လာကြတာလဲ။ မကြီးမငယ်နဲ့. . . ဟိုဘောလုံးကိုယ်ခန္ဓာတော့ လှေကားက ပြုတ်ကျတော့မှာပဲ"

"သားလေးထမင်းမစားချင်ဘူးဆိုလို့ ချော့ခေါ်နေတာပါဒယ်ဒီ"





"အေး. . . သားကလည်း ညည်းနဲ့ပဲကိုက်တယ်၊ သိလား နီနီ. . . ညည်းပဲအလိုလိုက်။ ဒါကြောင့် ဒီကောင်ဗိုလ်ကျချင်တိုင်းကျနေတာ"

"ဟင်. . . သားလေးက လိမ္မာပါတယ်ဒယ်ဒီရဲ့"

"ကဲ. . . ပြောမနေပါနဲ့တော့အစ်ကိုရယ်။ သင်းက သားကို ခုချိန်ထိကလေးမှတ်နေတုန်းပဲ။ သွား. . . သွား. . . ဟိုမှာဆာပြီဆိုရင် ဟပ်လျှားထိုးစားတော့မှာ"

ထမင်းစားခန်းထဲမှာ သူ့အတွက် ထမင်းပွဲကိုအမြန်ပြင်ပေးရင်း ရယ်မောနေရသေးသည်။ စိတ်ညစ်တာတွေတောင် ဘယ်ရောက်သွားသည်မသိ။ ညဘက်မှာ ဒိုင်ယာရီထဲ၌ စာကြောင်းတွေစီချရေးလိုက်မိသည်။

"ရှုံးပြန်ပြီ. . . နောက်ကို ဒီလိုမျိုး ငါဘယ်တော့မှမရှုံးစေရဘူး"

ဒိုင်ယာရီစာအုပ်ကို အံဆွဲထဲထည့်လိုက်ပြီး English Text ကိုဖွင့်လိုက်၏။ ဘာလိုလိုနဲ့ စာမေးပွဲကြီးတောင် နီးလာပါလေရောလား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

မြို့ထဲမှာ မြင့်မိုရ်စိတ်ကြိုက်ဘောင်းဘီကို ဝယ်ပေးလိုက်ပြီး အတူတူ Taxi နှင့်ပြန်လာခဲ့ကြ၏။ မြင့်မိုရ်က ဘောင်းဘီထုပ်ကို မကြာခဏဖွင့်ဖွင့်ကြည့်နေသဖြင့် သူတော်တော်အမြင်ကပ်နေလေပြီ။ ကြည့်ပါဦး. . . တစ်ခါမှမဝယ်ဖူးမဝတ်ဖူးတာကျနေတာပဲ။ ဒါတမင်သက်သက် သူ့စိတ်ကိုမရိုးမရွဖြစ်အောင်လုပ်နေတာ။

"ဟာဟ. . . ငါကတော့ အိပ်မက်ကိုတကယ်ယုံသွားပြီ။ ငါ့အိပ်မက်က တကယ်မှန်တာပဲကွ။ ဟင်းဟင်း. . . မင်းဝယ်ပေးတဲ့ဘောင်းဘီကို အမှတ်တရဝတ်ရသေးတာပေါ့"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နားငြီးတယ်ကွာ"

"မင်းကလည်း ပိုက်ဆံကုန်လို့ညစ်နေတာလား။ ငွေတစ်သောင်းကျော်လေးကုန်တာကိုများ နှမျောနေသေး"

"ပိုက်ဆံကုန်လို့မဟုတ်ဘူးဟ့။ ပါးစပ်က အရသာခံပြီးပြောနေတဲ့မင်းကိုကျွေးချင်လာလို့ ငါ့လက်တွေယားလာပြီ။ ပါးစပ်ပိတ်ထားရင်ကောင်းမယ်"

"မင်းချရင် ငါလည်းချမှာပေါ့။ ဒါများ. . . အဲ. . . ဆရာကြီးသိရင်တော့ မချောင်ဘူးနော်"

"အဲဒါကိုသိလို့ ငါငြိမ်နေတာ။ အကောင်းမှတ်မနေနဲ့. . . မင်းပါးစပ်ပိတ်ထားကွာ"

မြင့်မိုရ်က ဘာကိုသဘောကျနေပြန်သည်မသိ။ တဟင်းဟင်းနှင့်ကျိတ်ရယ်နေပြန်၏။ ဝေါက်! သူ ဒေါသကိုမနည်းထိန်း၍မျက်နှာကို ကားပြတင်းပေါက်ဘ. ႆ. လှည့်ထားလိုက်ရသည်။ ခြံရှေ့မှာ ကားရပ်ပေးတော့ မြင့်မိုရ် Taxi ခရှင်းပေးလိုက်သဖြင့် သူ ခြံထဲဝင်လာခဲ့၏။

ဧည့်ခန်းမှာ ဟိုဘက်ဒီဘက်လျှောက်နေသည့် ဖေဖေ့ကိုတွေ့လိုက်ရသဖြင့် တစ်ခုခုထူးပြီဟု သူအတတ်သိလိုက်ပါသည်။

"ကဲ. . . လာပါဦး, ကိုဝဠာ"





"ဘာဖြစ်လို့လဲ ဖေ"

"ဒီကိစ္စလေးရှင်းဖို့လေ၊ ကွ. . . ဒီမှာထိုင်ပါဦး"

ဖေဖေ့လက်ထဲမှဒိုင်ယာရီစာအုပ်လေးနှင့် စာအိတ်အဖြူကိုတွေ့လိုက်ရသည်နှင့် သူရင်ထိတ်သွားရ၏။ အား. . . မိုးသဲဖြူဂယက်က အိမ်ထဲထိရောက်လာပါရောလား။

"ကဲ. . . ပြောပါဦး ကိုရွှေဝဠာ။ ဒီအတန်းက မင်းဘဝအတွက် အရေးအကြီးဆုံးဆိုတာ နားလည်ရဲ့သားနဲ့၊ ဘာကြောင့်ဒီအလုပ်တွေကိုလုပ်နေတာလဲဟင်"

"ဟို. . . အဲဒါ.... ဟိုဒင်းဖေရ"

"ဘာဟိုဒင်းလဲ. . . ဟင်. . . ဘာဆင်ခြေတက်ဦးမှာလဲ။ ဒီလ Report Card မှာ အဆင့်ကတော့ 'တစ်' ရပါရဲ့။ အမှတ်တွေသုံးလေးမှတ်လျော့နေရတဲ့အကြောင်းအရင်းက ဒီစာကိုမြင်ရုံနဲ့ ငါသိလိုက်ပြီ"

"ဟာ. . . မဟုတ်ပါဘူး ဖေ၊ ကျွန်တော်ရှင်းပြပါ့မယ်"

"ဘာမှအထွန့်မတက်နဲ့ဝဠာ။ ကြည့်ပါဦး, ဘယ်လောက်ရှက်ဖို့ကောင်းလိုက်သလဲ။ တူမကိုစာပေးလို့ ဦးလေးက အိမ်တိုင်ရာရောက်လာတိုင်တာ ငါ့တစ်သက် ဒီတစ်ခါပဲကြုံဖူးတယ်။ အမယ်လေး. . . ငါ့မျက်နှာသာ ငါ, ဓားနဲ့လှီးပစ်လိုက်ချင်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူကြည့်တော့ဖြင့် စာကြမ်းပိုးရုပ်လေးနဲ့ ခွေးပစ်တဲ့တုတ်လောက်လေးရှိသေးတယ်။ စာထဲစိတ်မဝင်စားဘဲ ရည်းစားက ထားချင်နေပြီလားဝဋ္ဋာ"

"အား. . . ဖေ. . . ဟုတ်ဘူး"

နားရွက်ကိုဆွဲလိုက်၍ သူအော်လိုက်တော့ မေမေက ဧည့်ခန်းသို့အပြေးထွက်လာလေ၏။

"အစ်ကို. . . သားကို စံပယ်ပြောပါ့မယ်။ အဲဒီလိုတော့ မနှိပ်စက်ပါနဲ့"

"အံမာ. . . မင်းရဲ့သားကို နားရွက်ပဲဆွဲရသေးတာ။ နားပန်တောင် မကျင်းရသေးဘူး"

"မလုပ်ပါနဲ့. . . သားက နဂိုကမှချူချူချာချာရယ်"

"ဘာချူချူချာချာလဲ၊ စာတော့ ပိုတော်လာတယ်မရှိဘူး။ စာပေးစာယူက တတ်နေပြီ။ ဘာတဲ့. . . ကိုယ် မင်းကိုစတွေ့မိကတည်းက ရင်ခုန်ခဲ့မိတာပါတဲ့။ ရင်မခုန်ရင် သေသွားမှာတော့မပြောဘူး။ မင်းရဲ့လက်ကလေးကို ဆုပ်ကိုင်ခွင့်ရချင်တယ်တဲ့. . .။ အမယ်လေး. . . နှာကထချင်သေးတယ်။ အကျင့်ကောင်းတွေ . . . ကိုယ့်ကိုစာနာနားလည်ပေးနိုင်မယ်လို့မျှော်လင့်ရင်းတဲ့. . . စာနာမှုတော့မမျှော်လင့်နဲ့ နာကျင်ဖို့သာပြင်. . . ငါ. . . "





"အို. . . အစ်ကိုကလည်း ဒီလောက်ပြောနေတဲ့ကြားက"

"စံပယ်နော်. . . မင်းကြပ်ကြပ်ကာဆီး. . . သိလား။ မင်းရဲ့သား အင်ဂျင်နီယာမဖြစ်ဘဲ ပန်းရံသမားဖြစ်နေလိမ့်မယ်. . . တောက်! "

"ဖွ. . . လွဲပါစေ. . . ဖယ်ပါစေ. . . မဦးမချွတ် သားကို မပြောပါနဲ့။ မွေးထားတာမှ ရှားရှားပါးပါးဒီကလေးတစ်ယောက်တည်းရှိတာ။ ဒီအရွယ်ဒီအတတ်လေးတော့တတ်မှာပဲ။ ချော့ပြောရင်ရရဲ့သားနဲ့။ လက်ပါတာတော့ စံပယ်မကြိုက်ပါဘူး။ စံပယ်က ဝမ်းနဲ့လွယ်မွေးထားရတာပါရှင့်. . . ဦးအာကာရဲ့"

ဟိုက်. . . သူ့ကိုရိုက်တာနဲ့ ဖေဖေနဲ့မေမေ ရန်ပွဲစချေပြီ။ မေမေ့မျက်ရည်ကိုမြင်သည်နှင့် ဖေဖေ့ဒေါသတွေ ကြက်ပျောက်ငှက်ပျောက်,ပျောက်ကုန်ပါလေတော့သည်။

"ငါက သားကိုဆုံးမနေတာလေ,စံပယ်ရာ".

"ဆုံးမတာ နှုတ်ကပဲဆုံးမ. . . လက်မပါနဲ့။ စံပယ်မကြိုက်ဘူး"

"အေးပါ. . . အေးပါ. . . မင်းရဲ့သားကို ဗိုက်ထဲသာပြန်ထည့်ထားလိုက်။ သိလား. . . ဒေါ်စံပယ်သင်း"

"ထည့်လို့ရရင် ထည့်ထားလိုက်တာပေါ့ရှင်။ မရလို့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရတာ"

နီနီက သူ့အရိုက်ခံရ၍ မျက်ရည်ဝဲနေ၊ ၊ ခမေ့စကား ကြောင့် ခွီးခနဲရယ်လေတော့ မေမေမျက်စောင်းခဲတ ကို ခံရလေ တော့သည်။ သူစိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေကို ထိုးဖွလိုက်တော့ မေ မေက သူ့ဆံပင်တွေကို ပြန်သပ်ချပေးနေပြန်၏။

"လိုက်လည်းလိုက်တဲ့သားအမိ။ မအေက သားကိုအလို လိုက်၊ သားကလည်း မအေကိုမြင်တာနဲ့ ရင်ခွင်ထဲခွေ့ဝင် ချွဲဖို့ပြင် ပြီးနေပြီ။ နောက်တော့မှ မိန်းမယူပြီး မင်းရင်ကိုစုံကန်ထွက်သွား လိမ့်မယ်ဒေါ်စံပယ်ရေ. . . သတိသာထား"

"အို. . . သားမိန်းမယူရင် သားနောက် စံပယ်လိုက်နေ မှာပေါ့။ သားနဲ့တော့ ခွဲမနေနိုင်ပါဘူး"

"ဟာ. . . ဒါဖြင့် ငါနဲ့တော့ခွဲနေနိုင်တယ်ပေါ့လေ"

"ရှင်နဲ့ခွဲနေရတာအကြောင်းလား။ ပေါင်းလာတာဖြင့် နှစ် နှစ်ဆယ်ရှိနေပြီ။ ဒီအရွယ်ကြီးထိ အတူနေ,နေတာကိုတောင် ကျေး ဇူးတင်ဦး"

"ကောင်းကွာ. . . သားကိုထိတာနဲ့ ယောက်ျားကို ရန်သူ လိုဆက်ဆံနေတဲ့မိန်းမ ဒီတစ်ခါပဲမြင်ဖူးတယ်။ မင်းချွေးမနဲ့အတူ နေရင် မင်း,သားက မင်းကို မီးဖိုချောင်မှာအလုပ်ခန့်လိမ့်မယ်"





"ခန့်ခန့်ပေါ့. . . ရှင့်အပူမပါဘူး။ စံပယ့်သားစားချင်တာ စံပယ်ချက်ကျွေးနိုင်တယ်"

"သေဟဲ့"

ဖေဖေနဖူးရိုက်လိုက်တော့ သူပါ မအောင့်နိုင်ဘဲရယ်ချ လိုက်မိတော့သည်။ မေမေက သူရယ်တာမြင်တော့မှ မျက်ရည်တွေ ကိုသုတ်လိုက်ပြီး သူ့နဖူးကိုနမ်းလိုက်လေ၏။ ကဲ. . . ဒီအရွယ်ထိ သူက ကလေးလေးလိုနေ,နေရတုန်းပဲမဟုတ်လား။

"မေ. . . ကျွန်တော် မိန်းမမယူပါဘူး။ ဘာရည်းစားမှ လည်းမထားဘူး။ မယုံရင် နီနီ့ကိုမေးကြည့်လိုက်ပါ။ ဒါ. . . ချွန်တွန်း နဲ့လောင်းထားတဲ့ကိစ္စ. . . နီနီသိပါတယ်"

"ဟုတ်လားနီနီ"

"ဟုတ်ကဲ့မာမီ"

"ကောင်းရော. . . အတော်ချစ်ဖို့ကောင်းတဲ့မအေနဲ့ အစ်မ ပါလားနော်။ နောက်ဆုံးတော့ ငါပဲလူဆိုးကြီးဖြစ်ရပြီ"

"ကျွန်တော် ကတိပေးပါတယ်ဖေရာ. . . Result ထွက်ရင် ကျွန်တော်လိုချင်တဲ့လိုင်း, ရကိုရစေရပါမယ်"

"ကတိကို လွယ်လွယ်နဲ့မပေးနဲ့နော်ငဥာ"

"ကျွန်တော် တကယ်ပြောနေတာပါဖေရာ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ခေါင်းကို ရင်ခွင်ထဲဆွဲဖက်လိုက်တော့ ဖေဖေ့ထံမှ မျက်စောင်းကြီးဒိုင်းခနဲရောက်လာလေ၏။

"ဒေါ်စံပယ်. . . ခင်ဗျားသား ကလေးမဟုတ်တော့ဘူးနော်"

"ကြည့်. . . မနာလိုကဖြစ်နေပြန်ပြီ။ စံပယ့်သားက. . . ကလေးတစ်ဒါဇင်လောက်ရနေလည်း စံပယ့်အတွက်ကလေးပဲ"

"ဟင်း. . . မပြောတော့ဘူးဟေ့"

"နော်. . . သားရယ်။ သားကြိုက်တဲ့မိန်းကလေးရှိနေရင် အိမ်ကိုသာခေါ်လာခဲ့. . . သိလား။ မေမေတို့မသိအောင် ရည်းစားခိုးမထားနဲ့နော်။ ပြီးတော့ အခု သားအသက်ငယ်ပါသေးတယ်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်ရင် ထားပါလေ့ သက်စေ့။ အဲဒီအထဲကမှ သားကြိုက်တာကို ခေါင်းခေါက်ပြီးရွေးလိုက်စမ်းပါ။ မေမေသဘောတူမယ်။ သိလား. . ."

"ဟုတ်"

"ကောင်းရော. . . ဘုန်းကြီးရှူးနဲ့လေ့လူးနဲ့တော့ ဟုတ်နေတာပါပဲ။ ကဲ. . . သမီးနီနီရေ, ထမင်းခူးတော့။ သင်းကိုဆူနေရတာနဲ့ ဗိုက်ဆာတာတောင် ဘယ်ရောက်သွားမှန်းမသိ"

"ဟုတ်ကဲ့ပါဒယ်ဒီ"





ထမင်းစားသောက်ပြီး စာကြည့်စားပွဲမှာ ထိုင်လိုက်စဉ် ဖုန်းလာသည်ဆို၍ ဧည့်ခန်းရှိဖုန်းကို သူကိုင်လိုက်ပါ၏။

"ဟဲလို"

"ဘယ်လိုလဲမှုံကြီး. . . ခုလောက်ဆို မင်း အီစလံဝေနေလောက်ပြီထင်ပါရဲ့"

"ဩော်. . . ဒါကိုသိနေပုံထောက်ရင် မင်းစနက်မှန်း သေချာနေပြီ"

"စိတ်မကောင်းပါဘူးဝဋ္ဌာရာ. . . သဲကလေ, သူ့ဆီမှာ မင်းစာကိုမထားချင်လို့ ပြန်ပို့ပေးပါပြောလို့ ငါပို့ပေးလိုက်တာပါကွာ"

"ဒါတော့ မင်းလွန်ပြီမြင့်မိုရ်. . . မင်းရည်းစားထားတဲ့ကိစ္စတောင် ငါ, အန်တီနှင်းကို ဘာမှပြောတာမဟုတ်ဘူး"

"ဟင်းဟင်း. . . ငါရည်းစားထားတဲ့ကိစ္စ၊ တယ်ဟုတ်ပါလား. . . ဘယ်မှာလဲ ငါ့ရည်းစား"

"မြင့်မိုရ်. . . မင်း"

"ဘာမှလက်ဆုပ်လက်ကိုင်မပြနိုင်ဘဲ မရိုက်နဲ့ဝဋ္ဌာ။ အဲဒါဆို မင်းမှားသွားလိမ့်မယ်။ မင်း,လာတိုင်လည်း မေမေကယုံမှာမဟုတ်ဘူးကွ။ သဲနဲ့ငါ. . . ချောကလက်လေးတစ်တောင့်နဲ့ပွဲသိမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သွားတာကို မင်းကအဟုတ်မှတ်နေတာ သနားစရာလေးပါလား ကွာ. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

"ချွန်တွန်း, မင်းပြောတော့. . ."

"အေးလေ. . . အဲဒါကြောင့် မင်းကိုငါပြောတာပေါ့။ ဒီပညာတွေ မင်းမတတ်သေးပါဘူးမှုံကြီးရာ။ မင်း,နုပါသေးတယ်"

"တောက်. . . မင်းတော်တော်ဉာဏ်များတဲ့ကောင်။ ညစ်ပတ်စုတ်ပဲ့တဲ့ကောင်. . . ကလိမ်ကကျစ်ကောင်"

"ဆက်ပြောဦးလေ. . . ရပါတယ်ကွ။ ငါကတော့ သောင်းကျော်တန်ဘောင်းဘီလေးဝတ်ပြီး လျှောက်လိမ့်လိုက်ဦးမယ်ဟေ့"

ဖုန်းကိုခွပ်ခနဲချလိုက်ပြီး သူ ဒေါသတွေအလိပ်လိုက်ထွက်နေလေတော့၏။ ငါကိုက ညံ့တာတုံးတာပါလား။ ဒီကောင်ရှိုးသမျှကို ယုံလိုက်မိတာကိုက ငါ့အမှား။

"တောက်! "

"ဟဲ့. . . ဘာဖြစ်တာလဲသားရဲ့"

"ဘယ်သူရှိမလဲမေရဲ့. . . ဟိုကောင်ချွန်တွန်း, ကျွန်တော့်ကို တမင်သက်သက်ချွန်လိုက်တာလေ။ အိမ်ကိုလာတိုင်သွားတာ မိုးသဲရဲ့ဦးလေးမဟုတ်ဘူး။ ဒီကောင်လွှတ်လိုက်တဲ့လူ"

"သားရယ်. . . ဒေါသကိုလျှော့မှပေါ့။ တော်ကြာ မျက်ရိုး





တွေကိုက်လာဦးမယ်"

"တောက်. . . သင်းကိုအသေသာသတ်လိုက်ချင်တယ်။ သင်းမရှိမှအေးမှာ"

"အမယ်လေးလေး. . အဲဒီလိုမပြောရဘူးလေသားရယ်။ ကြည့်ပါဦး. . . မျက်နှာလေးက ကြောက်စရာကြီး"

"မေရာ. . . ကျွန်တော် သူ့ကိုသိပ်မုန်းတာပဲ။ ဒီကောင် ကျွန်တော့်အပေါ် နိုင်ခဲ့ပေါင်းများပြီ။ ကံကြမ္မာက ကျွန်တော့်အပေါ်မှာ ဘယ်တော့မှမျက်နှာသာမပေးဘူး။ သူ့ကိုအမြဲရှုံးနေရတာပဲ။ ကျွန်တော်နိုင်ချင်တယ်. .•. သူ့ကိုအရမ်းနိုင်ချင်တယ်မေ"

"သားရယ်"

မေမေက သူ့ကျောကိုပွတ်သပ်ရင်း ချော့ရှာပါ၏။ ရင်ထဲမှာ ဗလောင်ဆူဝေနေပြီး သင်းကိုမုန်းတီးသည့်စိတ်က တစ်စထက်တစ်စ အမြစ်တွယ် ပွားများကြီးထွားလာခဲ့လေသည်။ လက်ဝါးပြင်ကိုဖြန့်ကြည့်မိလိုက်တိုင်း၊ ဆက်ခဲ့ရဖူးသည့်ဘယ်လက်တံတောင်ကိုစမ်းကြည့်မိတိုင်း၊ ဒူးထောက်ဒဏ်ပေးခံခဲ့ရသည့်ဒူးခေါင်းကိုကိုင်ကြည့်မိတိုင်း သင်းကိုအမုန်းချေချင်သည့်စိတ်က အတိုင်းအဆမဲ့။ ကြည့်စမ်း. . . ဒီကောင့်ကြောင့် သူ့ဘဝကိုယ်လုံး ဒဏ်ရာတွေပြည့်နှက်နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာ့ရီစာအုပ်ကိုဖွင့်၍ စာမျက်နှာသစ်တစ်ရွက်မှာ စာကြောင်းတို့ကို အစီအရီချရေးမိပြန်လေသည်။

"မြင့်မိုရ်. . . အနိုင်ယူခဲ့သူတွေတိုင်းဟာ တစ်နေ့တော့ အရှုံးနဲ့ရင်ဆိုင်ရစမြဲပဲ။ နပိုလီယံပဲကြည့်ကြည့်၊ ဟစ်တလာပဲကြည့်ကြည့်၊ သူတို့ဘယ်လိုပဲအောင်ပွဲခံခဲ့ခံခဲ့. . . ဘုန်းမီးငြိမ်းခဲ့ရတဲ့တစ်နေ့တော့ ရှိစမြဲပါ။ ငါ့ကို ပြင်ပဒဏ်ရာတွေ ဘယ်လောက်ပဲပေးခဲ့ပါစေ. . . မင်းအလှည့်မှာ ရင်ထဲထိရောက်နိုင်တဲ့ အတွင်းဒဏ်ရာမျိုးရအောင် ငါလုပ်ကိုလုပ်ရမှာ။ အလှည့်ကျရင်မနွဲ့ကြစတမ်းပေါ့ မြင့်မိုရ်. . .။ အဲဒီအခါ အခုလိုမင်းပျော်နိုင်ရယ်နိုင်ဦးမလားဆိုတာ ငါစောင့်ကြည့်နေမယ်"

❀ ❀ ❀



အခန်း ( ၁၆ )

(Λ)ခန်းကိုဖြတ်ခဲ့စဉ် မြင့်မိုရ်ထံမှ မကြားတကြား,စနောက်လိုက်သံကို ကြားလိုက်ရလေ၏။

"သနားစရာလေးကွာ. . . 'အ'တော့လည်းခံပေါ့"

သူ မကြားချင်ယောင်ဆောင်၍ ဆက်လျှောက်လာခဲ့သည်။ ကျစ်ကျစ်ပါအောင်ဆုပ်ထားမိသည့်လက်၊ တင်းတင်းစေ့ပိတ်၍ ကျိတ်ထားမိသည့်အံသွားတွေ၊ ကျောင်းမှာဟူသည့်အသိဖြင့် ဒေါသကို ချွန်းအုပ်ထိန်းချုပ်နေရသည်။

"ဘာဖြစ်နေတာလဲ ဝဠာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"မင်းတစ်ခုခုဖြစ်နေတာ သိသာပါတယ်"

"ငါ ဟိုကောင့်ကိုကျွေးချင်နေပြီကွ"

"ဘာလဲ. . . မင်းရှူးပြန်ပြီလား"

"အေး"

"ထားလိုက်ပါဝဌာရာ. . . သူ့အရှိန်နဲ့သူ လွှတ်ပေးထားလိုက်ပါ"

"မရဘူးကွ. . . ဒီကောင်က ငါ့ကိုပဲ အမြဲခလုတ်တိုက်နေတာ။ ဟိုတစ်နေ့က သူ့ကြောင့် ဖေဖေရိုက်တာကို ငါခံလိုက်ရသေးတယ်"

"ဘာလဲ. . . မိုးသဲဖြူကိစ္စလား"

"အေး. . . ဒီကောင်က ချွန်တဲ့နေရာမှာနှစ်ယောက်မရှိဘူး။ ဉာဏ်နီဉာဏ်နက်မှန်သမျှ သူ့ခေါင်းထဲကအကုန်ထွက်တယ်"

"ဝဌ်ဆိုတာ လည်စမြဲပါဝဌာရာ. . . မင်း, သူနဲ့တတ်နိုင်သရွေ့ရှောင်ပါ။ တော်ကြာ. . . စာမေးပွဲဖြေခါနီး ပြဿနာဖြစ်ရင် မကောင်းဘူး။ ပြီးတော့ မင်းက သူ့ထက်အားလည်းနည်းသေး"

"အံမာ. . . မင်း ငါ့ကိုအထင်သေးတာလားကွ ဉာဏ်ဝင်းရ. . ."





"မဟုတ်ဘူးလေ. . . ငါပြောတာကိုနားလည်စမ်းပါကွ။ မင်းက မျက်လုံးလည်းသိပ်ကောင်းတာမဟုတ်ဘူး။ ပြီးတော့ ဗလလည်း သူ့လောက်ရှိတာမှမဟုတ်ဘဲ။ လက်ရုံးရည်နဲ့ယှဉ်ရင် မင်းပဲနာမှာ။ ဒီကောင်က သင်တန်းတွေတောင်တက်ထားတာနော်"

"တက်တက်ကွာ. . . သူ့မျက်ခွက်ကို ငါ့လက်သီးနဲ့ထိလိုက်ရရင် ငါကျေနပ်ပြီ။ တော်တော်အရသာရှိလိုက်မယ့်ဖြစ်ခြင်း"

"ဟာ. . . ပြောနေတဲ့ကြာ■ာကွာ"

ကျောင်းတက်ခေါင်းလောင်းထိုးသံနှင့်အတူ အခန်းထဲသို့ ဆရာမဝင်လာပြီမို့ သူ သဏ်ပြင်းရှည်ကြီးကိုဆောင့်အောင့်ချလိုက်မိသည်။ ရင်တွေပူလိုက်တာနော်။ ဒီကောင်နဲ့ပတ်သက်ပြီး သူရင်မအေးခဲ့တာ (၁၅)နှစ်တောင်ရှိနေပါရောလား။

"ဟော့ကောင်ဝဌာ. . . ဆရာမခေါ်နေတယ်"

"ဟင်! "

"မောင်ဝဌာ. . . စိတ်က ဘယ်ရောက်နေတာလဲ။ ဒီမှာ ဆရာမခေါ်နေတာ သုံးခါရှိနေပြီ"

သူမတ်တတ်ရပ်၍ လက်ကိုပိုက်ထားမိ၏။ ဆရာမက သူ့ကို သုံးလေးခွန်းဆူပြီးပြန်ထိုင်ခိုင်းလိုက်လေသည်။ ကြည့်စမ်း. . .! စာသင်ချိန်တစ်ချိန်လုံး သူ့စိတ်တွေ ဟိုကောင့်ဆီရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဘယ်လောက်ဒေါသထွက်စရာကောင်းလိုက်သလဲ။

ကျောင်းပြန်ချိန်မှာ လမ်းထဲသို့ စက်ဘီးကိုယ်စီဖြင့် ရှေ့ဆင့်နောက်ဆင့်ဝင်လာရာမှ မြင့်မိုရ်က သူ့ဘီးကို နောက်ကနေဝင်ဆောင့်လေ၏။ သူ စက်ဘီးကို ချက်ချင်းရပ်လိုက်ပြီးဆင်းလိုက်သည်။

"မင်း ဘာပြဿနာရှာချင်နေလဲမြင့်မိုရ်"

"ဟာ. . . ဒေါသတွေစွတ်ကြီးနေတာပါလား"

"မင်း ငါနဲ့ဝေးဝေးနေရင်ကောင်းမယ် မြင့်မိုရ်. . .။ ငါ ပြဿနာမဖြစ်ချင်ဘူး။ ဒီတော့ မင်း. . . ဆင်ခြင်ပါ"

"မိန်းကလေးတစ်ယောက်နဲ့ပတ်သက်ပြီး မင်းဒီလောက်သဘောထားသေးလိမ့်မယ်လို့ ငါမထင်မိတာအမှန်ပဲဝဋ္ဋာရ"

"ဘာမှမဆိုင်ဘူး. . .။ မင်းသာ ကလိမ်စေ့ညာဏ်ဆင်အကျင့်ယုတ်တာ"

"လျှင်သူစားစတမ်းပါဝဋ္ဋာရ"

"တော်ပြီဟေ့ကောင်. . . မင်းလိုကောင်မျိုးနဲ့ ပြိုင်ပွဲဝင်ရတာ ငါ့ဘက်ကပဲနစ်နာတယ်။ တော်တော်ညစ်ပတ်တဲ့ကောင်"

"မင်းညစ်တွန်းမတွန်းနဲ့ဝဋ္ဋာ. . . ဘာဖြစ်ချင်လဲ"

"တောက်!ဒီလောက်ပြောနေတဲ့ကြားက။ ဒါပဲကွာ, ကဲ"





"ခွပ်! "

ရုတ်တရက်မို့ သူ့လက်သီးတစ်ချက်က မြင့်မိုရ်မေးစေ့ကို ခွပ်ခနဲထိသွားလေ၏။ မြင့်မိုရ်ထံမှ လက်သီးချက်တွေ သူ့ပေါ်ပြုကျလာတော့ ရှောင်လည်းရှောင်၊ ထိတာထိဖြင့် သူ့မျက်လုံးထဲ ကြယ်တွေလတွေမြင်သွားရသည်။

"တိ. . . တိ"

"မြင့်မိုရ်. . . အဲဒါဘာလုပ်တာလဲ"

နားထဲမှာ ဦးဥက္ကာအသံမှန်းသိသည်နှင့် နှုတ်ခမ်းထောင့်မှစီးကျလာသည့်သွေးတွေကို သူသုတ်၍ စက်ဘီးကို ဒေါက်ဖြုတ်လိုက်၏။

"သားဝဋ္ဋာ. . . အန်ကယ်လာခဲ့မယ်။ ပြန်နှင့်ဒနော်"

"ဟုတ်ကဲ့အန်ကယ်"

သူစက်ဘီးကိုနင်း၍ အိမ်ကိုပြန်ရောက်တော့ သူ့မျက်နှာအညိုအမည်းတွေကိုမြင်သည်နှင့် မေမေရောနီနီပါ အပြိုင်မေးကြရင်းငိုကြလေ၏။

"သားရယ်. . . မေမေအတန်တန်ပြောထားပါလျက်နဲ့"

"ဒီကောင်က ပြဿနာစရှာတာလေမေရဲ့"

"သားလေးက ပြန်မလုပ်လိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုလည်း ပြန်ထိုးတာပဲနီနီရဲ့"

"အေး. . . အဲဒါမှ"

"ဩော်. . . ကလေးကိုမဖျောင်းဖျဘဲ မြှောက်ပေးပြန်ပြီ နီနီရယ်။ ကဲသွား. . . ရေနွေးဇလုံနဲ့ Towel အသေးတစ်ထည်ယူလာခဲ့။ ဟင်း. . . ခက်တော့တာပဲ။ ဒီကလေးနှစ်ယောက်ကို ဘယ်လိုရင်ကြားစေ့ပေးရမှန်းကို မသိတော့ပါဘူး"

"ဘယ်တော့မှ စေ့လို့မရဘူးမေ။ ဒီကောင်နဲ့ကျွန်တော်က ကမ္ဘာ့ရန်ပဲ။ သူ့ကို ဒီတစ်သက်ဘယ်တော့မှမကျေဘူး. . . ဒါပဲ"

"ဩော်. . . ခက်လိုက်တာနော်"

"စံပယ်ရေ"

"ဟော! နှင်းထင်တယ်။ နီနီရေ. . . သွားထွက်ကြိုလိုက်ပါဦး,သမီးရယ်"

"လာပြီ. . . လေပြည်လေးနဲ့ချော့ပြီး၊ ကွယ်ရာမှာ သူ့သားကိုမြှောက်ပေးဦးမှာ"

"ဟဲ့. . . ဩော်. . . နီနီနော်"

မေမေက သူ့မျက်နှာမှဒဏ်ရာတွေကို ရေနွေးကြပ်ထုပ်ထိုးပေးနေစဉ် ဦးဥက္ကာနှင့် ဒေါ်နှင်းဆီသွေးတို့ အခန်းထဲဝင်လာလေသည်။





"အမယ်လေး. . . မနည်းမနောပါလား"

"အဲဒါကြောင့် ပြောတာပေါ့နှင်းရဲ့။ နှင်းသား အရမ်းလွန်နေပြီလို့ပြောလည်း ရှေ့ကကာဆီးကာဆီးနဲ့။ ဒီလောက်ထိဆိုးနေတာကို ပြောမရ. . ."

ဒေါ်နှင်းဆီသွေး သားဖြစ်သူလွန်တာမျက်မြင်မို့ ငြိမ်နေလိုက်ရ၏။ အပြန်မှာ သားကို မောင်ရိုက်ရင်တော့ဒုက္ခပါပဲ။

"ကျွန်တော်တောင်းပန်ပါတယ်စံပယ်ရယ်။ အာကာသိရင်တော့ ပိုဆိုးတော့မှာပဲ"

"ဒါ. . . နှစ်ဦးနှစ်ဖက်အလွန်ပါ ကိုဥက္ကာရယ်။ သားကလည်း ထစ်ခနဲဆို ဒေါသကအရင်ထွက်တာကိုး။ သားမြင့်မိုရ်ကနဂိုကတည်းက သူ့သူငယ်ချင်းကိုအစသန်သန်နဲ့"

"စတာမှမဟုတ်ဘဲမေရဲ့. . . ပြဿနာရှာတာပါဆိုနေမှ"

"အေးပါကွယ်. . . အန်တီနှင်း, သားကိုဆုံးမပေးပါ့မယ်"

"ရမယ်. . . အားကြီးကြီး. . . မင်းသားက မင်းစကားကိုတော်တော်နားထောင်ရှာတာကိုး. . . တွေ့ဦးမယ်"

"မောင်ကလည်း. . . ဒေါသနဲ့မဆုံးမနဲ့လေ"

"ဩော်. . . သူများသားသမီး သွေးထွက်သံယိုဖြစ်တာဘယ်နှကြိမ်ရှိနေပြီလဲ။ စံပယ်တို့သဘောထားကြီးတာကို ရောင့်



www.burmeseclassic.com

www.burmeseclassic.com



မတက်နဲ့နှင်းဆီ"

"နှင်းလည်း သားဝဠာကို သားလိုချစ်တာပါပဲမောင်ရယ်"

"တော်. . . တော်. . . မင်းသားကိုမင်းချစ်တာ ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်တယ်၊ ဘာမှအပိုပြောမနေနဲ့။ ကျွန်တော် တို့ပြန်လိုက်ပါဦးမယ်စံပယ်။ အာကာပြန်လာရင် ကျွန်တော်လာခဲ့ ပါဦးမယ်"

"ရပါတယ်ကိုဥက္ကာ. . . နေပါစေတော့"

ဦးဥက္ကာ တရှူးရှူးနှင့် အိမ်ကိုပြန်သွားတော့ ဒေါ်နှင်းဆီ သွေး အလျှင်အမြန်နောက်မှလိုက်ခဲ့ရလေ၏။ အိမ်ထဲရောက်သည် နှင့် ဦးဥက္ကာအသံက ဟိန်းထွက်လာတော့သည်။

"မြင့်မိုရ်. . . မြင့်မိုရ်"

"မောင်ရယ်. . . တိုးတိုးသာသာခေါ်ပါ။ ပတ်ဝန်းကျင်က ကြားကုန်ပါ့မယ်"

"မင်းပါးစပ်ပိတ်ထားစမ်း နှင်းဆီ။ ငါ့ဒေါသတွေ မင်းပေါ် ပုံကျသွားမယ်။ ဟော့ကောင် မြင့်မိုရ်"

"ဗျာ. . . ဖေဖေ"

"လာစမ်း. . . မင်းအပြစ်မင်းသိရင် ဝန်ခံမှပေါ့။ အာကာ ပြန်လာရင် အာကာ့ရှေ့မှာ ဝဠာ့ကိုမင်းတောင်းပန်ဖို့ပြင်"





"မောင်"

"ပါးစပ်ပိတ်ထားလို့ပြောနေတယ်မဟုတ်လား. . . နှင်းဆီ သွေး"

"ကျွန်တော် မတောင်းပန်နိုင်ဘူးဖေဖေ. . .။ ဒီကောင် ကျွန်တော့်ကိုအရင်စထိုးတာ"

"အဲဒါ မင်းစပြောလို့ဖြစ်မှာပေါ့။ ဟိုမှာ မျက်နှာတစ်ခု လုံး ရစရာမရှိတော့ဘူး။ မင်း. . . တောင်းကိုတောင်းပန်ရမယ်"

"ဟင့်အင်း. . . လုံးဝမတောင်းပန်နိုင်ဘူး"

"ကဲ"

"ခွပ်! "

"အမယ်လေး. . . သေပါပြီမောင်ရယ်။ တော်ပါတော့ နှင်းမွေးထားတာ လူလေ. . . မောင် ကျွဲရိုက်နွားရိုက်နှိပ်စက်ဖို့မှ မဟုတ်တာ"

"အေး. . . မင်း ကဲကဲဆတ်နာတတ်လို့ မင်းသား ဖြုပ် ကြွနေတာ။ မအေ,မဆုံးမလို့ ယဉ်ကျေးမှုတစ်စက်မှမရှိတာ"

"ဖေဖေ ဒီကောင့်ဘက်ကလွန်တာတော့မပြောဘူး. . .။ ကျွန်တော့်ကိုပဲ အမြဲအပြစ်ပြောနေတာပဲ"

"ငါ မင်းအဖေ. . . မင်းကိုမွေးထားတာ။ မင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ငါအသိဆုံး မြင့်မိုရ်။ မင်းကျောင်းမှာ ဘာလုပ်တယ်၊ ဘာပြောတယ် ကအစ ငါအကုန်သိတယ်။ မင်းအချိုးပြင်လာမလား အသာစောင့်ကြည့်နေခဲ့တာ အကောင်းမှတ်မနေနဲ့။ ဝဋ္ဋာ သူ့ဟာသူနေ့နေတာလည်း မင်းပဲအမြဲသွားသွားဆွနေတာ၊ ငါမသိဘူးမထင်နဲ့"

"ဒါ. . . ဒီကောင် သက်သက်ချွန်တာ"

"ပြောပြန်ပြီ. . . ကဲ"

"ခွပ်"

"အ"

"ဟယ်. . . ကိုဥက္ကာ့, ရှင်မမွေးရတိုင်း သားကိုမနှိပ်စက်ပါနဲ့"

"မင်းပါနာမယ် နှင်းဆီသွေး"

"ဖေဖေ. . . မေမေ့ကိုမလုပ်ပါနဲ့"

မအေကိုထိုင်ခုံပေါ်တွန်းချလိုက်သည်နှင့် မြင့်မိုရ်က မေမေ့ကိုကာရင်း ဖေဖေ့ကိုပြန်အော်မိလေတော့သည်။ ဦးဥက္ကာမျက်ထောင့်နီကြီးဖြင့် သားအမိနှစ်ဦးကို စိုက်ကြည့်နေသည်မှာ အကြာကြီး။

"မင်းကြောင့် ငါသိက္ခာကျခဲ့ပေါင်းများပြီ မြင့်မိုရ်။ ငယ်ငယ်တုန်းကတော့ ကလေးစိတ်နဲ့မို့ အပြစ်မတင်ရက်ခဲ့ဘူး။ အခု





ဒီအတန်းဒီအရွယ်မှာ ဒီအလုပ်ကိုလုပ်ဝံ့တာ မင်းအစား ငါရှက်တယ်။ ထ (၃) က ကလေးမလေးကိစ္စနဲ့ ဝဋ္ဋာအရိုက်ခံရတာလည်း ငါစုံစမ်းပြီးပြီ။ မင်းဟာ. . . ဂျိုးဟ်ကောင်ပဲ။ ဝဋ္ဋာ့နောက်ကမွေးပြီး. . . ဝဋ္ဋာ့ကိုသက်သက်ဒုက္ခပေးဖို့လူဖြစ်လာတဲ့ကောင်"

"မောင်. . . အဲဒီလိုမပြောပါနဲ့"

"ငါနောက်ဆုံးပြောမယ်. . .။ ဒီကိစ္စကို အာကာ့ရှေ့မှာ ဝန်ချတောင်းပန်မလား၊ မင်းကျောင်းထွက်မလား ဒါပဲ။ အခုစဉ်းစား. . . အာကာ (၆)နာရီပြန်လာတော့ မင်းဘာရွေးလဲပြော"

ဦးဥက္ကာ အပေါ်ထပ်သို့ လှေကားမှတက်သွားစဉ် ဒေါ်နှင်းဆီသွေးငိုသံက ဧည့်ခန်းမှာ စီခနဲကျန်ခဲ့လေ၏။

"သားရယ်"

"မတောင်းပန်ဘူး. . . လုံးဝမတောင်းပန်ဘူး။ ကျောင်းထွက်ဆိုထွက်မယ်မေမေ"

"အို. . . သားကလည်းမဟုတ်တာ"

ဦးအာကာပြန်ရောက်လာတော့ မှောင်ရီပျိုးခါစအချိန်ဖြစ်နေလေပြီ။ အပေါ်ထပ် သားအခန်းထဲမှာ သားအမိနှစ်ယောက်တွတ်ထိုးနေသံကြောင့် အဝတ်အစားပင်မလဲသေးဘဲ သားအခန်းထဲကိုဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသားအမိ ဘာတွေဖြစ်နေပြန်ပြီလဲ"

"အစ်ကိုရယ် . . . သားနဲ့မြင့်မိုရ် ရန်ဖြစ်ကြပြန်ပြီ။ ကြည့်ပါဦး၊ သားမျက်နှာမှာ ဒဏ်ရာတွေချည်းပဲ။ စံပယ့်သားကို စံပယ်တောင် လက်ဖျားနဲ့ထိရက်တာမဟုတ်ဘူး။ သူမို့မညှာမတာ"

"ဟင်း . . . ဖြစ်ကြပြန်ပြီ။ မင်းတို့နှစ်ကောင်ကို ဘယ်လိုလုပ်ပေးရမလဲဝဋ္ဋာ။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တာနဲ့ ဖြစ်ခဲ့ရတဲ့ရန်ငြိုးက ဘယ်တော့မှငြိမ်းမှာလဲကွ။ ဟော . . ."

"ကျွန်တော် သူနဲ့မပတ်သက်အောင်နေတယ်ဖေ။ ဒါပေမဲ့ သူက ကျွန်တော့်ကို အမြဲထိပ်တိုက်လာလာတိုးတယ်"

"အဲဒါ . . . စံပယ်သိတယ်။ ကျောင်းက ဆရာဆရာမတွေလည်းသိတယ်။ မောင်ညာဏ်ဝင်းအမေက ဈေးထဲမှာကုန်ခြောက်ဆိုင်ဖွင့်ထားလို့ သားသတင်းတွေ အားလုံးစံပယ်သိတယ်။ ဒီကလေးလေး ဒီလောက်ထိသွေးဆိုးလာလိမ့်မယ်လို့ စံပယ်မထင်ဘူး။ သားသမီးချင်းမစာနာလို့မဟုတ်ရပါဘူးအစ်ကိုရယ်။ သူက တရားကိုလွန်လွန်းတာပါ"

"ခက်တာပဲ . . . စာမေးပွဲက နီးနေပြီဟာကို။ ဒီနှစ်လကျော်လေးအတွင်း ရန်မဖြစ်အောင်မဆင်ခြင်နိုင်ကြဘူးလား"

"ကျွန်တော် ကျောင်းထွက်မယ်ဖေ"





"ဘာ! "

"ကျွန်တော် သူ့ကိုမြင်နေရရင် ရင်ပူတယ်ဖေ။ စာကျက်ရတာလည်း အနှောင့်အယှက်ဖြစ်တယ်။ သူ့စိတ်နဲ့ကျွန်တော့်ကိုယ်ဖြစ်ပြီး ဒုက္ခဖြစ်နေရတာကြာပြီ။ ကျွန်တော် အိမ်မှာပဲစာကျက်တော့မယ်ဖေ။ ဆရာကြီးကိုသွားတွေ့ပေးပါ"

"သား တကယ်ဆုံးဖြတ်လိုက်တာလား"

"ဟုတ်ကဲ့"

"သားအတွက် ဖေဖေဘာလုပ်ပေးရမလဲ"

"ရပါတယ် ဖေ . . . စာတွေလည်း သင်လို့ကုန်နေပါပြီ။ အခု Revision ပြန်နေတာပါ။ ကျူရှင်ဆရာတွေလည်း ရှိနေတာပဲ။ နားမလည်တာတွေရှိရင် မေးလို့ရပါတယ်"

"အင်းလေ . . . သားသဘောပါပဲ။ ဖေဖေက သားကို လိုချင်တဲ့မေဂျာမရမှာကိုပဲစိုးရိမ်နေတာ"

"စိတ်ချပါ ဖေ . . . ကျွန်တော် R.I.T (Y.I.T) ဝင်ကိုဝင်ရပါစေ့မယ်"

အခန်းဝမှာ နီနီရပ်လာသဖြင့် သူတို့လှည့်ကြည့်လိုက်ကြ၏။

"ဒယ်ဒီ . . . ဦးဦးဥက္ကာက တွေ့ချင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . . လာခဲ့မယ်သမီး။ ကော်ဖီလေးမုန့်လေး ကျွေးထားနှင့်နော်"

"ဟုတ်ကဲ့"

"ကဲ . . . စံပယ်,လာလေ"

"စံပယ်မလိုက်ဘူး"

"ဟာ . . . စံပယ်ကလည်း ကလေးမဆန်ချင်ပါနဲ့"

"စံပယ် တကယ်မလိုက်ချင်လို့ပါအစ်ကို။ စံပယ်ပါရင် မပြောသင့်တာတွေပြောထွက်ကုန်ပြီး အစ်ကိုတို့သူငယ်ချင်းနှစ်ဦး ကြား တင်းမာတာတွေဖြစ်ကုန်လိမ့်မယ်။ စံပယ့်ကိုနားလည်ပေး ပါ . . ."

ဦးအာကာ သက်ပြင်းရှည်ကြီးကိုချ၍ အောက်ထပ်ကိုဆင်း လာခဲ့ပါ၏။ ဧည့်ခန်းမှာက မျက်နှာညှိုးနွမ်းစွာဖြင့်ထိုင်နေသည့် သူငယ်ချင်းဉက္ကာတစ်ဦးတည်းသာ ရှိနေလေသည်။

"ဉက္ကာ . . . မင်းပြန်ရောက်တာ စောတယ်ထင်တယ်"

"အေး . . . မင်းအခုမှရောက်တာလား"

"အေး"

"မျက်နှာလည်းပူ၊ အားလည်းနာပါတယ်အာကာ။ ငါ့သား ဘက်က လွန်တာတွေများနေလို့ ဘယ်လိုတောင်းပန်ရမလဲ ငါမသိ





တော့ဘူး။ ဒီကောင့်ကြောင့် ငါအရှက်ရပေါင်းများနေပြီ"

"ရပါတယ်ဉက္ကာ . . . ကလေးပဲကွာ"

"ငါ ဒီကောင့်ကိုကျောင်းထုတ်လိုက်တော့မယ်"

"မလုပ်ပါနဲ့ . . . ငါ့သားက ကျောင်းထွက်ဖို့ဆုံးဖြတ်ပြီးနေ ပြီကွ"

"ဟင်! "

"စိတ်ကိုအေးအေးထားပါဉက္ကာ။ နှင်းလည်း . . . ကောင်း ကောင်းကျန်းမာတာမဟုတ်ဘူး။ ဂရုစိုက်ဦး . . . မင်းဒေါသကြီးရင် နှင်းပဲထိခိုက်မှာ"

"ငါ အခုပဲသားအမိနှစ်ယောက်စလုံးကိုရိုက်ခဲ့တာ"

"ဟာကွာ . . . မင်းကလည်းမဟုတ်တာ"

"မြင့်မိုရ်က တရားလွန်လွန်းတာပါအာကာရာ။ ငါ . . . ငါ . . . ငါ့သားလို့ပြောရမှာတောင်ရှက်တယ်"

ဦးဉက္ကာမျက်နှာအုပ်၍ငြိမ်သက်သွားတော့ ဦးအာကာက သူငယ်ချင်း၏ကျောပြင်ကိုအသာပုတ်၍ နှစ်သိမ့်ပေးလိုက်ပါသည်။

"စိတ်ကိုလျှော့ပါဉက္ကာရာ . . . ကလေးတွေဂယက်က မင်း တို့အိမ်ထောင်ရေးကို မထိခိုက်ပါစေနဲ့လို့ ငါပြောချင်တယ်။ ပြီး တာတွေပြီးပါစေတော့ . . . ငါနားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မင်းနားလည်ပေမယ့်. . . စံပယ်ကတော့ ခွင့်မလွှတ်ဘူး မဟုတ်လား။ ဒါကြောင့် ဆင်းမတွေ့တာပေါ့. . . ငါသိပါတယ်။ စံပယ်က သားဝဠာကို ပိုးမွေးသလိုမွေးထားခဲ့တဲ့မအေကိုး”

“ဒီလိုလည်းမဟုတ်ရပါဘူးကွာ”

ညဘက် သူ့ဒိုင်ယာရီထဲမှာ စာတစ်ကြောင်းကိုရေးလိုက်ပြီး စာမေးပွဲပြီးသည့်အထိထပ်မရေးတော့ရန် ဆုံးဖြတ်ချက်ကို ချလိုက်မိပါသည်။

**"It is better never to trust anybody.**

**Henrik Ibsen."**

**(မည်သူ့ကိုမှ မည်သည့်အခါမှ မယုံကြည်ခြင်းသည် ပို၍ကောင်း၏၊**

**ဟန်ရစ်ခ်အိုက်ဘ်ဆန်)**

❀ ❀ ❀



၂၀၀၀ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ဝေး. . . All D ကွ"

မြင့်မိုရ်က ရှေ့ဆုံးမှာကြည့်နေရာမှ တိုးထွက်လာပြီး ဝဋ္ဌာ့ကိုပစ်တိုက်လိုက်သည်။ ဝဋ္ဌာ့မျက်မှန်က သမံတလင်းပေါ် ဒေါက်ခနဲပြုတ်ကျသွားစဉ် မြင့်မိုရ်ခြေထောက်က အလိုလိုနင်းမိပြီးသား ဖြစ်သွားလေ၏။

"ဟာ! "

"Sorry ဝဋ္ဌာ"

ဝဋ္ဌာ ဘာမှမပြောတော့ဘဲ လူအုပ်ထဲကိုဝင်တိုးသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် လေတချွန်ချွန်ဖြင့်ပြန်ခဲ့လေ၏။ ဒီကောင် မြန်မာစာမပါဘူး။ ဝမ်းသာလိုက်တာ မပြောပါနှင့်တော့။ လမ်းမမှာပင် ဟန်မဆောင်နိုင်ဘဲ အကျယ်ကြီးအော်ရယ်ချလိုက်မိသည်။ ဟင်း. . . ဟင်း. . . မင်း ငါ့ကိုဘယ်တော့မှမနိုင်စေရပါဘူးဝဠာ။ ငါ့ထက်မင်းအရင်လူဖြစ်လာတာမှန်ပေမယ့် ငါ့ကိုရှုံးဖို့ဇာတာက မင်းဆီမှာ ပါလာတာပဲမဟုတ်လား။

ခြံရှေ့မှာတမင်ရပ်စောင့်နေစဉ် စက်ဘီးဖြင့်ပြန်လာသည့် ဝဠာ့ကိုတွေ့လိုက်ပါ၏။ ဝဠာက မြင့်မိုရ်ကိုမြင်သော်လည်း မမြင်ချင်ယောင်ဆောင်၍ ခြံထဲဝင်မည်ပြင်စဉ် မြင့်မိုရ်လှမ်းပြောလိုက်ပါ၏။

"ငါ ဆေးမယူဘူးနော်ဝဠာ. . . အင်ဂျင်နီယာပဲလုပ်မှာ"

ဝဠာမကြားချင်ယောင်ဆောင်၍ဝင်သွားမှ ရယ်မောလျက်ခြံထဲပြေးဝင်ခဲ့လေ၏။ ရင်ထဲမှာတသိမ့်သိမ့်ကြည်နူးမှုက မပြောပြတတ်အောင်ပင် ပြည့်နှက်နေလေသည်။ ဩော်. . . အနိုင်ဆိုတာ သူ့ရဲ့အမြွာညီအစ်ကိုပေပဲလား။

အိမ်ထဲရောက်သည်နှင့် ရင်ခွင်ထဲပြေးဝင်၍ငိုချလိုက်သည့်သားကြောင့် ဒေါ်စံပယ်သင်းအံ့ဩသွားရ၏။ ဘုရားရေ. . . သား. . . ဘာဖြစ်လာပြန်ပြီလဲ။





"သား. . . သားစာမေးပွဲအောင်တယ်မဟုတ်လား"

ဝဠာ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်မှ ဒေါ်စံပယ်သင်းသက်ပြင်းချလိုက်မိသည်။ တော်ပါသေးရဲ့. . .။

"ငါးလုံး. . . ငါးလုံးပဲပါတယ်မေ"

"ငါးလုံးတောင် နည်းလားသားရဲ့. . . သားတက်ချင်တဲ့ကျောင်းမီရင်ပြီးရောပေါ့"

"ဟင့်အင်း. . . ဟိုကောင်က အကုန်လုံးပါတာ"

"ဟင်"

"သူ. . . သူ. . . ကျွန်တော့်မျက်မှန်ကိုတောင် တက်နင်းပြီးခဲ့လိုက်တယ်မေ"

"အို. . . သားရယ်၊သူဟာသူ ဘယ်နှလုံးပါပါပေါ့။ ဂရုစိုက်မနေနဲ့။ မျက်မှန်လည်း မေမေပြန်လုပ်ပေးမယ်"

"ကျွန်တော် Y.I.T မတက်တော့ဘူး မေ။ G.T.I ပဲတက်တော့မယ်"

"အို. . . အဓိပ္ပာယ်မရှိလိုက်တာ၊ သားကလည်း"

"သူက ကျွန်တော့်ကို ကျောင်းအထိဒုက္ခလိုက်ပေးဦးမှာမေရဲ့။ သူ့ဆေးမယူဘူးတဲ့"

"ဟင်း. . . ဒုက္ခပါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း, ငါ့စိတ်ကိုသိပါတယ် အာကာရာ။ ငါက ဒါဆိုဒါပဲ။ ကဲ. . . ပြောလေသား"

"ကျွန်တော် civil ယူမှာ"

"မြင့်မိုရ်ကရော"

"ဒါဆို ကျွန်တော် Archi ယူမယ်"

"ကဲ. . . ကောင်းပြီ. . . တစ်ကျောင်းတည်းတက်ရမှာ၊ သူငယ်ချင်းနှစ်ယောက် တည့်အောင်ပေါင်းကြပါ။ အထူးသဖြင့် မြင့်မိုရ်. . . ဝဋ္ဋာ့ကို အကြောင်းမဲ့ပြဿနာရှာတာနဲ့ မင်းကျောင်းထွက်ရပြီမှတ်"

မြင့်မိုရ် ဘာမှမပြောဘဲငြိမ်နေသည်မို့ သူအတတ်သိလိုက်ပါ၏။ ဒီကောင်က သူ့ကို မတိုက်ခိုက်ဘဲမနေနိုင်သည့်လူလေ။ စိတ်ချလိုက်ပါမြင့်မိုရ်။ ခုချိန်ကစပြီး မင်းကို အကောင်းဆုံးသောကစားကွက်တွေနဲ့ ငါလှည့်စားပြမှာပါ။ ဝဋ္ဋာဟာ ငယ်စဉ်တုန်းကလို ခပ်ပျော့ပျော့ခပ်ညံ့ညံ့ကောင်လေးမဟုတ်တော့ဘူးဆိုတာ. . . မင်းတဖြည်းဖြည်းနဲ့သဘောပေါက်လာမှာပါ။ မင်းကြားဖူးတယ်မဟုတ်လား။ အများဆုံးအနင်းခံရတဲ့မြေကြီးဟာ အကျစ်လစ်အသန်မာဆုံးဖြစ်လာတယ်တဲ့။ မင်းနင်းလာခဲ့တဲ့ငါ့ဘဝဟာ မင်းခြေဖဝါးအောက်မှာ ကျောက်သားပြင်တမျှ မာကျောနေခဲ့ပါပြီ။ Action





ရှိရင် Reaction ရှိစမြဲပါ။ မင်းအလှည့်မှာ. . . ခံနိုင်ရည်ရှိအောင် သေချာပြင်ဆင်ထားပေတော့။ မြင့်မိုရ်ဆိုတဲ့တောင်ကို စကြဝဠာတစ်ခုလုံးက သဘာဝအတိုင်းအုပ်မိုးထားနိုင်တာမှန်ရင် မင်းကိုငါမနိုင်စရာဘာအကြောင်းမှမရှိစေရဘူး. . . ။

Richard Steele ရဲ့မိန့်ကြားချက်က Every man is the maker of his our fortune တဲ့။ (လူတိုင်းသည် မိမိကြမ္မာကို မိမိဖန်တီးသူသာဖြစ်၏။) ဒီတော့ ငါဖန်တီးတဲ့ ငါ့ရဲ့ကံကြမ္မာက ငါ့ဘဝအတွက် အလှပဆုံးသောဥယျာဉ်ကြီးတစ်ခုဖြစ်နေစေရမယ်။ ဒါ. . . ငါ့ဆုံးဖြတ်ချက်ပဲ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



စတာလေ။ ပြေးကြည့်မှ စ,စရာဒီအစ်မလေးတစ်ယောက်တည်း ရှိတာကို. . . တိတ်တိတ်"

ချော့လည်းချော့ ရယ်လည်းရယ်ချင်လာတာမို့ သူကျိတ်ပြုံးလိုက်မိ၏။ ကြည့်ပါဦး. . . သူ့ထက် (၁၀)နှစ်ကျော်ကြီးသည့် နီနီက ငယ်ငယ်တည်းက ဝဝလေးမို့ အခုတော့ စည်ပိုင်းလေးလို လုံးလုံးလေးဖြစ်နေပြီလေ။

"ဟဲ့. . . ဟိုမောင်နှမနှစ်ယောက် ခုထိဆင်းမလာသေးဘူးလား"

"လာပြီမာမိ. . . သားလေးကလေ, နီနီ့ကို ရှာပြန်ပြီးတော့ ယောကျ်ားယူမလို့လားတဲ့"

"ဩော်. . . ဒီကလေးဟာလေ။ စ,စရာမရှိရင် ဒီအစ်မပဲလိုက်စနေ. . . သမီးကလည်း မောင်လေးစမှန်းသိရဲ့သားနဲ့ ငိုစရာလား။ ကဲကဲ. . . မျက်ရည်တွေသုတ်, မျက်နှာသစ်။ ပြီးရင် ဧည့်သည်တွေ့ဖို့ အအေးယူလာခဲ့ပေးဦး"

"ဟုတ်ကဲ့"

"လာ. . . သား"

သူ မေမေနှင့်အတူ ဧည့်ခန်းကိုထွက်လိုက်စဉ် ဖေဖေနှင့် စကားလက်ဆုံကျနေသည့်မြင့်မိုရ်တို့မိသားစုကို တွေ့လိုက်ရလေ





သည်။

"လာ. . . သား. . . ထိုင်ဦး။ ဒီမှာ သားအန်ကယ်က မေးနေတယ်, ဖြေလိုက်ဦး"

"သား. . . ဘာမေဂျာယူချင်လဲသား"

"ကျွန်တော် G.T.I ပဲတက်မှာပါအန်ကယ်"

"ဟယ်. . . မဟုတ်တာ။ သားကလည်း"

"သားဘက်က နစ်နာခဲ့တာတွေများနေမှန်း အန်ကယ်သိပါတယ်။ ဒီတစ်ခါတော့ အန်ကယ်, သားကိုဦးစားပေးပြီး ရွေးခိုင်းတာပါ။ မြင့်မိုရ်ကို သားမယူတဲ့ဘာသာကိုပဲယူခိုင်းမှာပါ"

"ကျွန်တော် G.T.I ပဲတက်ဖြစ်မှာပါ"

"မဟုတ်သေးပါဘူးသားရယ်။ သား မြန်မာစာမှာ (၇၃) မှတ်နဲ့ ကပ်ကျန်ခဲ့တာပါ။ မြင့်မိုရ်နဲ့သား အမှတ်ဘယ်လောက်မှ မကွာပါဘူး။ ဒီကောင်နဲ့မတည့်တာနဲ့ပဲ သားဖြစ်ချင်တဲ့အလုပ်ကို မပျက်ပါစေနဲ့။ အန်ကယ် သူ့ဆီက ကတိသေချာတောင်းပြီးမှလာခဲ့တာပါ။ ကျောင်းတက်ပြီး မေဂျာခွဲရင် သားလိုချင်တဲ့လိုင်းကို အခုကတည်းကရွေးပါ။ သူ. . . သားကိုရှေ့ဆက်ပြီး ဘာမှဒုက္ခပေးလို့ မရပါဘူး။ လုပ်မိတာနဲ့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရပြီသာမှတ်"

"ဟာကွာ. . . ဥက္ကာကလည်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့ အပေါ်ကိုပြေးတက်၍ အခန်းတံခါးပိတ်ကာ၊ ငါး ခြောက်တည်းငိုင်နေမိသည်။ ကြားဖူးကြသေးရဲ့လား။ ဆယ်တန်းကို D (၅)လုံးနဲ့အောင်တဲ့ကျောင်းသားက စိတ်ဓာတ်တွေအကြီးအကျယ်ကျနေရတာလေ။

ဒီတစ်သက် မြင့်မိုရ်ကို ဘယ်တော့မှမနိုင်တော့ဘူးလား။ သူ့အလှည့်ဆိုတာ ဘယ်အခါမှရှိတော့မှာလဲ။ ငယ်စဉ်ကတည်းက အမြဲရှုံးနိမ့်ခဲ့ရတဲ့အရိပ်ဆိုးကြီးဟာ သူ့ဘဝမှာ ဘယ်လိုမှပျောက်ပျက်အောင် ဖျောက်ဖျက်လို့မရနိုင်တော့ဘူးတဲ့လား။ ဘယ်ဘဝက ဝဋ်ကြွေးတွေကို ဒီဘဝမှာ လာဆပ်နေရတာတဲ့လဲ။ ကိုယ့်ကိုယ်ကို မေးခွန်းပေါင်းများစွာမေးနေမိပြီး ယောကျ်ားတန်မဲ့ မျက်ရည်တွေက သွင်သွင်စီးကျနေလေ၏။ လောကကြီးရယ်. . . ဒီလောက်အထိ ကျွန်တော့်အပေါ် ရက်စက်ရရင် ကျေနပ်ပါတော့လားဗျာ။ အခန်းထဲမှာ သူ့ရှိုက်သံမှတစ်ပါး ငြိမ်သက်တိတ်ဆိတ်နေလေသည်။

Golf ကွင်းမှ ဖေဖေပြန်လာသည့်အသံကို ကြားနေရသော်လည်း အခန်းထဲမှာပင် ပေတေပြီးဆက်ထိုင်နေမိသည်။ ခြေသံတရှပ်ရှပ်ကြားအပြီးမှာ သူ့အခန်းတံခါးကိုလာခေါက်လေ၏။

"ဒေါက်! ဒေါက်! "

"သားလေး. . . ဒယ်ဒီခေါ်နေတယ်"





"ကျွန်တော်, ဘယ်သူနဲ့မှစကားမပြောချင်ဘူးနီနီ။ တစ်ယောက်တည်းနေပါရစေ"

"သားလေး. . . ဒယ်ဒီက ရအောင်ခေါ်ခဲ့ရမယ်တဲ့"

"မလာဘူးဗျာ"

"သားလေးပါမလာရင် နီနီ့ကို ဒယ်ဒီကရွာပြန်ပို့မှာ"

"ပြန်ချင်ပြန်ပေါ့"

"တကယ်ပြန်ရမှာလားဟင်"

"ဟာ. . . စိတ်ရှုပ်ပါတယ်ဆိုမှ"

သူပိတ်အော်လိုက်တော့ နီနီက အခန်းအပြင်မှာ ငုတ်တုတ်လေးထိုင်၍ တရှုပ်ရှုပ်ငိုလေတော့သည်။ အင်း. . . ခက်တယ်နော်. . . ခက်ပါတယ်။ သူ တံခါးဖွင့်လိုက်တော့ နီနီက မျက်ရည်စက်လက်နှင့်မော့ကြည့်လေ၏။

"ဘာလဲ. . . ရွာပြန်ပြီးယောကျ်ားယူခိုင်းတာလား"

"သားလေးနော်"

"ဟာ. . . မငိုနဲ့လေ။ နီနီကလည်း အလကားစတာကို"

"သားလေးက နီနီ့ကို မမြင်ချင်တော့ဘူးမဟုတ်လား။ ဒါကြောင့် ခုလိုပြောတာပေါ့။ အဲဒါဆိုလည်း နီနီတကယ်ပြန်ပါ့မယ်"

"ဟာဗျာ. . . နီနီကလည်း ကျွန်တော်က နီနီ့ကိုချစ်လို့



www.burmeseclassic.com

'ဝင့်'ဆိုတာ လည်တတ်သလား...သူသေချာ မသိပါ၊ သူနှင့်ဝဣာ တို့၏ ပြိုင်ပွဲပေါင်းများစွာသည် တရားသော နည်းလမ်းနှင့်လား၊ မတရားသော နည်းလမ်းနှင့်လား သူသေချာ မဆန်းစစ်မိခဲ့၊ ပြိုင်ပွဲဆိုတာ အဓိကအနိုင်ရဖို့ပဲမဟုတ်လား။ ဒီတော့ ဘယ်လိုနည်းနဲ့ ပဲနိုင်နိုင် သူအမြဲအနိုင်ရဖို့ကိုသာ ဂရုစိုက်ခဲ့မိ၏၊ ဝဣာ့ကို အနိုင်ယူပစ်လွှတ်ခဲ့သည့် သူ၏မြားတံပေါင်းများစွာသည် နောက်ကြောင်းပြန်လှည့်၍ သူ့ရင်ကိုပြန်စူးစိုက်လိမ့်မည်ဟု ယောင်၍တောင်မျှ အိပ်မက်မမက်မိခဲ့၊ သေချာပါတယ်...၊ နှလုံးသားတိုက်ပွဲတစ်ခုမှာ သူအနိုင်ရကို ရ,ရမှာပါ၊ ဒါ...သူကိုယ်သူ အမြဲယုံကြည်၍ခဲ့မှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ခုပဲ မဟုတ်လား...



မြင့်မိုရ်



၂၀၀၆ ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကြွေးဆိုတာ ဆပ်ဖြစ်အောင်ဆပ်
နိုင်ရမယ်။

ဝဏ္ဏာ



အခန်း ( ၁၈ )

**Heaven**
**Coffee and Snack**

**Space**
**Coffee and Snack**

ကတ်ကြေးဖြင့်ညှပ်ချလိုက်သည့် ဖဲကြိုးတို့၏အလယ်မှ မိုးပျံပူပေါင်းလေးတွေက အဆုပ်လိုက်ပျံတက်သွားလေ၏။ 'Heaven'

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာတန်းပါသည့်ဖဲကြိုးကရွှေအိုရောင်၊ ဘောလုံးလေးတွေက အဝါရောင်များ၊ 'Space' စာတန်းပါသည့် ဖဲကြိုးက အဖြူရောင်၊ ဘောလုံးလေးတွေက အနီရဲရဲများ။

လက်ခုပ်သံတွေ တဖြောင်းဖြောင်းတီးခတ်၍ပြီးစဉ်မှာပင် ပရိသတ်တို့က ဆိုင်နှစ်ဆိုင်ထဲသို့ အလျှိုလျှိုဝင်လာခဲ့ကြ၏။ ခေတ်မီသည့်ပြင်ဆင်မှုက ဆိုင်နှစ်ဆိုင်လုံးမှာ အစီအရီရှိနေကြသည်။ ရုပ်ရည်သန့်ပြန့်လှသည့် waiter များ၏ တာဝန်ကျေပွန်သည့် ဝန်ဆောင်မှု၊ မျက်နှာထားချို၍ ရို့ကျိုးလွန်းသည့် အပေါက်စောင့် Door man နှစ်ဦး၏ အဆင်သင့်ဖြစ်မှုတို့က ဆိုင်နှစ်ဆိုင်လုံးအတွက် ပြောစရာအပြစ်မရှိအောင်ပင် အဆင်ပြေချောမွေ့နေစေလေသည်။

ကျောင်းပြီးသည်နှင့် ပထမဦးဆုံးခြေလှမ်းဖြစ်သည့် ဤကော်ဖီဆိုင်ကို သူပြင်ဆင်နေချိန်ဝယ် သူ့ဆိုင်ဘေးချင်းကပ်ခြံမှာ အမြန်ဆုံးနည်းဖြင့် တက်သုတ်ရိုက်တည်ဆောက်ဖွင့်လှစ်ခဲ့သည့် မြင့်မိုရ်၏ကော်ဖီဆိုင်က သူ့ဆိုင်စဖွင့်သည်နှင့် အပြိုင်ဖွင့်လေပြီ။

Ready ရသည့်မုန့်တွေကို လွယ်လင့်တကူမမှာယူဘဲ နိုင်ငံခြားမှ သင်တန်းဆင်းလာသည့်မုန့်လုပ်သမားဝန်ထမ်းတွေကို ခန့်ထားကာ သူကြိုပြီးပြင်ဆင်ထားသည့်အတိုင်း တစ်သဝေမတိမ်း





လိုက်လံယှဉ်ပြိုင်နေသည့်မြင့်မိုရ်ကြောင့် သူကျိတ်ပြုံးနေမိ၏။ အရင်လို ရင်ထဲမှာဗလောင်ဆူဝေမှုမျိုးမဖြစ်တော့အောင် သူသွေးအေးခဲ့တာကြာပြီပဲ။

ကျောင်းတက်ခဲ့စဉ် (၆)နှစ်တာကာလမှာ ပညာသားပါသည့်နည်းလမ်းတို့ဖြင့် မြင့်မိုရ်သည် သူ့လှည့်ကွက်ထဲမှာ အတော်လေးမျောပါခဲ့သည်မှာအမှန်။ စာပြိုင်ဘက်အဖြစ် တက္ကသိုလ်အထိ ဆက်လက်တည်ရှိခဲ့သော်လည်း သူ့နံဘေးမှာအတူတွဲခဲ့သည့် မိန်းမချောလေးများစွာသည် သုံးရက် သို့တည်းမဟုတ် တစ်ပတ်အတွင်း မြင့်မိုရ်ဘေးသို့ အလိုလိုရောက်ရှိသွားကြလေ၏။

အများအမြင်မှာ သူကြိုက်သည့်မိန်းကလေးတွေကို မြင့်မိုရ်ဖြတ်ခုတ်သွားသည်ဟု ထင်မြင်ယူဆနိုင်သော်လည်း လက်တွေ့မှာ ထိုမိန်းကလေးများနှင့် သူ၏သန့်ရှင်းသည့်ဆက်ဆံမှုတို့သည် သူငယ်ချင်းအဆင့်မျှသာဖြစ်ပြီး ရှုပ်ပွေသည့်နာမည်ဆိုးဖြင့် မြင့်မိုရ်သာလျှင် သတင်းကြီးခဲ့လေသည်။

ဒီအရိပ်ဟာ မြင့်မိုရ်၏အနာဂတ်အတွက် မီးမောင်းထိုးပြနိုင်မယ့်အဖြစ်ပဲမဟုတ်ပါလား။ မြင့်မိုရ် သူ့ဆီက တစ်ယောက်လုသွားတိုင်း သူမဲ့ပြုံးတစ်ချက်ကိုသာ မှန်မှန်ပြုံးခဲ့လေသည်မှာအမှန်။ ကြာကြာဝါးမယ့်သွားကို အရိုးကြည့်ရှောင်ပေတော့ မြင့်မိုရ်ရေ။



www.burmeseclassic.com

www.burmeseclassic.com



Construction နှင့်ပတ်သက်၍ အပြိုင်အဆိုင်ဆောက်လုပ်ခဲ့ကြတာ၊ လေလံပွဲတင်ဒါတွေ အပြိုင်လုဝယ်ကြတာတွေကတော့ ပြောဖွယ်ရာမရှိ။ အဖေတွေလက်မြောက်အရှုံးပေးရလောက်အောင်ပင် စီးပွားရေးကို အရင်းရှင်ဆန်ဆန်ပင် သူတို့ဆောင်ရွက်ခဲ့ကြသည်မှာ ဝဋ္ဋာနှင့် မြင့်မိုရ်ဟူသည့်အမည်နာမနှစ်ခုသည် စီးပွားရေးလောကဌ် အရှိန်အဟုန်ပြင်းစွာဖြင့်နေရာယူနေလေပြီ။

ကျောင်းပြီး၍ အလုပ်မှာအခြေချနေပြီမို့ သူခြေလှမ်းငြိမ်နေသလို မြင့်မိုရ်လည်း ခြေငြိမ်နေပါ၏။ ပွေ၍ဝတော့မှ အမှန်အကန်ဇနီးလောင်းကို မြင့်မိုရ်စိတ်ကြိုက်ရှာနေသည့်သတင်းကို သူကြားနေပါသည်။ သမီးရှင်တွေက သူတို့နှစ်ဦးအကြောင်းကို ကြိုတင်သိရှိထားသည်မို့ သမီးဖြစ်သူတွေကို မပေးရဲကြ။ မြင့်မိုရ်ချိန်သည်နှင့် သူ မရမကလိုက်လုမည်ကိုသိထားသည်ကိုး။ နှစ်ယောက်ပြိုင်လုပြီး သိပ်မကြာခင်မှာ အဲဒီမိန်းကလေးတွေက ချောင်ထဲသို့ အလိုလိုရောက်သွားခဲ့သည်မှာအမှန်။

Hand Phone မှ တေးသံစုံမြည်လာသဖြင့် သူရုံးခန်းထဲဝင်၍ဖွင့်လိုက်၏။ သူအားအထားရဆုံးသော သူ့ရဲ့ Personal Secretary ညီမင်းပိုင်၏ဖုန်းနံပါတ်ကပေါ်နေလေသည်။

"ညီညီလား. . . ပြော"





"အစ်ကို. . . သူလှုပ်ရှားနေပြီ။ ကျွန်တော် သတင်းအခိုင်အမာရထားတယ်"

"ဘာလဲ. . . လေလံကိစ္စပဲလား"

"မဟုတ်ဘူး. . . Personal ကိစ္စ"

"ဘယ်လို! ဒီကောင်ခြေငြိမ်နေတာကြာပြီပဲ"

"ဟုတ်တယ်. . . ဒီတစ်ယောက်ကိုတော့ သူအတည်လို့သဘောထားပုံပဲ။ ကောင်မလေးက သူတွေ့ဖူးတဲ့မိန်းကလေးတွေလိုလွယ်လွယ်နဲ့မရဘူး။ တော်တော်မာနကြီးတယ်။ ငယ်လည်းငယ်တယ်. . . ယဉ်လည်းယဉ်တယ်"

"သူတကယ်ကြွေတာဟုတ်ရဲ့လား"

"သေချာပါတယ်အစ်ကို၊ သူလုံးဝကပ်လို့မရတာ။ ကြည့်ရတာ ကောင်မလေးက သူ့အကြောင်းတွေကြိုသိထားပုံရတယ်။ သူ့ကိုနည်းနည်းလေးမှမကြည့်ဘူး"

"နာမည်ဘယ်လိုခေါ်လဲ"

"ဝါဂွမ်းဖြူတဲ့. . . First Year တက်နေတယ်။ Eco Queen...။ သူ. . . ညနေတိုင်း ကောင်မလေးကျောင်းဆင်းချိန်ဆိုရောက်နေပြီ"

"ကောင်မလေးက ကိုယ်ပိုင်ကားနဲ့လား၊ ဖယ်ရီနဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံးမဟုတ်ဘူး. . . လိုင်းကားစီးတာ။ စိတ်ဝင်စားကြတဲ့လူတွေဝိုင်းဝိုင်းလည်နေတာကို ဘယ်သူကိုမှဂရုမစိုက်ဘူး။ စိတ်မာတယ်"

"ဒါဆို. . . ဒီကောင်ကျွတ်နေတာပေါ့"

"အစစ်ပဲ. . . ပစ္စည်းမဲ့မာနရှင်ကို လုံးဝဖြိုလို့မရတာ။ သူ တော်တော်သည်းခံပြီးလိုက်နေတာ တစ်လကျော်နေပြီ"

"OK ကျေးဇူးပဲညီညီ. . . တိုက်ခန်းတွေ လေလံပစ်သားတဲ့ကိစ္စ မင်းလိုက်ဦး။ စက်ရုံက မစ္စတာချာလီနဲ့ စာချုပ်ချုပ်ဖို့ကိစ္စလည်းမမေ့နဲ့ဦး။ ပျက်လို့မဖြစ်ဘူး. . . အဲဒါ နှစ်ရှည်စီမံကိန်းကြီးနော်"

"ဟုတ်ကဲ့. . . ကျွန်တော်သိပါတယ်အစ်ကို။ စနေနေ့ ည (၉)နာရီ Dinner ရှိတာမမေ့ပါနဲ့။ ဒါဆိုရင် ကျွန်တော်ဖုန်းပိတ်လိုက်တော့မယ်နော်။ အစ်ကိုဘာသိချင်ပါသေးလဲ"

"သူ့ကောင်မလေးရဲ့ပုံစံ"

"အသားဖြူဖြူ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ မျက်သားပြာပြာနဲ့ မျက်ဆံနက်နက်၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းက စုစုလေး"

"မင်းတော်တော်လေ့လာထားတာပါလား"





"ဟင်းဟင်း. . . သူက ကျောင်းမှာ star ကိုး, အစ်ကိုရဲ့။ ဆံပင်ကိုကျစ်ဆံမြီး အမြဲကျစ်တယ်။ ခြေသလုံးအထက်နားမှာ ပြန်ထုံးထားတာတောင်. . . ဥသျှစ်သီးလောက် အလုံးရှိတာ။ ရင်စေ့ဘလောက်စ်အရောင်နုနုလေးတွေ ဝတ်တတ်တယ်။ မြင်ရုံနဲ့ငေးကြည့်သွားရတာအမှန်ပဲ။ အများထဲမှာ ရှားရှားပါးပါးဟစ်ယောက်ပဲထင်းနေတာ သိသာပါတယ်။ လိုက်ရှာနေစရာမလိုအပ်ဘူး"

"တော်တယ်. . . ပြည့်စုံပြီ"

မြင့်မိုရ်. . . မြင့်မိုရ်. . . မင်း,ငါ့မသိအောင် ကျိတ်ကြိုးစားနေလည်းမရပါဘူး။ အလှည့်ဆိုတာ ရှိစမြဲပါ မြင့်မိုရ်။ ငါ့စွန့်လွှတ်ခဲ့တာ အပျော်ကောင်မလေးတွေပဲ။ ငါ့ရင်ကိုထိတဲ့မိန်းကလေး တစ်ယောက်မှမပါဝင်ခဲ့ဘူး။ ခုတစ်ခါတော့. . . မင်းရင်ကိုထိတဲ့ မိန်းကလေးကို ငါအရလုပ်ပြမယ်မြင့်မိုရ်။ ပွဲက အခုမှပြန်စမှာ. . .၊ ပျင်းနေတာနဲ့အတော်ပါပဲ။ နှလုံးသားလုပွဲပေါ့ကွာ. . . ပျော်စရာကြီး. . .။

သူ Hand Phone ခလုတ်တွေကို အသာနှိပ်လိုက်ပါ၏။

"ဟဲလို"

"မြင့်မိုရ်. . . ငါ"

"ဩော်. . . ဝဋ္ဌလား။ ဘယ်လိုလဲ မင်းဆိုင်အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



"OK ပါတယ်"

"ဘာကိစ္စ ငါ့ဆီဖုန်းဆက်ရတာလဲ"

"မင်းခြေလှမ်းနောက် ငါထပ်တူလိုက်မလို့သတင်းပို့တာ"

"ဘယ်လို! "

"ငါ. . . စီးပွားရေးတက္ကသိုလ်ကိုသွားဖို့ လမ်းကြောင်းတွေ့သွားပြီကွ"

မြင့်မိုရ်ဘက်မှ ရုတ်တရက်အသံတိတ်သွားသဖြင့် သူကျိတ်ပြုံးလိုက်မိသည်။ တော်တော်တုန်လှုပ်သွားတယ်ထင်ပါရဲ့။

"ဘယ်လိုလဲမြင့်မိုရ်. . . ငြိမ်သွားပါလား"

"ငါအပျော်သဘောမဟုတ်ဘူးဝဠာ။ ဒါ အတည်လှုပ်ရှားနေတာ"

"အဲဒါမျိုးမှ ငါကပိုကြိုက်တာ"

"ရပ္ပါတယ်. . . ငါနဲ့ပြိုင်တိုင်း ဘယ်တုန်းကများ. . . မင်းအနိုင်ရခဲ့ဖူးလို့လဲ"

"မတူဘူးလေ မြင့်မိုရ်. . .၊ အခု ၂၀၀၆ ရောက်နေပြီ။ သက္ကရာဇ်ကဟာတွေ ထည့်မတွက်နဲ့တော့. . . ဟောင်းနေပြီကွ။ နှလုံးသားတစ်ခုကိုပြိုင်လုရတာက ပိုပျော်ဖို့ကောင်းသလို စိတ်လှုပ်ရှားဖို့လည်းကောင်းတာ. . . မင်းအသိပဲ"





"သူက ငါတို့တွေ့ခဲ့ဖူးတဲ့မိန်းကလေးမျိုးမဟုတ်ဘူး ဝဠာ။ တကယ့် Simple ပါ"

"ငါသိတယ်. . . ငါအားလုံးသိနေပါတယ်"

"ကောင်းပြီလေ. . . တရားသောနည်းနဲ့ယှဉ်ပြိုင်မယ့်ပွဲပဲ။ ငါစိမ်ခေါ်ပါတယ်"

"OK . . . ဒီညနေ ငါ့မင်းနဲ့အတူလိုက်ခဲ့မယ်"

"ရတယ်"

သူဖုန်းကိုပိတ်လိုက်ပါ၏။ အတည်တဲ့လား မြင့်မိုရ်။ ငါက မင်းစကားကိုယုံတာမဟုတ်ဘူး။ မင်းမျက်လုံးနဲ့ မင်းနှလုံးသားကို အကဲခတ်မှာ။ သေချာရင် အကွဲဆော်ပြီပဲမြင့်မိုရ်။ An Eye For An Eye တဲ့။ မင်းရိုက်ခဲ့တဲ့အရှုံးရာတွေက ငါ့ကိုယ်ပေါ်၂၁အပြည့်ပဲ။ ငါက မင်းနှလုံးသားကိုပြန်ရိုက်မှာ။ ဘယ်သူမှမမြင်နိုင်တဲ့နေရာကို သေသေချာချာကြီး ငါပြန်ရိုက်ပြမှာ။ တစ်ယောက်ယောက်တော့ကွဲမှာသေချာပါတယ်။ ဒါပေမဲ့ ငါလုံးဝမဖြစ်စေရဘူး။

ညနေသုံးနာရီကျော်ကျော်မှာ စီးပွားရေးတက္ကသိုလ်ဝင်းထဲသို့ သူတို့နှစ်ဦးရောက်လာ၏။ ကားရှေ့မှာ ခပ်မှိုမှိုရပ်နေရင်းကျောင်းအဆင်းကိုစောင့်နေမိသည်။ ပရာဒိုကားကို မှီရပ်နေသည့်မြင့်မိုရ်၏မျက်လုံးများက မျှော်လင့်ချက်ရောင်ခြည်ယှက်သန်းလျက်



www.burmeseclassic.com

www.burmeseclassic.com



တလက်လက်တောက်ပလို့နေလေ၏။ စိတ်လှုပ်ရှားလွန်း၍ မကြာခဏလက်ဆစ်တွေချိုးနေပုံက သိသာလွန်းလှသည်။

ဒါဆို သေချာပြီပေါ့. . . မြင့်မိုရ်။ အချစ်ဆိုတာ အဆိပ်တစ်ခွက်နဲ့တူတာကို မင်းမေ့နေပြီလား။

ကျောင်းဆင်းသည်နှင့် ပြုံဆင်းလာကြသည့် ကျောင်းသူတွေကို အသာငေးကြည့်နေမိ၏။ အဝေးမှလာနေသည့်ပုံရိပ်လေးကို သူမြင်လိုက်ရသည်။ ဘလောက်စ်ဆင်စွယ်ရောင်ကို နက်ပြာခံမှာ ဆင်စွယ်ရောင်အတုံးလေးတွေပါသည့်လုံချည်ဖြင့် တွဲဝတ်ထား၏။ ကျစ်ဆံမြီးကျစ်ထားသည့်ဆံပင်တွေကို ရှေ့ဘက်သို့ ဆွဲယူချထားသည်။ လွယ်အိတ်ဖြူလေးကိုပိုက်ထားလျက် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လှမ်းနေပုံလေးက ဣန္ဒြေအပြည့်။ နံဘေးမှသူငယ်ချင်းဖြစ်သူနှင့် စကားတစ်ခွန်းစနှစ်ခွန်းစပြန်ပြောနေစဉ် သူမနောက်ပါးမှ ကပ်ပါလာသည့်ကောင်လေးနှစ်ယောက်ကြောင့် ဇင်ယော်တောင်မျက်ခုံးလေးနှစ်ဖက် တောင်ပံချိုးလေပြီ။

ကြည့်စမ်း. . .၊ အတော်လှသည့်ကောင်မလေးပါလား။ အင်္ကျီကြောင့် ဖြူဖွေးနေသည့်အသားအရေကို ပိုဝင်းစေသလို ဘာတစ်ခုမှအပြစ်ပြောဖွယ်ရာမရှိ။ ပြစ်မျိုးမဲ့မထင်ဆိုတာ ဒီလိုအလှမျိုးကိုခေါ်တာထင်ပါရဲ့။ မျက်နှာသွယ်သွယ်လေးမှာ မျက်လုံးဝိုင်းဝိုင်း





လေးတွေက ပီတိကလေးလေးသဖွယ် အပြစ်ကင်းလွန်းနေသည်။ နှာတံသွယ်သွယ်လေးက ဆွဲညှစ်ကျီစယ်ချင်စရာ။ နှုတ်ခမ်းဖူးဖူးလေးက နံဘေးမှကပ်ပါလာသည့်ကောင်လေးတွေကြောင့်ထင့်၊ ခပ်စူစူ။

တဖြည်းဖြည်းနှင့် သူတို့နားရောက်လာသည့်သူမခြေလှမ်းလေးတွေက အလိုလိုရပ်သွားလေ၏။ မည်းနက်ရှည်လျားကော့ပျံနေသည့်မျက်တောင်တွေ တဖျပ်ဖျပ်ခတ်၍ မျက်လုံးလေးများက အရောင်လက်ခနဲဖြစ်သွားသလို နှင်းဆီငုံနှုတ်ခမ်းလွှာလေးက ဖျတ်ခနဲပွင့်အာ၍ လှစ်ခနဲပြုံးလိုက်လေသည်။ ရုတ်တရက် ခွက်ခနဲပေါ်လာသည့်ပါးချိုင့်လေးနှစ်ဖက်ကြောင့် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ ဘုရားရေ. . . ဒါ. . . ဒါ. . .

သူ့အတွေးမဆုံးခင် သူမက ရပ်နေရာမှ သူ့ဆီသို့အပြေးရောက်လာပြီး သူ့လက်မောင်းကိုချိတ်ဆွဲလိုက်လေ၏။

"ကိုကြီး. . . ပုံပုံ့ကိုလာကြိုတာလားဟင်"

"သေစမ်း! "

သူ့နဖူးကို ဖြန်းခနဲရိုက်လိုက်မိတော့ မြင့်မိုရ်ထံမှရယ်သံအကျယ်ကြီးထွက်လာလေ၏။ သေလိုက်ပါတော့ဝဠာရယ်။ ကောင်မလေးချောချောလေးကိုလာကြည့်ပါတယ်ဆိုမှ ကိုယ့်ညီမဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့။

"ဟင်. . . ဟုတ်ဘူးလား"

"ဟုတ်တယ်. . . ဟုတ်တယ်. . . လာ"

"ဒါဆို ပုံပွဲသူငယ်ချင်းကို ခေါ်လိုက်ဦးမယ်လေ။ စံ. . . လာ. . . ကိုကြီးလိုက်ပို့ပေးလိမ့်မယ်။ ဒါ ပုံပွဲရဲ့အစ်ကိုလေ. . .။ နာမည်ကဝဋ္ဋာတဲ့. . . ကိုကြီးကအင်ဂျင်နီယာပေါ့"

"ဟုတ်ကဲ့"

"ကဲ. . . ကားပေါ်တက်"

သူမျက်နှာညှိုညှိုဖြင့် နောက်ခန်းတံခါးကိုဆွဲဖွင့်ပေးတော့ မြင့်မိုရ်က တစ်ဖက်ကားပေါ်တက်ရင်း သူ့ကိုလှမ်းပြောလိုက်လေသည်။

"ဝဋ္ဋာ. . . ငါအတည်ပဲ"

"မင်းကြီးဒေါ်ကြီးပဲတည်"

"ငါတကယ်ပြောနေတာပါကွ"

"မရဘူး"

"မင်းငါ့အကြောင်းသိပါတယ်။ မင်းတားလေ, ငါက ရှေ့တိုးလေပဲ"

"အေး, ငါကလည်း မင်းရှေ့တိုးတာနဲ့ ခေါင်းရိုက်အခွဲပဲ"





"သည်းခံခြင်းသည် အောင်မြင်ရာ၏တဲ့. . . ဝဋ္ဋာရ"

သူ့ရှုးရှုးရှဲရှဲဖြစ်သွားစဉ် မြင့်မိုရ်က ကားကိုမောင်းထွက်သွားလေတော့၏။ တောက်! ကံကြမ္မာကတော့ သူ့အပေါ်လုပ်ချလိုက်ရင် တစ်လွဲချည်းပါလားနော်။

ခေါင်းထဲမှာ နောက်ကျိသွားရပြီး ကားကိုမောင်းထွက်လာခဲ့၏။ အာရုံမှာ သတိပေးသံတွေ အထပ်ထပ်အခါခါပြန်ကြားနေမိရင်း၊ ဒီပွဲကို စနစ်တကျ Plan ချဖို့လိုအပ်ပြီမှန်း သူအတတ်သိလိုက်သည်။ ပုံပွဲသူငယ်ချင်းစန္ဒာကို အရင်ပို့ပြီးမှ တီတီတို့အိမ်သို့ မောင်းခဲ့ပါ၏။ ခြံဝင်းအနေတော်မှာ သစ်သားအိမ်လေးက ရေနံ့ဝနေသဖြင့် မည်းနက်နေသည်။

"ဟောတော်. . . ဘယ်မှာတွေ့လာကြတာလဲ"

"ကျောင်းမှာ"

"ကျောင်းမှာ! သားက ကျောင်းကိုဘာသွားလုပ်တာလဲ"

"ဒီလိုပါပဲ"

သူ့မပွင့်တပွင့်ဖြေလိုက်တော့ တီတီ့နှုတ်ခမ်းမှ မေးခွန်းပေါင်းများစွာက သူ့ထံပြုံကျလာလေ၏။

"သားတစ်ယောက်တည်းရောက်သွားတာလား"

"ဘယ်ကသာ. . . သူ့ဘော်ဒါကြီးက ပါလာတာပေါ့မာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်လုံးရောက်လာပုံထောက်ရင် ဒီကိစ္စမရိုးသားတော့ဘူး။ ပြော. . . ဘာကိုရည်ရွယ်ပြီး ဘယ်သူ့ဆီကိုသွားကြ ဘာလဲ"

"အမှန်အတိုင်းပြောရမှာလား,တီတီ"

"သား ဘယ်တုန်းကများညာခဲ့ဖူးလို့လဲ"

"ဟင်းဟင်း. . . မြင့်မိုရ်ချိန်နေတဲ့ Eco Queen ကိုလိုက်ကြည့်တာ။ ဟိုရောက်တော့ ပုံပုံဖြစ်နေပါလေရော။ အဲ့ဒါနဲ့ တင်းပြီးပြန်လိုက်ပို့တာ"

"ဩော်. . . ကိုယ့်ညီမကို မစောင့်ရှောက်ဘဲ လူမှားပြီးအပြိုင်ပိုးမိတော့မလို့ပေါ့။ ကြည့်စမ်း! ခုထိ ဒီအကျင့်တွေမဖျောက်သေးဘူး။ ဘယ်တော့မှတည်ငြိမ်မှာလဲ. . . ကဲ"

တီတီက သူ့နားရွက်ကိုဆွဲလိမ်လိုက်တော့၊ ပုံပုံက သူ့ကိုကြည့်၍ သဘောကျစွာရယ်နေတော့သည်။

"အား. . . မဟုတ်ပါဘူးတီတီရ။ ဒီကောင် အတည်ကြွေနေပြီဆိုလို့နှောက်ချင်လို့ပါ. . . ပုံပုံလို့ ကျွန်တော်ဘယ်ထင်မှာလဲ။ တီတီက သူခြောက်တန်းတုန်းလောက်ကပဲ အိမ်ကိုခေါ်ခဲ့ဖူးတာကို။ ပါးချိုင့်လေးကိုမြင်မှ ပုံပုံမှန်းသိတာ။ ဒီတစ်ပွဲတော့ မြင့်မိုရ်တော့ကွဲပြီမှတ်"





"ဟဲ့. . . နင်တို့နှစ်ယောက်ကြားထဲမှာ ငါ့သမီးအချောင်နာမည်ပျက်မယ်နော်သား. . . တီတီမကြိုက်ဘူး။ သမီးကိုလည်းမာ,ကြိုပြောထားပါရဲ့။ လောကကြီးမှာ သမီးကြိုက်တဲ့လူကို စိတ်ကြိုက်ရွေးချယ်ခွင့်ရှိတယ်။ ဒါပေမဲ့ အဲဒီလူတွေထဲမှာ မြင့်မိုရ်မပါဘူး"

"ကျွန်တော်ကလည်း လုံးဝသဘောမတူပါဘူး"

"သူက ဖွဲတော့အတော်ကောင်းတယ်မာရဲ့။ ပုံပုံ့နောက်တကောက်ကောက်လိုက်နေတာ တစ်လကျော်နေပြီ"

"ဟယ်. . . အဲဒါ သ္မီး, မာ့ကိုဘာဖြစ်လို့မပြောတာလဲ"

"မလိုအပ်ပါဘူးမာရယ်. . . ဒီလိုလူမျိုးကို ကြောက်နေရင်ပုံပုံ့ကမ္ဘာက ကျဉ်းသွားမှာပေါ့။ ဒါမျိုးတွေက state ကျောင်းမှာကတည်းက ကြုံဖူးပြီးသား။ ပုံ့အတွက်ရိုးနေပြီ"

"အဲဒါက အပျော်သဘောချာတိတ်တွေလေ,သမီးရယ်"

"စိတ်မပူပါနဲ့တီတီ. . .။ ဒီကောင့်ရန်က အေးရအောင်ကျွန်တော်စီစဉ်ပေးမှာပါ။ ကျွန်တော်ပြန်ဦးမယ်။ ပုံပုံ. . . ကိုကြီးပြန်မယ်"

"ဟုတ်"

ချိုင့်ဝင်သွားသည့်ပါးချိုင့်လေးကို လက်ညှိုးကလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသာတို့လိုက်မိပြီး သစ်သားအိမ်လေးပေါ်မှ ဆင်းခဲ့တော့၏။ ပွဲကတော့လှုပြီ မြင့်မိုရ်ရေ. . .။

❁ ❁ ❁





အရိုးရှင်းဆုံးကစားကွက်ကို တစ်ဖက်လူမြင်သာအောင် ကစားပြမှာပါ၊ knight က အရောင်ပြစ်ခံသူကြီးပဲ ညီညီ၊ ကိုယ်တကယ်လိုချင်တာတစ်ဖက် king ရဲ့ အနီးဆုံးကို ကိုယ့် Queen ကို အရောက်ပို့ပေးချင်တာ၊ ဒါဟာ အလကားချကျွေးလိုက်တာမဟုတ်ဘူး၊ သူ့ကိုအလဲပြိုနိုင်မယ့် အဆိပ်သုတ်ထားတဲ့အစာ:မြောင်တစ်လက်ကို လက်ဆောင်အဖြစ် ပို့ပေးလိုက်တာလေ၊ အဲဒီ Queen ရဲ့အနောက်မှာ ကိုယ်ရှိနေတာကို သူလုံးဝမသိရေဘူး၊

ဝဋ္ဌာ





www.burmeseclassic.com

www.burmeseclassic.com



'နှလုံးသား' ဆိုတာ အလောင်းအစားပြိုင်ပွဲထဲ ထည့်ကစားသင့်တဲ့အရာမှမဟုတ်တာ။ အကယ်၍များ ဒီပွဲမှာ 'ပုံပုံ' နှလုံးသားတစ်ခုလုံး ဆုံးရှုံးသွားခဲ့ရင် ကိုကြီးပြန်လျော်ပေးနိုင်မလား...

ဖါကွမ်းမြို့





## အခန်း ( ၁၉ )

"ဗျာ. . . ဖြစ်ပါ့မလားအစ်ကို။ ကျွန်တော်နဲ့ အစ်ကို့ရဲ့ ဆက်နွယ်မှုကို သူမသိတာထားပါတော့။ ကျွန်တော့်မှာ 'သူသူ' ရှိနေတာကိုတော့ သူစုံစမ်းလို့ရသွားမှာ။ သူက ခြေလှမ်းသိပ်ကျဲတဲ့လူလေ။ အစ်ကိုမေ့မထားပါနဲ့"

"သိသွားပါစေညီညီ. . . ကိုယ်လိုချင်တာလည်း အဲဒီခွင်ပဲ"

"ဘာသဘောလဲအစ်ကို. . . ကျွန်တော်သိပ်မပေါက်ဘူး"

"လူချိန်းပေးလိုက်တာလေညီညီ. . . ဒီပွဲမှာ ကိုယ်ပါနေ



www.burmeseclassic.com

www.burmeseclassic.com



လို့မဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဝါဂွမ်းဖြူဟာ ကိုယ့်ညီမဖြစ်နေပြီကိုး။ ဒီတော့ သူ့ကိုရိုက်ဖို့ခွင်ကို ကိုယ်စနစ်တကျနဲ့စီစဉ်ရတော့မယ်။ ဒီပွဲမှာ ကိုယ်လုံးဝအမှားမခံနိုင်ဘူး။ ကိုယ့်ဘက်က အရင်းအနှီးသိပ်ကြီးတယ်ညီညီ။ ကိုယ်ရင်းရမှာ ကိုယ်တို့မောင်နှမရဲ့နှလုံးသားနှစ်ခုစလုံးကိုပါ"

ညီမင်းပိုင့်, Boss ကိုခပ်ငေးငေးကြည့်နေမိသည်။ စီးပွားရေးကို လာဘ်မြင်မြင်နှင့်ကြိုးစားနိုင်ခဲ့သော်လည်း ဒီလိုအလုပ်မျိုးကိုတော့ တစ်ခါမှမလုပ်ခဲ့ဖူးတာမို့ အတော်လေးတုန်လှုပ်နေမိတာ အမှန်ပင်။

"အစ်ကို ဘယ်လိုစီစဉ်ပေးမှာလဲ"

"အရိုးရှင်းဆုံးကစားကွက်ကို တစ်ဖက်လူမြင်သာအောင် ကစားပြမှာပါ။ Knight က အရောင်ပြစစ်သူကြီးပဲ ညီညီ။ ကိုယ်တကယ်လိုချင်တာ တစ်ဖက် King ရဲ့ အနီးဆုံးကို ကိုယ့် Queen ကိုအရောက်ပို့ပေးချင်တာ။ ဒါဟာ. . . အလကားချကျွေးလိုက်တာ မဟုတ်ဘူး။ သူ့ကိုအလဲဖြိုနိုင်မယ့် အဆိပ်သုတ်ထားတဲ့ဓားမြှောင်တစ်လက်ကို လက်ဆောင်အဖြစ်ပို့ပေးလိုက်တာလေ။ အဲဒီ Queen ရဲ့ အနောက်မှာ ကိုယ်ရှိနေတာကို သူလုံးဝမသိစေရဘူး။ ဒါပဲ. . . ဒီလောက်ဆို ညီညီပေါက်မှာပါ"





"ဟုတ်ကဲ့. . . ဖြစ်ပါတယ်အစ်ကို။ ကျွန်တော်စိုးရိမ်တာတော့ တစ်ခုတည်းပါပဲ။ ကျွန်တော့်ချစ်သူက ဒီအဖြစ်အပျက်တွေကိုသိသွားရင် အထင်လွဲကောင်းလွဲပါလိမ့်မယ်။ သူသူက ကျွန်တော်နဲ့အိမ်ကသဘောတူပြီးသား မိန်းကလေးပါအစ်ကို"

"ပွဲကိုသာ ဆက်ကပါညီညီ. . . ဇာတ်သိမ်းခန်းလှပရင် ပရိတ်သတ်က နှစ်သက်မှာပဲ။ မင်းကောင်မလေးကို ဒီကိစ္စကြိုဖွင့်ပြောလို့မဖြစ်ဘူး။ ဒါ Top Secret လေ။ ကိစ္စတွေအားလုံးပြီးရင် ကိုယ် အစအဆုံးအားလုံးကို တာဝန်ယူရှင်းပေးမှာပါ၊ စိတ်ချ. . . ဘယ်လိုလဲ"

"စွန့်စားကြည့်ရမှာပေါ့။ ဒါပေမဲ့. . . ကျွန်တော်နည်းနည်းတော့လန့်တယ်အစ်ကို။ သူက အဆိပ်ပြင်းတဲ့မြွေတစ်ကောင်လေ"

"အန္တရာယ်မရှိပါဘူးညီညီ. . . အလွန်ဆုံး မင်းဆေးခန်းပြရုံလောက်တော့ အနည်းအကျဉ်းခံရမယ်"

"အာ. . . အစ်ကိုကလည်း"

ပေါ့ပါးစွာရယ်ဖြစ်ကြ၏။ သူ့အံဆွဲထဲမှ ကားသော့တစ်ချောင်းနှင့် Hand Phone အသစ်တစ်လုံးကို ညီမင်းပိုင်ဆီ ကမ်းပေးလိုက်ပါသည်။

"အောင်မြင်ပါစေ ညီညီ။ ပုံပုံ့ကို ကိုယ်ပြောထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

"ဟုတ်ကဲ့. . . အစ်ကိုညီမကို ကျွန်တော် လက်ကိုင်မိရင် စိတ်မဆိုးဖို့သေချာပြောပေးထားပါနော်"

"ဩော်. . . သမီးရည်းစားလုပ်ရမှာပဲညီညီရာ။ ဒီအဆင့်လောက်လေးကို ခွင့်တောင်းဖို့မလိုအပ်ဘူး"

ညီမင်းပိုင့်နှာခေါင်းရှုံ့၍ ခေါင်းခါပြလိုက်သဖြင့် သူ ဟက်ဟက်ပက်ပက်ရယ်ချလိုက်ပါ၏။ အသက်အရွယ်မတိမ်းမယိမ်းနှင့် လူပုံချောချောလေးကို Knight အဖြစ် သူရွေးချယ်လိုက်တာ မမှားနိုင်ပါဘူးလေ။ ညီမင်းပိုင်ထွက်သွားပြီး နာရီဝက်ခန့်ကြာပြီးမှ သူ့တီတီတို့အိမ်သို့ထွက်လာခဲ့၏။

တီတီနှင့်ဦးဦး wedding ထွက်သွားတာမို့ အိမ်မှာ ပုံပုံကို အဆင်သင့်တွေ့ရလေ၏။ နှစ်ပတ်လျှိဆံထုံးလေးထုံး၍ ယဉ်သကိုမယ်လေးက သူ့ကိုခပ်ပြုံးပြုံးကြိုလေသည်။

"ကိုကြီးလာမယ်လို့ထင်နေတာ, ကွက်တိပဲ"

"တီတီတို့ရော"

"wedding သွားတယ်"

"အတော်ပဲ. . . ပုံပုံ့ကို ကိုကြီးအကူအညီတောင်းစရာရှိတယ်"





"အမယ်! ထူးထူးဆန်းဆန်းပါလား။ ပြောပါဦး. . . ဘယ်ကောင်မလေးကို ပုံပုံပြောပေးရမှာလဲ"

သူ့မချင့်မရဲဖြစ်ကာ ပုံပုံ့နဖူးကို လက်သီးဆုပ်ဖြင့်ခပ်ဖွဖွထုလိုက်မိ၏။ ပါးချိုင့်လေးက လှစ်ခနဲပေါ်လာပြန်သည်။

"ပုံပုံ ရည်းစားထားရမယ်"

"အာ. . . ကိုကြီးကလည်း ညီမကိုမဆုံးမတဲ့အပြင် မြှောက်ပေးနေပြန်ပြီ။ မာသိရင်. . . ပုံပုံအဆူခံရမှာနော်"

"အကောင်းပြောနေတာ. . . ဒါပေမဲ့ ပုံပုံချစ်သူထားရင် အပေါ်ယံပဲနော်။ အထဲက နှလုံးသားပါစရာမလိုဘူး"

"ထူးဆန်းအံ့ဩဖွယ်ရာပါလား။ ပုံပုံက ဘယ်သူ့ကိုရည်းစားတော်ရမှာလဲ"

"အရင်ဆုံး ညီမင်းပိုင်ဆိုတဲ့ကောင်လေး"

"အရင်ဆုံးဆိုတော့ နောက်မှာရှိသေးတယ်ပေါ့"

"အင်း. . . နောက်တစ်ယောက်က မြင့်မိုရ်ပဲ"

"ဟင်. . . မဖြစ်ဘူးထင်တယ်ကိုကြီးရဲ့။ ပုံပုံက ငယ်ငယ်ကတည်းက သူ့ကိုကြည့်မရဘဲ မုန်းနေခဲ့တာကို"

"နည်းနည်းလေးပဲပြန်ချစ်ပေးလိုက်ပါညီမလေးရာ။ ကိုယ်လိုချင်တာ ပုံပုံကို သူအသေအလဲစွဲလမ်းမိသွားချိန်မှာ တိခနဲဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချပစ်လိုက်ဖို့ပါပဲ"

"အားပါးပါး. . . ကြမ်းလှချည်လား ကိုကြီးရဲ့။ ဖြစ်ပါ့မလား"

"ဖြစ်အောင်လုပ်ရမှာပေါ့ပုံပုံရဲ့. . . ကိုကြီးညီမက ကိုကြီးလိုအစွမ်းအစရှိမှန်း ကိုကြီးယုံကြည်ပြီးသား"

"ကိုကြီးအဓိကလိုချင်တာ သူအသည်းကွဲတာကို မဟုတ်လား"

"အသေအချာပဲ"

"ပုံပုံ အာမ,မခံရဲဘူးကိုကြီး. . .။ ပုံပုံက အချစ်ဆိုတာကို တစ်ခါမှကြုံဖူးတာမဟုတ်ဘူး။ ပြီးတော့ ဟန်လည်းမဆောင်တတ်ဘူး"

"ပုံပုံ, ကိုကြီးကိုမချစ်ဘူးလား။ ကိုကြီးဘဝမှာ သူ့ကိုတစ်ခါမှမနိုင်ခဲ့ဖူးဘူးပုံပုံ။ အခါပေါင်းများစွာ အကြိမ်ပေါင်းများစွာ ကိုကြီးရှုံးနိမ့်ခဲ့ရပြီးပြီ။ ငယ်စဉ်တုန်းက စာပြိုင်ဘက်၊ အရွယ်ရောက်လာတော့ ရည်းစားလုဘက်၊ အခုအချိန်မှာ စီးပွားပြိုင်ဘက်၊ ဒါပေမဲ့ ဒီနေ့ထိ ကိုကြီး သူ့ကိုအသေအချာမနိုင်သေးဘူး။ ကိုကြီး, သူ့ကိုနိုင်ချင်တယ်ပုံပုံ။ အရှုံးရဲ့အရသာကို သူ့ကိုမြည်းစမ်းစေချင်တယ်။ အဲဒီအရှုံးပင်လယ်ထဲမှာ သူ့ကိုလုံးဝနစ်မြုပ်သွားစေချင်တာ"





"နှလုံးသားဆိုတာ အလောင်းအစားပြိုင်ပွဲထဲထည့်ကစားသင့်တဲ့အရာမှမဟုတ်တာ။ အကယ်၍များ ဒီပွဲမှာ ပုံပုံ့နှလုံးသားတစ်ခုလုံးဆုံးရှုံးသွားခဲ့ရင်. . . ကိုကြီးပြန်လျော်ပေးနိုင်မလား. . . ပြော"

သူရီဝေစွာဖြင့် ပုံပုံ့ကိုငေးကြည့်နေခဲ့မိ၏။ ဟင့်အင်း. . . မဖြစ်ဘူး. . . မဟုတ်သေးဘူးလေ။ ပုံပုံ့ကို ဟန်ဆောင်ချစ်သူအဖြစ်ပဲ သူထားခိုင်းတာပါ။

"ပေးမယ်"

"သေချာရဲ့လားကိုကြီး. . . ပုံပုံတကယ်တောင်းမှာနော်"

"ပေးမယ်ပုံပုံ. . . ဘာတောင်းချင်လဲ။ သေချာစဉ်းစားပြီးပြောသာပြောပါ"

"ပုံပုံတောင်းမှာ သက်မဲ့အရာမျိုးမဟုတ်ဘူးဆိုရင်ရော"

မျက်စချီ၍မေးလိုက်သည့်ကောင်မလေး၏မျက်နှာကို သူတမေ့တမောငေးကြည့်နေမိ၏။ တကယ်ပါပဲ။ ပုံပုံ့အတွက်ဆို ကိုကြီးဘာပဲပေးရပေးရပါကွယ်။

"ပုံပုံလိုချင်ရင် ကိုကြီးနှလုံးသားကို ခွဲထုတ်ပေးပါဆိုလည်းပေးနိုင်ပါတယ်။ ယုံပါ. . ."

ပုံပုံက ဘာမှထပ်မပြောဘဲ သူ့လက်မောင်းကိုဆုပ်ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



မှီလိုက်လေ၏။ လေအဝှေ့လွင့်ပျံလာသည့် ဆံနွယ်ရှည်တွေထံမှ ရှမ်ပူနံ့သင်းပျံ့ပျံ့ကို သူရှူရှိုက်လိုက်ရသည်။ သူ့နေရာမှာ မြင့်မိုရ်သာဆိုရင်. . .

အတွေးစကို ချက်ချင်းရပ်၍ သူခေါင်းကိုခါယမ်းပစ်လိုက်၏။ ဒီပွဲကအပြီးတိုင်နိုင်ပါ့မလား။ သေချာတာတစ်ခုကတော့ အခုကတည်းက သူ့ရင်ထဲမှာ လျှောင်လှုပ်နေလေပြီ။

"တစ်ခုကိုလိုချင်ရင် တစ်ခုကိုတော့ ရင်းရတယ်တဲ့။ ပုံပုံတို့ဘက်က ဘာတွေကိုရင်းထားရသလဲ။ ဘယ်လောက်ထိအဆုံးရှုံးခံနိုင်မလဲ။ သူ့ဆီက ဘာကိုအမြတ်ရနိုင်မှာလဲ ကိုကြီးသေချာသိရဲ့လား"

သက်ပြင်းကို ခပ်ဖွဖွချလိုက်မိသည်။ အရင်းအနှီးကမတန်တဆပါပဲပုံပုံရယ်။ မြင့်မိုရ်နှလုံးသားကိုအလဲထိုးဖို့ ကိုကြီးနဲ့ပုံပုံရဲ့နှလုံးသားတွေကိုရင်းရတာပါ။

"ကိုကြီး၊ ပုံပုံ့ကို ဒဏ်ရာမရစေချင်ပါဘူး။ ညီညီနဲ့အပြိုင်ပုံပုံ့အနားကို သူအမြန်ရောက်လာစေရမယ်။ တစ်ရက်ရက်မှာ သူ့စနက်ကြောင့်ပဲ ညီညီ့ကို ပုံပုံလက်တွဲဖြုတ်လိုက်ရမယ်။ ပြီးရင် ပုံပုံသူနဲ့ချစ်သူတော်ရမယ်"

"ထားလိုက်ပါတော့, သူ့ဘက်က မင်္ဂလာဆောင်တဲ့အထိ





ရွှေ့တိုးလာမယ်ဆိုရင်ရော ပုံပုံဘယ်လိုရှောင်ရမှာလဲ"

"အဲဒါ ကိုကြီးရှင်းပေးမယ့်ပြဿနာပါ"

"မာကိုယ်တိုင်က သူနဲ့ပတ်သက်လာရင် ခါးခါးသီးသီးနော်ကိုကြီး"

"အဲဒါ ပုံပုံ့အတွက် ပိုမကောင်းဘူးလား"

ပုံပုံက သူ့ကိုမျက်စောင်းဝင့်ကြည့်လိုက်သဖြင့် သူပြုံးလိုက်မိသည်။ အိမ်နေရင်းတောင်မှ ကပ်ပိုကရိုလေးလှလွန်းတဲ့သူလေးပါလား။

"ညီညီ ဘာဝယ်ပေးပေး ပုံပုံလက်ခံလိုက်ပါ။ အဲဒါအကုန်ကိုကြီးဝယ်ပေးတာပဲ. . . သိလား"

"အဲဒီကောင်လေးကတော့ သူ့လောက်ကြောက်ဖို့မကောင်းဘူးမဟုတ်လား"

"အင်း. . . သူ့မှာ 'သူသူ'ဆိုတဲ့ကောင်မလေးရှိထားပြီးသားပါ"

"အဲဒီသူသူနဲ့. . . ပုံပုံပြဿနာဖြစ်ရင်ရော"

"ညီညီရှင်းပေးလိမ့်မယ်၊ မပူပါနဲ့"

"ကိုကြီးမလုပ်နိုင်တာ ဘာတွေများရှိသေးလို့လဲ"

"ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ဘာလဲ"

"နောက်မှပြောတော့မယ်။ ကဲ. . . ကိုကြီးပြန်တော့မယ်။ မနက်ဖြန် ကျောင်းမှာ မြင့်မိုရ်လာရင် ပုံပုံ့မှာချစ်သူရှိပြီးသားလို့ သာရဲရဲပြော. . . ဒီမှာ ညီညီ့ဓာတ်ပုံ။ ပုံပုံ့အနားကို ညီညီအမြန်ဆုံး ရောက်လာလိမ့်မယ်. . . ဟုတ်ပြီလား"

"ပုံပုံမျှော်နေတာ ညီညီ့ကိုမှမဟုတ်ဘဲကိုကြီးရဲ့"

"ကိုကြီး, ညတိုင်းဖုန်းဆက်မှာပါ"

"တကယ်လား. . . ပြီးတော့မှ အလုပ်တွေရှုပ်လို့မေ့သွားရင်ဘယ့်နှယ့်လုပ်မလဲ"

"မမေ့စေရဘူး. . . ညတိုင်း (၁၀)နာရီမှာဆက်မယ်"

"ကတိနော်"

"ကတိပါ. . . ကဲ. . . ဘိုင့်ဘိုင်"

"တာ့တာ"

အိမ်ကိုပြန်ရောက်တော့ မရေးဖြစ်တာကြာပြီဖြစ်သည့် ဒိုင်ယာရီစာအုပ်ကို သူဖွင့်ရေးမိလေသည်။

ပုံပုံ. . . ဘာဖြစ်လို့များ ဒီလောက်ထိချစ်စရာကောင်းနေရတာလဲကလေးရယ်. . . ။

❀ ❀ ❀



## အခန်း ( ၂၀ )

Canteen ထိုင်နေစဉ်မှာ သူမရှေ့စားပွဲပေါ်သို့ မှာထားသည့်အအေးအပြင် နှင်းဆီဖြူတစ်ပွင့်နှင့် ကတ်လေးတစ်ကတ် ရောက်လာလေ၏။ သူငယ်ချင်းတွေနှင့်အတူ ကတ်လေးကိုငုံ့ဖတ်လိုက်မိသည်။

"My Dear Phyu,

I have decided not to love anyone, but I can't help loving you. You don't love me anymore?"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ဖြူ...

ဘယ်သူ့ကိုမှမချစ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ။ ဒါပေမဲ့ မင်းကိုတော့ မချစ်ဘဲမနေနိုင်ဘူး။ မင်း...ကိုယ့်ကိုနည်းနည်းမှမချစ်ဘူးလား...

ကြည့်စမ်း. . . အတော်သွက်တဲ့ခြေလှမ်းတွေပါလား။ သူမမျက်နှာကိုတည်၍ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းရှိဝိုင်းမှာ တစ်ယောက်တည်းအအေးထိုင်သောက်နေသည့်သူ့ကို တွေ့လိုက်ရလေ၏။ သူမ, ကတ်နှင့်ပန်းကိုယူ၍ သူထိုင်နေရာဆီသို့လှမ်းလာခဲ့သည်။

"ဒါနောက်ဆုံးဖြစ်ပါစေ ကိုမြင့်မိုရ်။ နောက်တစ်ခါဆိုရင် ကျွန်မသည်းခံမှာမဟုတ်ဘူး"

"ချစ်မိတာအပြစ်လားဖြူ. . . လွတ်လပ်တဲ့ယောကျ်ားတစ်ယောက်ဟာ လွတ်လပ်တဲ့ဘယ်မိန်းကလေးကိုမဆို ချစ်ပိုင်ခွင့်ရှိပါတယ်"

"ကောင်းပြီလေ. . . ရှင်သိထားဖို့က အဲဒီမိန်းကလေးတွေထဲမှာ ကျွန်မ,မပါဘူး"

"မာလှချည်လားဖြူ။ ကိုယ့်ဘဝမှာ ကိုယ့်ကိုမာမာကျောကျောဆက်ဆံတာဆိုလို့ ဒီတစ်ခါပဲကြုံဖူးသေးတယ်"





"ကျွန်မက ရှင်တွေ့ဖူးတဲ့မိန်းမမျိုးမှမဟုတ်ဘဲ။ ရှင်ညာတိုင်းယုံမယ့်အစားထဲမှာ ဝါဂွမ်းဖြူမပါဘူး"

"ကိုယ်ကလည်း. . . ကိုယ့်ကို ခါးခါးသီးသီးငြင်းဆန်တဲ့မိန်းကလေးကိုမှ စွဲစွဲလမ်းလမ်းချစ်နေတာ၊ ဘယ်လိုလုပ်မလဲ ဖြူလေးရဲ့"

"ရှင်နောက်ကျသွားပါပြီ ကိုမြင့်မိုရ်။ ကျွန်မရဲ့နှလုံးသားကို လူတစ်ယောက်ဆီမှာ အပိုင်ပေးထားပြီးသားရှင့်"

"ဟင်းဟင်း. . . ကိုယ်မယုံဘူးဆိုရင်ရော့ဖြူ"

"ဒါတော့ ကျွန်မလည်းမတတ်နိုင်ဘူး။ ရှင်ရှေ့ဆက်တိုးဖို့ပြင်ရင် ကျွန်မ, သူ့ကိုတိုင်ရလိမ့်မယ်။ ပြီးတော့မှအဆိုးမဆိုနဲ့"

သူဟက်ဟက်ပက်ပက်ရယ်ချလိုက်ပြီး ထရပ်လိုက်ပါ၏။ လေအဝှေ့မှာ သူမဆံစလေးများက နဖူးထက်မှာ လွင့်ဝဲသွားလေသည်။

"ဝဋ္ဋသုဿီမလေးက ဝဋ္ဋသုလိုမလိမ်ညာတတ်မှန်း, ကိုယ်ကြိုသိထားပြီးသားပါ။ ကိုယ်ယုံအောင် တခြားနည်းနဲ့ညာကြည့်ပါလားဖြူ"

"ကျွတ်! ခက်တာပဲ"

"မင်း, ဝဋ္ဋသုကိုတောင် ကိုကြီးလို့ခေါ်သေးတာ။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလို့မခေါ်နိုင်ဘူးလား"

သူမ ညင်းသွဲ့သွဲ့လေးရယ်လိုက်မိ၏။ အလာကြီးပါလား လွယ်လွယ်နဲ့တော့ ဖြုတ်ချလို့မရဘူးထင်ပါရဲ့. . .။

"ကျွန်မက ကိုကိုလို့ခေါ်ဖို့ထက် မောင်လို့ခေါ်ရတာကို ပိုပြီးလျှာအရသာရှိတယ်"

သူ့မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ၏။ ကြည့်စမ်း! ဒီကောင်မလေး, စကားကိုအပိုင်ပြောနေပုံက ယုံကြည်မှုအပြည့်နှင့်ပါလား။

"မင်းရဲ့ချစ်သူကို ကိုယ့်ရှေ့မှာလက်တွေ့မြင်ရမှ ကိုယ်ယုံပေးမယ်။ ဒါပေမဲ့. . . ယာယီပဲ"

"ပိုင်ရှင်ရှိပြီးသားပန်းတစ်ပွင့်ကို ခူးဖို့ကြံစည်မိရင် အဲဒါဟာ ဘာကံကိုကျူးလွန်သလဲဆိုတာ ခင်ဗျားနားလည်မှာပါ ဦးမြင့်မိုရ်"

"ဟင်! "

"မောင်"

သူ့နောက်ကျောမှ ထွက်ပေါ်လာသည့်အသံကြောင့် သူလှည့်ကြည့်လိုက်စဉ် သူမက ထိုကောင်လေးအနီးသို့ လျင်မြန်စွာရောက်သွားလေ၏။ ကောင်လေးက သူမလက်သွယ်သွယ်လေးကို





ခပ်တင်းတင်းဆုပ်ကိုင်လိုက်လေသည်။ သူ့ရင်ထဲမှာ ထောင်းခနဲဒေါသထွက်သွားရ၏။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်ချောင်ကထွက်လာတာလဲ။

"မောင်ရောက်နေတာကြာပြီဝါ. . .။ မောင်, နယ်ရောက်နေတဲ့တစ်လအတွင်း ဝါ. . . အန္တရာယ်နဲ့ရင်ဆိုင်နေရတာကိုး"

"သူ့ကို ဝါကောင်းကောင်းကြီးသိထားတယ်မောင်။ သူက ဝါ့ကိုကြီးကိုတင် ဒုက္ခပေးရတာမတင်းတိမ်နိုင်ဘဲ ဝါ့ကိုပါထပ်ပြီး ဒုက္ခလာပေးဖို့ကြံနေတာ"

"ဖြူ"

"မခေါ်နဲ့. . . ရှင်ကျွန်မကို ဘာမှခေါ်စရာမလိုဘူး။ ရှင့်ကိုပြောလိုက်မယ်။ ကျွန်မ, ရှင့်ကိုမုန်းတယ်။ ခါးခါးသီးသီးကိုမုန်းတီးနေမိတာ။ အဲဒါ. . . အခုမှမဟုတ်ဘူး။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်ကတည်းကပဲ"

"ဘာရယ်"

စူးရှတောက်ပလွန်းသည့်မျက်ဝန်းတို့ဖြင့် သူ့ကိုစူးစိုက်ကြည့်နေသည့်မိန်းကလေးကို သူတအံ့တသြငေးကြည့်နေမိသည်။ ဘုရားရေ. . . သူမအကြည့်တွေက သူ့ရင်ထဲထိတိုင် စူးရှဝင်ရောက်သွားသလိုပါပဲလား။ တစ်ခါမှမခံစားဖူးသည့်ခံစားမှုဖြင့် သူငိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



မိစဉ် သူမကို ကောင်လေးက ငုံ့၍ပြောလိုက်လေ၏။

"ပြန်ကြစို့ဝါ. . . ဒီလောက်စိတ်ရှုပ်နေရင် ဝါစာသင်လို့ဖြောင့်မှာမဟုတ်ဘူး။ လာ. . . မောင်တို့ချစ်သက်တမ်း ခြောက်လပြည့်အမှတ်တရ မောင်လိုက်ဝယ်ပေးမယ်. . . သွားစို့"

သူမက သူ့ကို မဲ့ပြုံးတစ်ချက်ဖြင့်ကြည့်လိုက်ပြီး ကောင်လေးဆွဲခေါ်ရာနောက်ပါသွားကာ ကားပေါ်တက်သွားလေတော့၏။ လှလိုက်တာ. . . မဲ့ပြုံးလေးပြုံးပြတာတောင်မှ တော်တော်လှတဲ့မိန်းကလေးပါလား။ သူ့ကားမောင်းထွက်လာခဲ့ရင်း ရင်ထဲမှာ တနုံ့နုံ့နှင့်ခံစားနေရသည်။ အာရုံမှာပေါ်လာမိသည်က ဝဠာ့မျက်နှာ။ ကြည့်စမ်း. . . သူ့ ဝဠာ့ဆီကမိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ယူလိုက်မိတိုင်း၊ ဝဠာ ဒီလိုမျိုးခံစားခဲ့ရသလား။ လက်က Hand Phone ခလုတ်တွေကို အလိုလိုနှိပ်မိပြီးသားဖြစ်နေ၏။

"ဟဲလို"

"ဝဠာ. . . ငါ, မြင့်မိုရ်"

"ဘာကိစ္စရှိလို့လဲ မြင့်မိုရ်. . . ငါ meeting room ထဲရောက်နေတယ်။ ပြောစရာရှိရင် နောက်နာရီဝက်လောက်မှဆက်ပါ"





"ခဏလေး ဝဠာ. . . မင်းကို ငါဘယ်မှာတွေ့လို့ရမလဲ"

"အိမ်မှာလာတွေ့ပေါ့ကွ. . . ဒီလောက်အိမ်ချင်းနီးနေတာကိုများ"

"မဟုတ်ဘူး. . . အခုလောလောဆယ် ငါတွေ့ချင်နေတာ"

"ဒါဆို Heaven မှာဝင်စောင့်နေလေ။ ငါလာခဲ့မယ်"

"အေး. . ."

ဖုန်းကိုပိတ်လိုက်ပြီး ဝဠာ၊ ညီမင်းပိုင်နှင့် လက်ဝါးချင်းဖြောင်းခနဲရိုက်လိုက်တော့ ပုံပုံက မျက်လုံးဝိုင်းလေးတွေဖြင့်ကြည့်နေလေ၏။

"Lesson (1) ပဲရှိသေးတယ်။ မီးခဲဖင်ခုထိုင်သလိုဖြစ်နေပြီ။ ကျေးဇူးပဲညီညီ"

"ကျွန်တော်လည်း မရဲတရဲလုပ်လိုက်ရတာပဲအစ်ကိုရဲ့။ သူချက်ချင်းတော့ယုံမယ်မထင်ဘူး"

"ရတယ်. . . အလိုက်သင့်လေးပဲမျှောထားလိုက်"

"တော်ပါသေးရဲ့. . . ဘာမှမစီစဉ်ထားဘဲ ကြုံသလိုလုပ်လိုက်တာ အဆင်ပြေသွားလို့။ အစ်ကို့ညီမက ပိုပြီး Action ကောင်းတယ်"

"ဟုတ်လား ပုံပုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . နဂိုကကြည့်မရတဲ့အခံရှိနေလို့ပါ ကိုကြီးရဲ့။ စွတ်သာပြောလိုက်ရတာ ပုံပုံကြောက်တော့ကြောက်သား။ သူ့ပုံစံက တစ်ဇွတ်ထိုးလုပ်မယ့်ရုပ်ကြီး"

"အစ်ကို. . . ကျွန်တော် တိုက်ခန်းတွေရောင်းဖို့ဆိုင်ထားတဲ့ကိစ္စလိုက်ရတော့မလား"

"No . . . မင်းခြေလှမ်းမရွေ့နဲ့ဦး၊ ညီညီ။ သူ့မင်းနောက်ကို Shadow လိုက်မှာ။ မင်း Eighteen Fashion Shop မှာပဲ ဆိုင် သွားထိုင်နေပါ"

"အား. . . ပျင်းစရာကြီး။ ထိုင်နေရတဲ့အလုပ်ကိုမလုပ်ချင်ဆုံးပဲ"

"တစ်ဖက်ကို လျှော့မတွက်နဲ့ညီညီ။ ဟိုက မင်းထက်ပို Brain ပြေးတယ်။ တစ်လလောက် အဲဒီမှာငြိမ်ငြိမ်လေးထိုင်နေ။ သူသူ့ကို ရှောင်ဦးနော်။ ဖုန်းပဲဆက်. . . လူချင်းအတွေ့မခံနဲ့။ ပုံပုံနဲ့တွဲတာကိုလည်း သူသူ့လမ်းကြောင်းကလွဲလျှောက်။ တော်ကြာ ခပ်စောစောသိသွားလို့ ပွဲသိမ်းသွားဦးမယ်"

"ဟုတ်ကဲ့"

"ကဲ. . . သွားတော့။ မင်းနေတဲ့တိုက်ခန်းမှာ ကားသိမ်းလို့လွယ်ရဲ့လား"





"ရတယ်အစ်ကို၊ ရှေ့မျက်နှာချင်းဆိုင်တိုက်အောက်မှာ အပ်ထားလို့ဖြစ်တယ်"

"အေးအေး. . . လာ, ပုံပုံ. . . ကိုကြီးပြန်ပို့ပေးမယ်"

သူမ ပေကပ်ကပ်ဆက်ထိုင်နေသဖြင့် သူလက်ကမ်းပေးလိုက်၏။ သူမက သူ့လက်ကိုမကိုင်သေးဘဲ သူ့ကိုမော့ကြည့်လိုက်ပါသည်။

"ကိုကြီးပျော်နေလားဟင်"

"ဘာမှမထိရောက်သေးပါဘူးပုံပုံရာ"

"ပုံပုံ့ကို မုန့်ဝယ်ကျွေးမယ်ဆို"

"ဆိုင်မှာထိုင်စားဖို့တော့ အချိန်မပေးနိုင်ဘူး။ စားချင်ရင် ဝယ်ပေးလိုက်မယ်လေ"

"တော်ပါပြီ. . . မစားတော့ဘူး"

"ဟင်းဟင်း. . . သူ့ရှေ့မှာ ဒီလိုစိတ်ကောက်မပြနဲ့နော်"

"ဘာဖြစ်လို့လဲ"

"စွဲ့ခနဲပွေ့ချီလိုက်လိမ့်မယ်"

"အာ. . . ကိုကြီးနော်"

ရယ်မောဖြစ်ကြ၏။ ပုံပုံကိုပြန်ပို့အပြီး Heaven ကိုလာတော့ အချိန်က နာရီဝက်ကျော်နေလေပြီ။ သူတစ်ချက်ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကော်ဖီဆိုင်ထဲဝင်လာခဲ့၏။

"ဇွဲ့သည်က ရုံးခန်းထဲမှာပဲစောင့်ချင်တယ်ဆိုလို့ တံခါးဖွင့်ပေးလိုက်ပါတယ်အစ်ကို"

"ရတယ်မိုးကျော်. . . ကိစ္စမရှိဘူး"

သူရုံးခန်းတံခါးကို ဖွင့်ဝင်လိုက်တော့ မြင့်မိုရ်က ပြတင်းဝမှာရပ်၍ အပြင်ကိုငေးနေလေ၏။

"Sorry ကွာ. . . လူကြီးတွေနဲ့စကားစမပြတ်လို့ နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်"

မြင့်မိုရ်က ခုံမှာဝင်ထိုင်လိုက်ပြီး သူ့ကိုကြည့်လိုက်စဉ် သူက ထိုင်ခုံမှာခပ်လျှောလျှောမှီထိုင်ချလိုက်၏။

"ငါ မင်းကိုမေးစရာရှိတယ် ဝဠာ"

"အေး. . . မေးပေါ့"

"အချစ်ဆိုတာဘာလဲ"

"ဟာ. . . ငါမကျွမ်းကျင်တဲ့မေးခွန်းကြီးပါလား မြင့်မိုရ်ရ"

"မင်း,တစ်ခါမှမခံစားခဲ့ဖူးဘူးလား"

"ငါပြောမယ်မြင့်မိုရ်. . .။ ငါသိထားတာတော့ အချစ်က





ရင်ခုန်ခြင်းပဲ။ ဒါပေမဲ့ ခက်တာက ငါရင်ခုန်လိုက်တိုင်း ငါ့ရင်ခုန်သံတွေက လမ်းတစ်ဝက်မှာရပ်ရပ်သွားရတာ မင်းအသိဆုံးပဲလေ"

"ငါလုခဲ့တဲ့ကောင်မလေးတွေထဲမှာ မင်းကိုရင်ခုန်စေတဲ့မိန်းကလေးတစ်ယောက်တလေပါခဲ့တယ်ဆိုပါတော့"

"အဟောင်းတွေအသစ်ဖြစ်တယ် မြင့်မိုရ်။ ပြီးခဲ့တာတွေကို ငါမေ့ထားတယ်။ စိတ်ကိုပေါ့ပေါ့ပါးပါးလေးထားစမ်းပါကွာ။ ဘာဖြစ်လဲ. . . ပျော်ပျော်ပေါ့"

"ငါ. . . ဒီနေ့. . . မမျှော်လင့်တဲ့အဖြစ်အပျက်နဲ့ ကြုံလာရတယ်"

"တယ်ဆိုတဲ့စာပါလား. . . ပြောပါဦး"

"ဝါဂွမ်းဖြူမှာ ချစ်သူရှိနေတယ်"

"ဘယ်လို. . . ပုံပုံ့မှာ ချစ်သူရှိနေတယ်ဟုတ်လား"

"ဟုတ်တယ်. . . ငါ,အဲဒီကောင်လေးနဲ့ အခုပဲဆုံလာခဲ့ရတာ။ မင်း,ဒါတွေမသိဘူးလား"

"ဟာ. . . ညီမရည်းစားထားတဲ့ကိစ္စ အစ်ကိုကိုပြောမလားကွ. . . မင်းကလည်း"

"သူပြောတာတော့ သူတို့ချစ်နေတာကြာပြီတဲ့"

"အင်း. . . ဟုတ်ချင်လည်းဟုတ်မှာပေါ့။ တီတီရော၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အဖေရော သားသမီးတွေကို အိမ်ထောင်ရေးနဲ့ပတ်သက်ပြီးမချုပ်ချယ်ထားဘူး မြင့်မိုရ်ရဲ့။ ကိုယ့်စိတ်ကြိုက်ကိုယ်ရွေးပဲ"

"ငါ. . . ငါ. . . ဝါဂွမ်းဖြူကိုတကယ်ချစ်တာပါဝဠာရာ"

"ဟာ. . . ဟော့ကောင်, ငါ သူ့အစ်ကိုလေကွာ။ ဒီကောင်တော့ခက်နေပါပြီ"

မြင့်မိုရ် မျက်နှာရှုံ့တွသွားလေ၏။ အလှည့်ဆိုတာ ရှိစမြဲပဲမြင့်မိုရ်။ မင်း,တူဖြစ်တုန်းနှံခဲ့သမျှ ငါ,ပေပြီးခံခဲ့ရတာ။ အခု မင်းအလှည့်ကိုရောက်နေပြီလေ။

"အချစ်ဆိုတာ တော်တော်ထူးဆန်းတာပဲ။ ငါ့စိတ်တွေကိုနူးညံ့သိမ်မွေ့လာအောင် ဖန်တီးပေးနိုင်သလို ရင်ထဲမှာ ဗလောင်ဆူဝေအောင်လည်း ဖန်တီးနိုင်စွမ်းရှိတယ်"

"သွားပြီ မြင့်မိုရ်. . . မင်းတော့ တကယ့်ကိုသွားတာပါလား။ ဆေးလေးဘာလေးသောက်ဦး. . . နော်"

"မင်းက ငါ့တုန်းကတော့ ညီမကိုအူတိုနေပြီး ခုဒီကောင်လေးကျတော့ ဘာမှမဖြစ်သလိုပါပဲလား"

"ဟ. . . ဒါက သူချစ်လို့ရွေးထားတဲ့လူလေ။ ငါအတင်းလိုက်ဖျက်လို့ ဘယ်ရမှာလဲကွ။ ငါ့ညီမကြိုက်ရင် ငါ,ယောက်ဖတော်ရမှာပဲ"





"ကောင်းရော. . . ကဲ. . . ငါပြန်ဦးမယ်"

"အေး"

မြင့်မိုရ်ထွက်သွားတော့ သူရုံးခန်းထဲမှာ လွတ်လပ်စွာရယ်မောလိုက်မိ၏။ အချစ်ဆိုတာ ဘာလဲတဲ့လား မြင့်မိုရ်။ မင်းမသိခင် ငါကအရင်သိထားခဲ့တာပါကွာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

The spirit is willing but the flesh is weak.

"စိတ်သွားတိုင်း…ကိုယ်မပါ…"

ဒီစကားစုဟာ သူ့အတွက်ရည်စူးပြီး ရေးသားခဲ့ကြတာလား။ ဘာလုပ်လုပ် တစ်ခုမှအဆင်မပြေနိုင်။ အာရုံက တစ်နေရာတည်း၌သာရှိနေ၏။ ကိုယ်ဘာလုပ်ရမလဲကလေးရယ်။

ထိပ်တိုက်ရင်ဆိုင်ရမည့်လူက စဉ္စာလို့ကိုယ်ထင်ခဲ့တာ မှားနေပါရောလား။ သွေးအေးလွန်းသည့်ဝဋ္ဋာကို သူအံ့ဩနေမိသည်။ ပြိုင်ဘက်မဟုတ်လို့ပဲလား။ ရင်ထဲမှာ သိပ်မရေရာ။ စိတ်တွေတွေ



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ကာလတစ်လျှောက် လေလံပွဲ၊ တင်ဒါပွဲ၊ အရောင်းအဝယ်ကိစ္စ၊ ဆောက်လုပ်ရေးကိစ္စမှန်သမျှ အကုန်လျှော့ပါးလာ၏။ အရင်လို စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက် ထိရောက်စွာ မလုပ်နိုင်ခဲ့။

အလွယ်တကူအနိုင်ရသွားသည့်ဝဋ္ဋအမျက်နှာမှာ အောင်နိုင်သူအပြုံးမျိုးကိုမတွေ့ရဘဲ တည်ငြိမ်အေးဆေးနေသည်မို့ သူတုန်လှုပ်ခဲ့ရ၏။ ငါ ဘာဖြစ်နေပြီလဲ။ တိုက်ပွဲမှန်သမျှကို တွေဝေတုံ့ဆိုင်းခြင်းမရှိ ရင်ဆိုင်အနိုင်ပိုင်းခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။ အခုမှ. . . အခုမှ. . . ရင်ဘတ်တည့်တည့်ကိုမှ လာမှန်သည့်မြားတစ်စင်းကြောင့် သူ့ဘဝကြီးပြောင်းပြန်ဖြစ်ကုန်လေပြီ။

"ဘာတွေဖြစ်နေလဲသား၊ သားကိုကြည့်ရတာ ဂနာမငြိမ်လိုက်တာ။ အလုပ်နားတယ်ဆိုရင်လည်း နားနားနေနေလေး နေမှပေါ့"

"ကျွန်တော်တော့ ဒုက္ခဖြစ်နေပြီမေမေ"

"ဘယ်လို. . . ဘာတွေဒုက္ခဖြစ်နေတာလဲသားရဲ့။ သားဆီက ဒီလိုညည်းညူတာမျိုး မေမေတစ်ခါမှမကြားခဲ့ဖူးတာ။ ဘာလဲ လုပ်ငန်းတွေအလျော်အစားရှိ၊ အရှုံးပေါ်ကုန်လို့လား"

"အလုပ်ကအကြောင်းလား မေမေ၊ ခုဟာက ကျွန်တော်





လုံးဝမကျွမ်းကျင်တဲ့အရာ။ နှလုံးသားကိစ္စ"

"ဗုဒ္ဓေါ. . . မေမေ့သားလောက် တွဲစရာမိန်းကလေးတွေ ထည်လဲရှိနေတာကို ဘယ်လိုမိန်းကလေးထပ်တွေ့ထားလို့လဲ"

"ကျွန်တော့်ဇာတ်လမ်းတွေ အကုန်ဖြတ်ခဲ့တာ. . . ဘယ်လောက်ကြာနေပြီလဲမေမေ။ ကျောင်းပြီးကတည်းက ကျွန်တော်ခြေငြိမ်နေခဲ့တာ။ အခု. . . ကျွန်တော့်နှလုံးသားကိုလှုပ်နှိုးနိုင်တဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော်တွေ့ခဲ့ပြီ။ ဒါပေမဲ့ အဲဒီမိန်းကလေးက ပိုင်ရှင်ရှိပြီးသားဖြစ်နေပြီ။ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"ပိုင်ရှင်ရှိပြီးသားဆိုတော့ ကလေးမလေးက အိမ်ထောင်ပြုပြီးပြီမို့လား"

"ဟင့်အင်း. . . မဟုတ်ပါဘူး။ ချစ်သူရှိပြီးသားလို့ပြောတာပါမေမေ"

"သားရယ်,အရင်တုန်းကဖြင့် သားလိုချင်တဲ့မိန်းကလေးကို သားနားရောက်လာအောင် စွဲဆောင်နိုင်ပြီးတော့များ၊ ခုမှ တွေဝေနေရတယ်လို့"

"မတူဘူးမေမေ၊ အရင်ကောင်မလေးတွေက လွယ်တယ်။ ပြီးတော့ သားအတွက်လည်းအပေါ်ယံပါပဲ။ အခုက တော်တော်



www.burmeseclassic.com

www.burmeseclassic.com



မာနကြီးတဲ့မိန်းကလေးကိုမှ ကျွန်တော်စွဲလမ်းမိနေတာ"

"ဘယ်သူ့ကလေးလဲ"

"ဦးဦးအာကာညီမ. . . အန်တီမာလာထွေးရဲ့သမီး"

"ဒါဆို ဝဋ္ဋာက ကန့်ကွက်မှာပေ့ါ"

"ဟင့်အင်း. . . ဝဋ္ဋာက အေးဆေးပဲ။ မအေးဆေးတာက ဖြူကိုယ်တိုင်ပဲမေမေရဲ့။ ကျွန်တော့်ကို ခါးခါးသီးသီးငြင်းတာ။ ပြီးတော့ပြောသေးတယ်။ ကျွန်တော့်ကိုမုန်းနေတာ ဆယ်နှစ်ကျော်နေပြီတဲ့"

"အမယ်လေးသားရယ်. . . သူ့အစ်ကိုပြောထားသမျှကို နားဝင်နေလို့ဖြစ်မှာပါ။ မောင်ကျော်ဇေတို့လင်မယားက. . . အင်မတန်အေးဆေးတာပဲ။ လူကြီးချင်းညှိနိုင်ရင် အဆင်ပြေသွားမှာပါ"

"ပြောသလောက်မလွယ်ဘူးမေမေ။ သူ့မိဘတွေက သူ့အိမ်ထောင်ရေးကို စိတ်ကြိုက်ရွေးချယ်ခွင့်ပေးထားတာ။ ကျွန်တော့်အတွက် အကျပ်အတည်းနဲ့ရင်ဆိုင်နေရတာအမှန်ပဲ"

"သူ့ကောင်လေးက ဘာမို့လို့လဲသားရယ်။ သားထက်ဘယ်လောက်များ သာလွန်နေလို့လဲ။ မေမေ့သားမှာ ရုပ်ရည်ပဲကြည့်ကြည့်၊ ဥစ္စာပဲကြည့်ကြည့်၊ ပညာပဲကြည့်ကြည့် ဘာမှပြောစရာမရှိ





တာလူတိုင်းအသိ။ ဒါကိုများ ငြင်းဆန်တဲ့မိန်းကလေးကရှိနေတယ်တဲ့လား"

"ပြောမယုံကြုံမှသိခဲ့ရတာပါမေမေ"

"သူ့ကောင်လေးအကြောင်း စနည်းနာပါဦးသားရယ်။ ဒီလောက်ထိ စိတ်ဓာတ်တွေကျမနေပါနဲ့။ ကလေးမလေးနဲ့ပြေလည်ရင် တောင်းရမ်းဖို့ကိစ္စကို မေမေတို့တာဝန်ထား။ ဟုတ်ပြီလား"

သူ ခေါင်းကိုသာ မညိတ်ချင်ဘဲ ညိတ်ပြလိုက်ရ၏။ ဟုတ်သားပဲ. . . အဲဒီကောင်အကြောင်း သူလေ့လာရဦးမှာလေ။ အဓိကက ဒီကောင်လေးကို တစ်နည်းနည်းနဲ့ ဖြူမုန်းတီးသွားရင်. . .။ အတွေးတို့မဆုံးခင် သူရေချိုးခန်းဝင်၍ ရေချိုးအဝတ်အစားလဲကာ ထွက်လာခဲ့၏။

"Eighteen Fashion Shop"

ဆိုင်းဘုတ်ကိုတစ်ချက်မော့ကြည့်၍ အထဲကိုဝင်လိုက်၏။ ရှုံးခန်းရှိရာဘက် ခပ်ဖြည်းဖြည်းလျှောက်လာခဲ့စဉ် ဆီးညိုရောင်မှန်ကာထားသည့်အခန်းထဲမှ ကောင်မလေးတစ်ယောက် ဘောက်ဆတ်ဘောက်ဆတ်ဖြင့်ထွက်လာလေသည်။ ခဏအကြာမှာ အခန်းထဲမှ ကောင်လေးတစ်ဦးပြေးထွက်လာလေ၏။

"သူသူ. . . ခဏလေး, ကိုယ်ရှင်းပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး. . . မသိဘူး. . . ဘာမှလာပြောမနေနဲ့။ တစ်ဆွေလုံးတစ်မျိုးလုံးကြေညာပြီးသား,လူကိုပစ်ပြီး အသစ်ရှာဝံ့တာကိုကိုတော်တော်မျက်နှာများတာပဲ"

"မဟုတ်ပါဘူးသူသူရယ်"

သူ အင်္ကျီတွေချိတ်ထားသည့်တန်းနောက်မှာ အသာဝင်ရပ်လိုက်မိ၏။ ဘာတွေလဲ. . . ဝင္ဇာ့ဝှက်ဖဲလေလား။ ဒါမှမဟုတ်ကောင်လေး၏ ရွက်ပုန်းသီးဇာတ်လမ်းတစ်ပုဒ်လား၊ သေချာမှုကိုဖော်ထုတ်နိုင်ဖို့ အဓိကလိုအပ်သူက သူမတစ်ဦးသာ။

Hand Phone နံပါတ်တွေကိုနှိပ်လိုက်၏။

"ဟဲလို"

"ဝင္ဇာ. . . ငါ့မြင့်မိုရ်"

"အေး. . . ပြော"

"မင်း. . . ဖြူ့ကောင်လေးအကြောင်း သိထားတာဘာရှိလဲ"

"ဟင့်အင်း. . . ငါဒီလောက်အလုပ်ရှုပ်နေတာ လိုက်မစုံစမ်းအားဘူး. . . ဘာဖြစ်လို့လဲ"

"ဒီကောင် Fashion ဆိုင်ပိုင်တာကိုတော့ မင်းသိတယ်မဟုတ်လား"





"အေးလေ. . . ဒါကြောင့်လည်း ဦးဦးတို့၊ တီတီတို့က ခွင့်ပြုထားတာပေါ့"

"မင်းကောင်က ပထမရည်းစားရှိနေတယ်ကွ"

"ဘာ! "

"အေး. . . ဒီမှာပြဿနာတက်နေတုန်း, ငါရောက်လာတာ။ သူတို့ ငါ့ကိုမမြင်သေးဘူး"

"တောက်! ငါရောက်လာရင်တော့ သင်းမျက်ခွက်စုတ်ပြီ။ မိပုံရာ. . . ဘာမှမစုံစမ်းဘဲ ခေါင်းညိတ်လိုက်ရတယ်လို့"

"ငါ. . . ဖြူ့ Phone နံပါတ်သိချင်တယ်ဝင္ဇာ"

ဝင္ဇာတစ်ချက်ပြုံး၍ ဂဏန်း (၆)လုံးကိုရွတ်ပြလိုက်၏။ နှစ်မိနစ်ခန့်အကြာမှာ သူ့ Hand Phone အသံထပ်မြည်လာသည်။

"ဟဲလို"

"ကိုကြီး. . . သူဖုန်းဆက်ခေါ်နေပြီ။ ပုံပုံသွားရမှာလား"

"သွားရမယ်ပုံပုံ. . . မျက်ရည်လွှယ်ရမယ်နော်။ အခြေအနေကိုကြည့်လုပ်ရှားလိုက်။ ပုံပုံတို့ပြဿနာဖြစ်ပြီးတာနဲ့ ညီညီကတစ်ဆင့် သူသူ့ကို ကိုကြီးရှင်းပေးမယ်"

"ပုံပုံလက်ပါသွားရင်ရော"

"ရတယ်. . . ဒီလောက်တော့ ညီညီနားလည်တယ်။ ကဲ"



www.burmeseclassic.com

www.burmeseclassic.com



သွားတော့"

သူဖုန်းပိတ်လိုက်ပြီး Taxi တစ်စီးကိုငှား၍ Fashion ဆိုင်ရှေ့နားမှာ ရပ်စောင့်ခိုင်းပြီးကြည့်နေမိသည်။ ခဏအကြာမှာ ဆိုင်ရှေ့သို့ ပုံပုံ Taxi ဖြင့်ရောက်လာ၏။ ဆိုင်ထဲသို့ ခပ်တည်တည်ဝင်သွားတာကိုမြင်လိုက်၏။

ဆိုင်ထဲကိုငေ့ဝဲကြည့်လိုက်စဉ် အကွယ်တစ်နေရာမှ ထွက်လာသည့်သူက ရုံးခန်းဆီသို့ လက်ညှိုးညွှန်လိုက်လေ၏။ သူမလက်ဖျားတွေအေးစက်လာကာ သတိအတန်တန်ပေးနေမိသည်။ အရေးကြီးသည့်အချိန်ကိုရောက်နေပြီ ပုံပုံ။ အခန်းတံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်စဉ် အငိုမျက်ရည်ကို တယုတယသုတ်ပေးနေသည့်မြင်ကွင်းက ကွက်တိ. . .။

"မောင်"

"ဟင်! ဝါ"

"ဘာသဘောလဲမောင်, မောင်ပြောတော့ ဝါ့တစ်ယောက်တည်းကိုပဲ ရာသက်ပန်ရည်ရွယ်ပြီးချစ်တာပါဆို။ ဝါ့ကိုပဲ ရိုးမြေကျပေါင်းသင်းမှာဆို။ ဝါကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ မောင်မပတ်သက်ဘူးဆို"

"ဝါ. . . သူသူက"





သူမနောက်ပါးမှာရပ်လာသည့် သူ့ကိုမြင်လိုက်ရသည်နှင့် ညီမင်းပိုင်တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။ ဘုရားရေ၊ အချိန်က မြန်ဆန်လှချည်လား. . .။

"သူသူက မောင့်မိဘတွေသဘောတူထားတဲ့သူပါ"

"ဩော်. . . ဒါဖြင့် မောင်က သူ့ကိုအချိန်တန်လက်ထပ်ဖို့ရည်ရွယ်ပြီးသားပေါ့။ ဝါ့ကို. . . ဝါ့ကိုအပျော်သဘောမောင်တွဲခဲ့တာလား။ ဝါက အပျော်တွဲဖော်လောက်ပဲ အဆင့်ရှိတာလားမောင်။ ပြောပါဦး. . ."

"မောင်. . . မောင်တောင်းပန်ပါတယ်ဝါ"

"မတောင်းပန်နဲ့. . . ခုမှတောင်းပန်မနေနဲ့။ ကျွန်မကိုက ယုံလွယ်မိတာ။ ရှင့်ကိုရိုးသားအေးဆေးပါတယ်လို့ယုံကြည်ပြီး ခေါင်းညိတ်ခဲ့မိတာ. . . လူလိမ်. . . လူညာ"

"ဝါ. . . မောင်ရှင်းပြ"

"ရှင်းပြမနေနဲ့၊ ရှင်နဲ့တန်တာဆိုလို့. . . ဒါပဲ"

မြောက်တက်လာသည့်သူမလက်ကလေးကို အနောက်မှ သူလှမ်းဖမ်းလိုက်၏။ ညီမင်းပိုင်ရော သူသူပါ ပါးစပ်အဟောင်းသားဖြင့် မှင်တက်ငေးကြည့်နေမိသည်။

"ပိုင်ရှင်ရှိပြီးသားလူက တခြားပန်းပွင့်ကို သွားခူးရင်ရော



www.burmeseclassic.com

www.burmeseclassic.com



ဘာကံမြောက်သလဲ ညီမင်းပိုင်"

"ခင်ဗျား. . . ခင်ဗျား"

ညီမင်းပိုင် လက်ညှိုးထိုး၍ပြောမဆုံးခင် မြင့်မိုရ်၏ဖြောင့်လက်သီးက တန်းခနဲဝင်သွားလေ၏။ အံ့ဩသွားရာမှ မျက်ရည်တွေတွေကျလာမိသည့်သူမလက်ကလေးကို ဆတ်ခနဲဆွဲခေါ်၍ ဆိုင်ထဲမှခြေလှမ်းကျဲကြီးဖြင့် ထွက်လာခဲ့လေသည်။

မြင့်မိုရ်ကားထွက်သွားတော့မှ သူ Taxi ခရှင်းပြီး ကားလမ်းကိုကူး၍ ဆိုင်ထဲအမြန်ပြေးဝင်ခဲ့သည်။ ရုံးခန်းထဲမှာလဲနေသည့် ညီမင်းပိုင်ကို တွဲထူနေသည့် သူသူက ညီမင်းပိုင်နှုတ်ခမ်းမှသွေးစတို့ကို တစ်သျှူးလေးဖြင့် ယုယစွာသုတ်ပေးနေလေ၏။

"ဘယ်လိုလဲ. . . တော်တော်နာသွားလား။ ဆေးခန်းသွားမလားညီညီ"

"အမယ်လေးအစ်ကိုရာ. . . တော်ပါသေးရဲ့။ မျက်လုံးထဲမှာပြာသွားတာပဲ။ ကျွန်တော်က အစ်ကို့ညီမရိုက်တာပဲခံရမယ်ထင်ထားတာ။ ခုတော့ ကြားထဲက ဆွမ်းကြီးဝင်လောင်းသွားတာကိုခံလိုက်ရတယ်လို့"

"ဟင်းဟင်း. . . ကိုယ်ပြောသားပဲ။ နည်းနည်းတော့အနာခံရမယ်လို့။ ညီမလေးသူသူကိုလည်း ကိုယ်အနူးအညွတ်တောင်း





ပန်ပါတယ်"

"ရပါတယ်အစ်ကို. . . ကိုကိုက ခုလေးတင်ပဲရှင်းပြနေတာ။ ဖြုန်းဆို သူတို့ရောက်လာတော့ သူသူဖြင့် အရမ်းလန့်သွားတာပဲ။ ထင်မထားဘူးလေ. . .။ ဒါနဲ့ အစ်ကို့ညီမက တော်တော့်ကိုချောတာပဲနော်"

"အဲဒါကြောင့်ပြောတာပေါ့အစ်ကိုရ။ ကျွန်တော့်ကောင်မလေး အူတိုလိမ့်မယ်လို့"

ရယ်သံတွေဆူညံသွား၏။ သူက ညီမင်းပိုင်၏ငွေစုစာအုပ်ကို စားပွဲပေါ် ချပေးလိုက်ပါသည်။

"ဖုန်းနဲ့ငွေထည့်ပေးထားတယ်။ ကူညီပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ညီညီ"

"ဟာ. . . အစ်ကို, အများကြီးပဲ"

"နစ်နာကြေးနဲ့ချော့မော့ကြေးလေကွာ။ ကဲ. . . ကိုယ်သွားပြီ"

"ဟုတ်ကဲ့"

❀



www.burmeseclassic.com

www.burmeseclassic.com



ကားကို လူရှင်းသည့်နေရာမှာ ထိုးရပ်လိုက်၏။ ခုချိန်ထိ မျက်နှာကိုအုပ်၍ တသိမ့်သိမ့်ငိုရှိုက်နေသည့် မိန်းကလေးက အငို မတိတ်နိုင်သေး။

"ဖြူ"

"..."

"ဖြူ... တိတ်ပါတော့ကွယ်၊ ဖြူအရမ်းပင်ပန်းလွန်းနေပြီ"

"ရှက်ဖို့ကောင်းလိုက်တာ။ သူငယ်ချင်းတွေရှေ့မှာ ဘယ်လို မျက်နှာနဲ့နေပြရမှာလဲ။ မာမာတော့ ပုံပုံ့ကိုဆူမှာသေချာနေပြီ။ အို... ပုံပုံသေသွားတာကမှကောင်းပါဦးမယ်"

"ဖြူရယ်... စိတ်ကိုအေးအေးထားမှပေါ့။ သွေးပူနေချိန် ဆုံးဖြတ်ချက်ချရင် အမှားဆိုတာတွေပဲတွေ့ရလိမ့်မယ်"

သူမကွယ်ထားသည့်လက်ဝါးပြင်နှစ်ဖက်ကို ဖယ်ရှားလျက် ဝန်းကျင်ကိုသတိထားမိသွားသည်။ ဘုရားရေ... ဘယ်ရောက်နေ တာလဲ။

"ပုံပုံ... ပုံပုံဘယ်ရောက်နေတာလဲဟင်"

"လူရှင်းတဲ့နေရာတစ်ခုမှာပါဖြူ"

"ဟင်! ပုံပုံအိမ်ပြန်တော့မယ်"





ကားတံခါးကိုဖွင့်ရန်ပြင်စဉ် သူက သူမလက်ကောက်ဝတ် ကို ဖျတ်ခနဲဆွဲထားလိုက်လေ၏။

"အို! ဘာလုပ်တာလဲ... လွှတ်"

"ကိုယ်ပြန်လိုက်ပို့ပေးပါ့မယ်ဖြူ"

"ဟင့်အင်း... မာမာတွေ့ရင် ပုံပုံအဆူခံရမှာပေါ့။ နေ ပါစေ... ပုံပုံ့ဟာပုံပုံပြန်ပါ့မယ်"

"ကိုယ်က... ဖြူတို့မိသားစုဆွေမျိုးအသိုင်းအဝိုင်းထဲမှာ ရာဇဝင်တွင်တဲ့လူဆိုးကြီးဖြစ်နေလို့လားဖြူ။ ပြောပါဦး..."

"ဒါတော့ ရှင့်ကိုယ်ရှင်အသိဆုံးပေါ့ ကိုမြင့်မိုရ်ရဲ့။ သူ့ပဲ ပုံပုံ့ကိုကြီးကို တစ်သက်လုံးနိုင်စားလာခဲ့ပြီးတော့များ... သိပ်မုန်း ဖို့ကောင်းတာပဲ"

မျက်စောင်းတစ်ဝင့်မှာ သိစိတ်တွေလွင့်၍ သူမကိုယ်လုံး သွယ်သွယ်လေးကို သူကျစ်ကျစ်ပါအောင် ပွေ့ဖက်လိုက်မိ၏။ ရင် ခွင်ထဲမှမိန်းကလေးက ဗလုံးဗထွေးငြင်းဆန်လျက် ရုန်းကန်ရင်း သူ့ကိုထုနှက်လို့...။

"ကိုယ်မင်းကိုသိပ်ချစ်နေပြီကလေးရယ်။ ကိုယ့်အချစ်တွေ ကို ကိုယ်ဘယ်လိုမှတားဆီးထိန်းချုပ်လို့မရတော့ဘူး"

"ဟင့်အင်း၊ လွှတ်ပါ... ရှင်နော်၊ ပုံပုံမကြိုက်ဘူး၊ လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုပြန်ချစ်တယ်ဆိုမှ လွှတ်ပေးမယ်ဖြူ"

"အို! ဘာကိစ္စချစ်ရမှာလဲ။ အခုပဲရည်းစားနဲ့ပြတ်လာတဲ့ လူကို ဒီလိုအဖြေတောင်းစရာလား။ လွှတ်ပါဆိုနေမှ"

"ကိုကိုလို့ခေါ်ပါလားကလေးရယ်"

"ရှင်နော်. . . မာမာကပြောထားတယ်။ ဒီလောကကြီးထဲက ဘယ်ယောကျ်ားကိုမဆို ပုံပုံရွေးချယ်ခွင့်ရှိတယ်တဲ့။ အဲဒီအထဲမှာ ရှင်လုံးဝမပါဘူး။ ဖယ်ပေးတော့လေ. . . ကြည့်ပါလား"

"သေချာလားဖြူ. . . ဒါဆို ကိုယ် မင်းကိုအိမ်ပြန်မပို့ပေးတော့ဘူး။ ဘယ်သူမှလိုက်လို့မရနိုင်တဲ့တစ်နေရာကို အဝေးဆုံးထိခေါ်ပြေးသွားမယ်"

"ဟင်. . . ဟင့်အင်း. . . ဟင့်အင်း"

သူမ အလန့်တကြားလေးခေါင်းခါတော့၊ သူ ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိ၏။ သိုးကလေး. . . ဟုတ်တယ်. အင်မတန်အပြစ်ကင်းစင်လွန်းသည့် သိုးမလေးပါလားဖြူရယ်။

"ဒါဆို ကိုယ့်ကိုခေါင်းညိတ်ရမယ်"

"ဟင့်အင်း"

"ကိုယ့်ကိုပြန်လည်းချစ်ရမယ်"

"ဟင့်အင်း"





"ပြီးတော့ ကိုကိုလို့ခေါ်ရမယ်"

သူမက ရင်ခွင်ထဲမှမော့ကြည့်လျက် မျက်စောင်းခဲလိုက်မိတော့ သူက အသည်းယားလာမိသဖြင့် သူမပါးပြင်ထက်သို့ငုံ့မွှေးလိုက်လေ၏။ ကိုကြီးရေ. . . ပုံပုံ့မျက်စောင်းနဲ့ပုံပုံ ထောင်ချောက်မှာပိတ်မိနေပြီ. . . ဘယ်လိုလုပ်ရမလဲ။

"ပြောလေ. . . မပြောရင် တကယ်ပြန်မပို့တော့ဘူးနော်"

"ရှင်ကြီးကိုမုန်းတယ်. . . အရမ်းမုန်းတာပဲ"

သူသဘောကျစွာဖြင့် ရယ်မောလိုက်မိတော့၏။ စိတ်ချမ်းသာလိုက်တာ မပြောပါနှင့်တော့။ အချစ်က လူကိုရှင်သန်စေရိုးမှန်ရင် ဒီလောကမှာ သူမသေနိုင်တော့ပါဘူး။ အဲဒါသေချာပါတယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

ပြုံးစိစိဖြင့်ကြည့်နေရာမှ သူမမျက်စောင်းထိုးလေတော့ မအောင့်နိုင်ဘဲ သူရယ်ချလိုက်လေ၏။

"ကိုကြီးနော်. . . သူပဲလုပ်ခိုင်းပြီး၊ မလျှောင်နဲ့"

"ဟင်းဟင်း. . . ကိုကြီးပြောထားသားပဲ။ စိတ်ကောက်မပြနဲ့. . . မျက်စောင်းမထိုးမိစေနဲ့လို့"

"ရမလား. . . ကိုကြီးလူကြီးက တကယ်ကားတင်ပြေးသွားရင် ဘယ့်နှယ့်လုပ်မလဲ။ အဲဒါမှဒုက္ခရောက်မှာ"

"မပူပါနဲ့ပုံပုံ ရဲ့. . . ပုံပုံ့နောက်မှာ ကိုကြီးအမြဲရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက အရိပ်လိုလိုက်နေတာ"

"ဟင်! ဒါဖြင့်"

သူမမျက်လုံးလေးဝိုင်းသွားရာမှ မျက်ရည်ပေါက်ကြီးတွေ ချက်ချင်းလိမ့်ဆင်းလာလေတော့၏။ သူစိုးရိမ်တကြီးဖြင့် ပုံပုံ့ကို အသာပွေ့ဖက်လိုက်ပါသည်။

"ပုံပုံ"

"ကိုကြီးက အရမ်းရက်စက်တာပဲ။ ပုံပုံ့နေရာကတော့ ဝင်မခံစားပေးဘူး။ ကြာရင် ပုံပုံသေလိမ့်မယ်. . . သိလား"

"မပြောပါနဲ့. . . မပြောပါနဲ့ကလေးရယ်။ ဒီလိုတွေလုပ်ခိုင်းထားလို့ ကိုကြီးပျော်နေမယ်လို့ထင်နေလား။ ကိုကြီးရင်ထဲမှာ မချိအောင်ခံစားနေရတာတော့ ဘယ်သူမှမမြင်နိုင်ဘူး။ ပုံပုံယုံအောင် ကိုကြီးရင်ကိုခွဲပြလိုက်ချင်တယ်။ ဒီလိုမှမရင်းရင် သူ့ကို ကိုကြီးဘယ်တော့မှနိုင်တော့မှာမဟုတ်ဘူး"

"သူက ဒီအတိုင်းငြိမ်နေမှာမဟုတ်ဘူးနော်။ မာမာတို့ဆီ မကြာခင်ဝင်ထွက်လာတော့မှာ။ အဲဒီအခါ ပုံပုံဆက်မရှင်းရဲတော့ဘူး"

"သိပ်လည်းစိတ်ပူမနေပါနဲ့ ပုံပုံရဲ့။ ကိုကြီး အကုန်စီစဉ်ပေးမှာပါ"





"အပြောကတော့ လွယ်တာချည်းပဲ။ ဟွန်း. . . ပုံပုံ့မှာ မျက်ရည်လည်းရှင်းရ. . . ပြီးတော့"

"ပြီးတော့ ဘာရှင်းရသေးလဲပြောပါဦး"

စကားအစား မျက်စောင်းတစ်ပွင့်ကသာ ခုန်ပေါက်လွင့်ပျံ့လာလေ၏။ သူနှစ်ခြိုက်စွာပြုံးလိုက်မိပြီး သူမပါးချိုင့်လေးကို လက်ညှိုးလေးဖြင့် အသာတို့လိုက်မိသည်။

"သားလေးရေ. . . ဖုန်းလာနေတယ်"

"လာပြီ. . . နီနီရေ"

လှေကားထိပ်မှာ ထိုင်စကားပြောနေရာမှ Hand Phone ကိုလှမ်းယူ၍ လသာဆောင်ဘက်ထွက်သွားစဉ် နီနီက သူမကို အသာလက်ယပ်ခေါ်လိုက်လေသည်။

"သားလေးရဲ့ဒိုင်ယာရီစာအုပ်ထဲမှာ ပုံလေးအကြောင်းတွေချည်း ပြည့်နေတာပဲ"

"ဟုတ်လို့လားနီနီရဲ့"

"ဟုတ်ပါတယ်ဆိုနေမှ"

"နီနီ. . . ပုံပုံဖတ်ချင်တယ်"

"မရဘူး. . . အံဆွဲကို သော့ခတ်ထားတယ်ပုံလေးရဲ့"

"ဟွန်း! အဲဒါများလာပြောနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နီနီလည်း ဘယ်ယူပေးရဲပ့ါမလဲ။ တော်ကြာ သားလေး စိတ်ဆိုးရင် နီနီမချော့တတ်ဘူး"

"ဟင်းဟင်း. . . နီနီကအကြီးဖြစ်ပြီး ကိုကြီးကိုကြောက်တာပဲလား"

"ကြောက်တာပေါ့. . . တော်ကြာ. . . နီနီ့ကို ရှာပြန်ပြီး ယောက်ျားယူခိုင်းမှဒုက္ခ"

နှစ်ဦးသား တိုးတိုးကျိတ်ကျိတ်ရယ်မောလိုက်စဉ် ကိုကြီးက သူမကိုလှမ်းခေါ်လိုက်လေ၏။

"ပုံပုံ. . . ခဏ"

သူမ လသာဆောင်ကိုထွက်လိုက်တော့ အရှေ့တိုက်မှ မြင့်မိုရ်က လက်လှမ်းပြလိုက်လေသည်။

"ရော့"

"ဟင်! ဘာလဲကိုကြီးရဲ့"

"သူဖုန်းလာနေတယ်လေ"

"အာ. . . ပြောချင်ပါဘူး"

"ပြောလိုက်. . . ပြောလိုက်. . . တော်ကြာ ခြံထဲရောက်လာမှပိုရှုပ်ကုန်မယ်"

သူမ, ကိုကြီး၏လက်ထဲမှဖုန်းကိုယူလိုက်ရ၏။ တစ်ဖက်





လသာဆောင်မှာ လက်ထောက်၍မှီရပ်နေရင်း ဖုန်းထဲမှ မြင့်မိုရ်၏ စကားပြောနေလေ၏။

"ကလေး"

"ဘာလဲ. . . ဘာပြောမလို့လဲ။ ဒီမှာကိုကြီးရှိနေတယ်လေ"

"ဘာဖြစ်လဲ. . . ယောက်ဖကြီးက သဘောထားကြီးပါတယ်ကွ"

"အမယ်. . . သူများကိုကြီးကိုများ ဘယ်လိုခေါ်လိုက်တာလဲ. . . ပြန်တိုင်ပြောမှာနော်"

"တိုင်ရဲရင်တိုင်ပေါ့ဖြူလေးရဲ့။ ပိုတောင်မှကောင်းသေးတယ်"

"ဟွန်း! တော်တော်အူမြူးနေ"

"လွမ်းတယ်ကွာ, ကျောင်းတွေပိတ်ကုန်ပြီဆိုတော့ ကိုယ်ကလေးနဲ့ဘယ်လိုတွေ့ခွင့်ရမှာလဲ။ ဒီမှာ နေမထိထိုင်မသာဖြစ်နေတာ ကြည့်လုပ်ပေးဦး"

"ဟုတ်လား. . . သနားစရာလေးပါလားနော်"

"ကလေးနော်. . . ကိုယ်ခြံကူးလာခဲ့ရမလား။ မလာရဲဘူးမထင်နဲ့"

"မလာနဲ့နော်. . . မေမေဆူလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ"

"မေမေလေ. . . ကိုကြီးရဲ့မေမေ"

"ဖြူလေးက မေမေလို့ခေါ်တယ်ဟုတ်လား"

"အင်းလေ. . . ငယ်ငယ်ကတည်းက ခေါ်လာခဲ့တာပဲဟာ အဆန်းလုပ်လို့"

"ဒါဖြင့် ဦးဦးအာကာကိုရော"

"ဖေဖေလို့ပဲခေါ်တာပေါ့"

"ဒါဆို ကိုယ့်မိဘတွေကိုရော. . . အဲဒီလိုပဲခေါ်မှာလား"

"ခေါ်ပါဘူး. . . ဘာကိစ္စခေါ်ရမှာလဲ"

"ဒီလိုလား. . . အဲဒါဆို ကိုယ်လာပြီ"

"ဟင့်အင်း. . . မလာနဲ့နော်! မလာနဲ့"

ပြောနေရင်း လသာဆောင်မှ သူပျောက်သွားတော့ သူမ ကြောက်လန့်တကြားဖြင့် အိမ်ထဲပြေးဝင်ခဲ့မိ၏။ ကိုကြီးက အခန်း ထဲမှထွက်လာကာ တံခါးကိုပိတ်လိုက်ပါသည်။

"လုပ်ပါဦး. . . လုပ်ပါဦး. . . လာနေပြီ"

"ဘယ်လိုဖြစ်လာတာလဲ. . . ဘယ်သူလာမှာလဲ"

"ဘယ်သူရှိမှာလဲ. . . ဟိုလူကြီးပေါ့"

"လာပါစေပေါ့. . . ကြောက်စရာလား။ အဲဒီလောက်





စိတ်မလှုပ်ရှားရဘူးလေ"

"ကိုကြီးမသိဘူးနော်. . . ခက်တာပဲ"

"သိပါတယ်. . . မခက်ပါဘူး"

"သူ့အိမ်ကိုအလည်ခေါ်ရင် ဘယ့်နှယ့်လုပ်မလဲ"

"ဘာမှမဖြစ်ဘူး. . . လိုက်သာလိုက်သွား"

သူမနှာခေါင်းရှုံ့လိုက်စဉ် အောက်ထပ်မှာစကားပြောနေ ရင်း မေမေ့ရယ်သံကိုကြားလိုက်ရလေ၏။

"သားရေ. . . မြင့်မိုရ်လာတယ်"

"လာပြီမေ"

သူ့ ပုံပုံ့လက်ကိုဆွဲ၍ အောက်ကိုဆင်းလာတော့ ဧည့်ခန်း တံခါးပေါက်ဝမှာ မှီရပ်နေသည့်မြင့်မိုရ်က ပြုံးပြုံးနှုတ်ဆက်လိုက် လေ၏။

"ဝဠာ. . . ငါ့ ဖြူလေးကို အိမ်ခဏခေါ်သွားချင်လို့"

"ရမလား. . . ဒီလိုလွယ်လွယ်နဲ့ခေါ်လို့ရမယ်မှတ်"

"မင်းဘာလိုချင်လို့လဲ. . . ပြောပါ"

"အင်း. . . ငါ့ကား. . . Modern နည်းနည်းအောက်နေ သလားလို့"

"OK ငါ့,အသစ်လဲပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . ရက်ရောလှချည်လား"

"ကိုကြီးနော်, ပုံပုံ့ကိုအရုပ်မှတ်ပြီး ကားနဲ့လိုနေတာလား"

တိုးတိုးကပ်၍ပြောလိုက်သည့် သူမဟန်ပန်လေးကို ငေးကြည့်ရင်း မြင့်မိုရ်, အကြင်နာတရားတွေတိုးသည်ထက်တိုးလာလေတော့၏။ ဩော်. . . ဘယ်အချိန်ကြည့်ကြည့် ရှုမဝတဲ့အလှလေးပါလားကလေးရယ်။

ဝဋ္ဌာက သူမ၏လက်ဝါးလေးကို အသာညှစ်၍သတိပေးလိုက်ပြီး မြင့်မိုရ်လက်ထဲသို့ထည့်ပေးလိုက်လေ၏။

"ငါ ဒီအတိုင်းပဲပြန်လိုချင်တာနော်။ ညနေစောင်းအထိမရဘူး။ အလွန်ဆုံးကြာ တစ်နာရီပဲ"

"ဟင်းဟင်းဟင်း. . . အေးပါ"

သူဆွဲခေါ်လာရာဆီသို့ လိုက်ပါလာခဲ့ပြီး သူမလက်ဖျားလေးတွေ အေးစက်စပြုလာချေပြီ။ ဘုရားရေ! လူကြီးတွေမြင်ဖူးသွားရင် ဒီကိစ္စကို သူမဘယ်လိုနည်းနဲ့အပြတ်ဖြတ်ရပါ့။

"မေမေရေ. . . ပါ့လာပြီ"

"ဟယ်! ချစ်စရာလေးပါလား သမီးရယ်။ သားပြောတော့မေမေဖြင့် ယုံတောင်မှမယုံဘူး။ တကယ်ပဲ ဘုံကြိုးပြတ်ကျပြီးရောက်လာတဲ့နတ်သမီးလေးလိုပါပဲလား"





"အာ. . . အန်တီကလည်း"

"ဘာအန်တီကလည်းလဲ။ မေမေကလည်းလို့ပြောပါကွာ"

"ကိုကိုနော်"

"ဟော! စိတ်ကောက်ဦးမယ်သားရယ်။ လာ. . . သမီး,ထိုင်ပါဦး။ ဟုတ်ပါ့တော်. . . အသားလေးက ဖြူပြီးဝင်းအိနေတာပါပဲလား"

"မေမေရယ်. . . ကလေးမနေတတ်ဘဲဖြစ်နေပါဦးမယ်။ သိပ်မပြောပါနဲ့"

"ဩော်. . . သားကလည်း သားအမိချင်းကို မနာလိုစရာလား. . . နော်. . . သမီးရယ်"

"မမ ခေါက်ဆွဲကြော်ကျက်ပါပြီ"

"အေးအေး. . . မမြိုင်၊ ကဲ. . . သမီးလေး, သွားစားကြရအောင်. . . လာ"

"ဟင့်အင်း. . . နေပါစေအန်တီ. . . ပုံပုံ, ကိုကြီးနဲ့ထမင်းစားမယ်လို့ပြောခဲ့လို့ပါ"

"ကလေးကလည်းကွာ, ကိုယ့်ဆီ တစ်ခါတလေလာတုန်းကို"

"မေမေတို့စိတ်ဆိုးမှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဥဒ္ဒါဝိတ်ဆိုးမှာရော မပါဘူးလား"

ပါးစပ်ကပြန်မဖြေဘဲ မျက်စောင်းဖြင့်ပြန်ဖြေတာကြောင့် သူပြုံးလိုက်မိပြန်၏။ ကလေးရယ်. . . ချစ်သူအဆင့်ရောက်နေတာတောင်မှ ကိုယ်က ပထမနေရာမှာမရှိဘဲ ဒုတိယနေရာမှာ ရှိနေရသတဲ့လား။

ဆယ့်ငါးမိနစ်ကြာအောင်တောင်မနေဘဲ ပြန်ချင်ပြီတဂျီဂျီ ပြောနေတာမို့ သူပြန်ပို့ရပါတော့သည်။ ကိုယ့်အပေါ်မှာချစ်တာ တကယ်ရောဟုတ်ပါရဲ့လား။ အတွေးတွေပလုံစီလျက် ရင်ထဲမှာ ခံစားမှုတွေက တအုံနွေးနွေး။ လက်ဖမိုးလေးကိုကိုင်၍ နမ်းရှိုက်လိုက်မိတော့ ရဲခနဲဖြစ်သွားသည့်မျက်နှာဖြင့် သူမလက်ကို ဆတ်ခနဲရုတ်လိုက်လေ၏။ ကဲ. . . ဘယ်လောက်အရှက်သည်းတဲ့ချစ်သူလေးပါလဲ။

❀ ❀ ❀





How bitter a thing it is to look into happiness through another man's eyes!

William Shakespeare

လူတစ်ယောက်အတွက် ဘယ်လောက်ပဲနာကြည်းကြေကွဲဖွယ်ကောင်းတဲ့အရာဖြစ်စေဦးတော့။ အခြားလူတစ်ယောက်ရဲ့အမြင်မှာ ပျော်ရွှင်ကံကောင်းမှုတွေဖြစ်နေတတ်ပါတယ်။

ဝီလျံရှိတ်စပီးယား



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

"စောပါသေးတယ်. . . ပုံပုံက ခုမှ First Year ဖြေပြီးခါစ ပဲရှိသေးတာ။ မလောပါနဲ့ကိုကိုရဲ့"

ရင်ခွင်ထဲငြိမ်သက်စွာနေနေလျက် သူမ,တီးတိုးပြောလေတော့ သူသက်ပြင်းဖွဖွကိုချလိုက်မိ၏။ လက်ကိုင်ပဝါဖြင့် စည်းနှောင်ထားသည့်ဆံနွယ်ရှည်တွေကို အမြတ်တနိုးနမ်းရှိုက်လိုက်မိသည်။

"ခုကတည်းကစေ့စပ်ထားမှ. . . စိတ်ချရမှာလေ ဖြူရယ်။ တော်ကြာ သူများတွေဦးသွားတော့ ဘယ့်နှယ့်လုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးစရာလား. . .၊ ပုံပုံက မျက်နှာများတဲ့မိန်းကလေးမှ မဟုတ်ဘဲ။ တစ်ယောက်ဆိုမှတကယ်တစ်ယောက်တည်းပဲ"

"ကြည့်စမ်း. . . စကားတွေတတ်နေလိုက်တာ"

တင်းကျပ်စွာပွေ့ဖက်ထားခြင်းခံလိုက်ရတော့ သူမ၏ကြက်သီးများတောင်ထမိ၏။ လာမတွေ့လျှင် အိမ်အထိလိုက်မည် ခြိမ်းခြောက်လေသည်မို့ သူ့ရုံးခန်းထဲရောက်လာခဲ့ရသည်။ ကိုကြီးက အလိုက်သင့်နေခိုင်းထားသေးသည်မို့ သူမငြိမ်နေရပေမယ့် သူနဲ့အဝေးဆုံးကိုသာ ထွက်ပြေးချင်နေပြီ။ အမယ်လေးနော်. . . ကြာရင်တော့ ပုံပုံ့တစ်ကိုယ်လုံး စိစိညက်ညက်ကြေကုန်လေမလား။

"ပြောပါဦးကလေးရယ်. . . ကိုယ့်ကို ဘယ်ထဲကချစ်တာလဲ"

"ရင်ထဲက"

"ဘယ်လောက်ထိချစ်တာလဲ"

"မိုးကောင်းကင်ကြီးလောက်ပေါ့"

"ဟင်းဟင်း. . . ဆက်ပြောပါဦး, လက်ထပ်တဲ့အခါမှာရော"

"ရိုးမြေကျ"

"ဒီဘဝအပြင်"





"နောက်. . . နောက်. . . ဘဝများစွာ"

"သိပ်ချစ်ဖို့ကောင်းတဲ့ကောင်မလေး"

"အား. . . ပုံပုံအသက်ရှူကျပ်လာပြီကိုကိုရဲ့"

"အတူတူနေချင်ပြီကွာ. . .။ ကိုယ်တို့လက်ထပ်ပြီးမှ ဖြူကျောင်းဆက်တက်လည်းဖြစ်တာပဲ"

"သြော်. . . အဲဒီအခါကျလည်း ကျောင်းမှာ သူများတွေကြည့်ကြလိုက်ကြရင် အူကတိုဦးမယ်"

"ဟုတ်တာပဲ. . . ကလေးက ဘာကြောင့်ဒီလောက်ထိလှနေရတာလဲ"

"ဒါဆို ကိုကိုက ပုံပုံ့ကိုလှလို့ချစ်တာဆိုပါတော့"

"ဟာ! မဟုတ်ပါဘူး"

"ကိုကြီးဆို တစ်ခါမှအဲဒီလိုမပြောဖူးဘူး။ ကိုကြီးညီမက ငယ်ငယ်တုန်းကထက် ပိုချစ်စရာကောင်းလာတယ်တဲ့"

လာပြန်ပြီ. . . စကားဆယ်ခွန်းပြောရင် ဒီကိုကြီးနာမ်စားက ပါလာရောပဲ။ သဝန်တိုလာစိတ်က. . . မောင်နှမချင်းတောင်မှ သဘောထားမကြီးချင်ခဲ့။ 'ကလေးရယ်. . . ကိုယ့်နှလုံးသားထဲက အရုပ်လေးကို ဘယ်သူမှဝိုင်းချစ်ကြတာကို မလိုလားတာ ဘာကြောင့်လဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဝဠာနဲ့ကိုယ် ဘယ်သူ့ကိုပိုချစ်လဲဖြူ"

သူမ ငြိမ်သက်သွားလေ၏။ တစ်ခါမှဖြေမကြည့်ဖူးသည့် မေးခွန်းတစ်ခုမို့ အလန့်တကြားဖြင့် သူ့ကိုမော့ကြည့်လိုက်မိသည်။ သူကတည်ငြိမ်စွာဖြင့် သူမကိုစိုက်ကြည့်နေလေ၏။

"ဘာဖြစ်လို့ အဲဒီမေးခွန်းမျိုးမေးရတာလဲ"

"သိချင်တယ်. . . သိချင်လို့ပေါ့ဖြူရယ်"

"ကိုကြီးက သိပ်သနားဖို့ကောင်းတယ်။ ငယ်ငယ်ကတည်းက အရမ်းချုချာခဲ့တာ။ တစ်ဦးတည်းသောသားဖြစ်ပေမယ့် အမြဲ သိမ်ငယ်အားငယ်စိတ်ရှိတယ်။ တစ်ဖက်သားကို နားလည်ခွင့်လွှတ်ပေးတတ်တယ်။ ကြင်နာသနားတတ်တယ်။ တကယ့်ကိုနှလုံးသားလှတဲ့ယောကျ်ားတစ်ယောက်ပါ"

သူ့မျက်နှာ ကွက်ခနဲပျက်သွားရလေ၏။ ဒါတွေနှင့်ဆန့်ကျင်ဘက်တွေက သူ့ဆီမှာအကုန်စုပြုံနေတာမဟုတ်လား။ ဟန်ဆောင်ထား၍မရနိုင်အောင် သူငိုင်သွားတော့ သူမက ထိုင်ခုံမှာထိုင်နေရာမှ ထရပ်လိုက်လေ၏။

"ကိုကိုနဲ့ဆန့်ကျင်ဘက်မှာရှိနေတဲ့ကိုကြီးကို ဘာဖြစ်လို့ နှိုင်းယှဉ်ခိုင်းရတာလဲ"

"တော်ပြီ. . . ဆက်မပြောပါနဲ့တော့ဖြူ"





သူထိုင်ခုံမှထရပ်ကာ ပြတင်းဝမှာရပ်လိုက်မိ၏။ ရင်ထဲမှာ တနုံ့နုံ့နှင့်ခံစားမှုက နေရာအနှံ့မှာ မွှေနှောက်နေသလိုပင်။ မစ္ဆရိယတဲ့လား။ ဝဠာနဲ့ပတ်သက်လာရင် သူ့စိတ်တွေဘယ်တော့မဆို ဆူပွက်လာရမြဲမဟုတ်လား။

"ပုံပုံပြန်ချင်ပြီ"

"ဒီလိုပဲလားဖြူ။ ကိုယ့်ချစ်သူနဲ့တွေ့ရချိန်က ဘယ်တော့မဆို နာရီဝက်ထက်မပိုပါလား"

"ကိုကြီးကပြောထားတယ်ကိုကိုရဲ့။ လူမတွေ့မမြင်နိုင်တဲ့ ဆိတ်ကွယ်ရာမှာ ချစ်သူရည်းစားတွေ ကြာကြာချိန်းဖို့မသင့်ဘူးတဲ့"

"ဖြူစကားပြောရင် အဲဒီနာမည်မပါလို့မဖြစ်ဘူးလားကွာ"

"ကိုကိုကလည်း ကိုကြီးက ပုံပုံ့ကိုကြီးလေ"

"ကိုယ်နဲ့လက်ထပ်ပြီးရင်ရော, ဒီနာမည်ကို ရွတ်နေမှာဦးပဲလားဖြူ"

သူမမျက်လုံးလေးဝင့်ကြည့်၍ နှစ်ခြိုက်စွာပြုံးလိုက်မိလေ၏။ မစ္ဆရိယစိတ်တို့ဖြင့်ပူလောင်နေတတ်သည့်လူကို ဆူပွက်အောင်ရှို့ရတာ အလွယ်ဆုံးအလုပ်တစ်ခုပဲမဟုတ်လား။

"ကိုကြီးနဲ့ပုံပုံ့ကြားမှာ ချည်နှောင်ထားတဲ့ကြိုးက (၁၅)နှစ်ကျော်နေပြီနော်ကိုကို။ ပုံပုံနဲ့ကိုကြီးကို မခေါ်မပြောရဘူးလို့တား



www.burmeseclassic.com

www.burmeseclassic.com



မြစ်ပိတ်ပင်ဖို့ မကြိုးစားပါနဲ့။ ပုံပုံမကြိုက်ဘူး"

"ဟာ! ကိုယ်ဘာမှမပြောရသေးဘူးလေဖြူ။ ဒီလောက်ထိတင်းမာစရာလိုလို့လား"

"ဒီလိုစကားစလိုက်တာနဲ့ ဘာတွေဆက်လာမလဲဆိုတာကို ပုံပုံကြိုသိတယ်။ ကိုကို, ပုံပုံ့ကိုဆိုင်ရုံပဲဆိုင်သေးတာ။ ပိုင်တောင်မပိုင်သေးဘူး။ ဒီလောက်ထိချုပ်ချယ်လာရင်တော့ ပုံပုံ့စိတ်ကို ပုံပုံနိုင်အောင်ထိန်းတော့မယ်။ ပုံပုံစိတ်ညစ်မခံနိုင်ဘူး"

"ဖြူရယ်. . . ဘယ်လိုပြောလိုက်တာလဲ။ ကိုယ်. . . ဖြူ့ကို"

Hand Phone မှ သံစုံမြည်လာသဖြင့် သူ့ စကားကိုရပ်ကာ ဖုန်းကိုဖွင့်လိုက်၏။

"ဟဲလို"

"မြင့်မိုရ်. . . ငါ"

"ပြောလေ ဝဥ္စာ"

"ပုံပုံ, မင်းဆီမှာလား"

သိလိုက်ပြန်တာပဲလား။ အိမ်ကိုဖုန်းဆက်ပြီး မသိအောင်ခေါ်ထားတာတောင် ဒီလောက်ထိသိနိုင်လွန်းတာတော့ လွန်ပြီထင်တယ် ဝဥ္စာ။

"တီတီ ငါ့ကိုဖုန်းဆက်တယ် မြင့်မိုရ်။ ပုံပုံက ငါခေါ်လို့





လာတယ်လို့ပြောသွားတာ။ ခဏနေထပ်ဆက်လို့. . . သူ မရှိရင်ပြဿနာတွေရှုပ်ကုန်မယ်။ ပုံပုံ့ကိုအခုချက်ချင်းလာပို့ပါ"

တောက်! တင်စီးလှချည်လား။ သူပိုင်တဲ့မိန်းကလေးကိုခုလိုမျိုးတစ်ချက်လွှတ်အမိန့်နဲ့ခေါ်လို့ရမှာတဲ့လား။

"ငါစကားပြောလို့မဝသေးဘူး"

"အမိပ္ပာယ်မရှိဘူးမြင့်မိုရ်။ သူထွက်သွားတာ နာရီဝက်ကျော်ကြာနေပြီ။ တော်လောက်ပြီပေါ့. . . မကောင်းဘူး"

"ဖြူက ငါနဲ့အသက်ဆိုင်ဆုံးမိန်းကလေးပါဝဥ္စာ"

"ကိုကြီး. . . ပုံပုံလာခဲ့မယ်"

"နေဦး. . . မင်းမသွားရဘူး"

ဖုန်းကိုပိတ်လိုက်ပြီး သူမလက်တစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်ထားတော့ သူမကအတင်းရုန်းလေ၏။

"လွှတ်နော်. . . ဟိုမှာကိုကြီးခေါ်နေပြီဟာ့ကို"

"ဖြူ. . . ကိုယ်နဲ့ဝဥ္စာ ဘယ်သူကဖြူ့အတွက် ပိုပြီးအရေးပါလဲ. . . ပြော"

"မသိဘူး. . . ဘာမှဆက်ပြောမနေနဲ့။ ပုံပုံပြန်မယ်"

"မင်းမပြောလို့မရဘူးဖြူ။ ကိုယ်က မင်းရဲ့ချစ်သူလေ။ ချစ်သူတစ်ယောက်ထက်ပိုပြီး ဒီကောင့်ကိုပိုခင်တွယ်နေတာ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မကျဘူး။ ဒီကိစ္စ ကိုယ်လုံးဝအစာမကျေဘူးနော်ဖြူ"

"မတတ်နိုင်ဘူး. . .၊ ပြန်ချင်နေပြီဆိုတာကို အတင်းဆွဲထားပြီးတော့။ ပုံပုံ့ကို ဒေါသဖြစ်အောင်မလုပ်နဲ့နော်။ ဒီလိုအကြမ်းကိုင်တာမျိုး ပုံပုံသိပ်မုန်းတယ်"

လက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်ထားရာမှ သူယောင်ယမ်း၍လွှတ်ပေးလိုက်မိ၏။ စူးရှတောက်ပလွန်းသည့် မျက်ဝန်းတစ်စုံ၏ အကြည့်က သူ့ရင်တွင်းသို့ ပူလောင်စွာထိုးဖောက်ဝင်ရောက်သွားလေသည်။ ကြည့်စမ်း! ကိုယ်ချစ်တဲ့လူကိုကြင်နာတဲ့ချစ်ခြင်းမျိုးဖြင့်မကြည့်ဘဲ ခုန်အုပ်တော့မည့်ကျားပျို့မလေးလို ရန်စောင်ကြည့်နဲ့စိုက်ကြည့်ရသတဲ့လား။

"ဒေါက်! ဒေါက်! "

တံခါးခေါက်သံကြောင့် သူ, သက်ပြင်းတစ်ချက်ကိုဆောင့်အောင့်ချလိုက်မိ၏။ သူမက အခန်းတံခါး lock ကို လှည့်ဖွင့်လိုက်လေသည်။ စိုးရိမ်သည့်မျက်ဝန်းတို့ဖြင့် ဝဠာက သူမကိုစိုက်ကြည့်လိုက်ပြီး လက်ကိုဆုပ်ကိုင်လိုက်ပါ၏။

"ငါခေါ်သွားတော့မယ် မြင့်မိုရ်"

"ညကျရင်. . . ဆယ်နာရီလောက် ငါဖုန်းဆက်မယ်ဝဠာ။ ပြောစရာတွေရှိနေတယ်"





"အေး. . . ရတယ်. . . ငါတို့သွားပြီ"

သူမလက်ကိုဆွဲ၍ ဝဠာထွက်သွားတော့ ထိုင်ခုံပေါ်ပစ်ထိုင်ချလိုက်ပြီး မျက်လုံးအစုံကိုမှိတ်ချလိုက်၏။ ပါးပြင်ထက်ပူနွေးသွားသဖြင့် လက်ဖြင့်စမ်းကြည့်လိုက်မိတော့ ဘုရားရေ. . . မျက်ရည်. . . မျက်ရည်တွေဖြစ်နေပါရောလား။ သူ့တစ်သက်မှာ တစ်ခါမှမမြင်တွေ့ဖူးခဲ့သည့်မျက်ရည်စက်တွေကို တို့ထိရင်းကြောင်ငေးနေမိလေ၏။ ဒါ. . . ပထမဦးဆုံးသောမျက်ရည်တွေပါပဲလားဖြူရယ်။ ဖြူနဲ့ပတ်သက်ပြီး မနာလိုအူတိုစိတ်တွေနဲ့ကျခဲ့တဲ့မျက်ရည်စက်တွေပါ။

❀

ကန်တော်ကြီးစောင်းမှာ ကားကိုဆောင့်ရပ်လိုက်၏။ ကားတံခါးကိုဖွင့်ဆင်း၍ ကန်ပေါင်နားမှာ ခါးထောက်၍ရပ်နေမိသည်။ ဗလောင်ဆူဝေနေသည့်ရင်အပူကို အတတ်နိုင်ဆုံးငြိမ်းအေးအောင်သူလုပ်နေရ၏။ ဝန်တိုခြင်းတဲ့. . . ပုံပုံနဲ့ပတ်သက်ပြီး သူ သဝန်တိုတတ်နေလေပြီကော။

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ပုံပုံပြန်ဖို့ပြောပါတယ်. . . သူက"

"တိတ်တိတ်နေ"

သူလှည့်အော်လိုက်တော့ သူမတအံ့တဩဖြင့် သူ့ကိုငေးကြည့်နေမိ၏။ ဘုရားရေ. . . ကိုကြီးစိတ်တိုတဲ့မျက်နှာကို ဒီတစ်ခါပဲ သူမ,တွေ့ရဘာပါလား။

"အတန်တန်ပြောထားပါလျက်နဲ့ ကိုကြီးမသိအောင် လိုက်သွားရဲတယ်။ သတ္တိတွေသိပ်ရှိနေတယ်ပေါ့။ ဟုတ်လားပုံပုံ"

"ကိုကြီး. . . သူက မာမာ့ရွှေ့မှာဖုန်းခေါ်တော့ ပုံပုံထွက်လာခဲ့ရတာပါ"

"ကိုကြီးကို ဖုန်းခေါ်ဖို့သတိမရဘူးပေါ့လေ"

"ကိုကြီးကို တစ်ခေါက်ဖုန်းခေါ်ရင် မာမာရိပ်မိကုန်မှာပေါ့"

"ဒီမှာဘယ်လောက်ထိရင်ပူသွားလဲ. . . မင်းမသိဘူး ပုံပုံ။ သူ့အကြောင်းကိုသိထားလို့ မင်းနောက်က အရိပ်လိုလိုက်နေတာအကြောင်းမဲ့မဟုတ်ဘူး။ဒီကောင်က မိန်းမကျမ်းကျေပြီးသားလူကွ။ မင်းကိုပွင့်ဖတ်ခြွေသလို အလွယ်လေးဖဲ့ခြွေနိုင်စွမ်းရှိတယ်။ ကျားခံတွင်းထဲကို မင်းမို့မကြောက်မရွံ့ဝင်ရဲတယ်လို့. . . တောက်! "





"ကိုကြီး အဲဒီလိုမပြောပါနဲ့။ ဒါကိုကြီးစပေးတဲ့ဇာတ်လမ်းလေ။ ပုံပုံက ကိုကြီးကြိုးဆွဲရာကနေရတဲ့ ရုပ်သေးရုပ်လေးပါ ကိုကြီးရဲ့။ စိတ်မပါဘဲလုပ်ပေးနေရတာကိုတောင် ကိုကြီးက အပြစ်မြင်ရက်တယ်။ ပုံပုံ့ကို မင်းလို့ရင့်ရင့်သီးသီးမသုံးပါနဲ့"

သူမမျက်ရည်တွေကိုမြင်တော့မှ သူ့ဒေါသတွေအကုန်ငြိမ်သက်သွားလေ၏။ အဆုံးစွန်ထိ ပူပန်ခဲ့ရမှုကို သူမ,မြင်သာအောင်မည်သို့ပြရမည်နည်း။ နှလုံးသားတစ်ခုကို အသေခံတိုက်ဖျက်ဖို့ကြိုးစားခြင်းမှာ အပြစ်မဲ့သည့်မိန်းကလေးက ကြားခံနစ်နာနေရပြီလား။ အတ္တတွေသိပ်ကြီးနေပြီလား။ မဟုတ်ရပါဘူးပုံပုံရယ်။ ကိုကြီးရင်ထဲကခံစားမှုတွေကို ပုံပုံသိစေချင်ပါတယ်။ တကယ်ပါ။

"သူက. . . သူက ပုံပုံ့ကိုလာတောင်းတော့မှာတဲ့"

"..."

"ကိုကြီး ဒီအတိုင်းငြိမ်နေတော့မှာလား။ ကိုကြီးရေးတဲ့ဇာတ်ကို ကိုကြီးပြီးအောင်ပြန်သိမ်းပေးတော့လေ။ ကိုကြီးအတွက် ကိုကြီးစိတ်တိုင်းကျ ပုံပုံလုပ်ပေးခဲ့ပြီးပြီ။ ကိုကြီးဆန္ဒကို ဦးစားပေးပြီး ပုံပုံဆောင်ရွက်ပေးခဲ့တာပါ။ အဲဒီအထဲမှာ ပုံပုံ့ခံစားချက်ကို ပုံပုံလျစ်လျူရှုထားခဲ့ရတာကိုတော့ ကိုကြီးမသိဘူးမဟုတ်လား။ ကိုကြီးရဲ့အတ္တကိုသာ ပထမနေရာမှာ ပုံပုံထားပေးခဲ့တာ။ ပုံပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို. . . ပုံပုံ့ကိုကျ"

ရှိုက်သံတို့ဖြင့် ပြောလက်စ,စကားက ရပ်တန့်သွားလေ၏။ သူဘာတစ်ခွန်းမှမပြောဖြစ်ဘဲ သူမကိုသာ မျက်တောင်မခတ်မိဘဲ ငေးနေမိခဲ့၏။

"ပုံပုံသိလိုက်ပြီ၊ ကိုကြီးတို့နှစ်ယောက်ဟာ သိပ်ကိုကြောက်စရာကောင်းတဲ့ယောကျ်ားတွေပဲ။ ကိုယ့်အတ္တကိုယ့်စိတ်ခံစားချက်ကိုပဲ အမြဲဦးစားပေးတတ်တဲ့လူတွေ။ ကိုယ်နိုင်ဖို့အတွက်ဆိုရင် သူတစ်ပါးနှလုံးသားကိုတောင် ချနင်းဖို့ဝန်မလေးကြဘူး။ သူတစ်ပါးခံစားချက်ကို နားလည်ပေးဖို့ဆိုတာကတော့ အဝေးကြီးပါပဲ။ ပုံပုံနှမြောတယ်။ ပုံပုံ့ကိုယ့်ကိုရော၊ ပုံပုံ့နှလုံးသားကိုရော၊ ပုံပုံ့ခံစားချက်မှန်သမျှကိုရော၊ ပြီးတော့ မနိုင်ဘဲကခဲ့မိတဲ့ပြဇာတ်တစ်ပုဒ်အတွက်လည်း ကောင်းကောင်းကြီးနောင်တရမိတာအမှန်ပဲ။ ဒါပုံပုံ့အတွက် တစ်သက်စာသင်ခန်းစာပါပဲ"

"တော်ပြီပုံပုံ. . . ထပ်မပြောပါနဲ့တော့"

သူ့ သူမထံမှအကြည့်တွေကိုလွှဲ၍ ရေကန်ဆီသို့မျက်နှာမူလိုက်သည်။ ဘယ်ဘက်ရင်အုံမှ ထိုးအောင့်နာကျင်မှုက အခံရခက်လေစွ။ သေချာပါတယ်။ သူပစ်လိုက်တဲ့မြားက သူ့ရင်ဝတည့်တည့်ကို ပြန်လာစိုက်ပါရောလား။ ရင်နာလိုက်တာ. . . ရင်နာ





လိုက်တာပုံပုံရယ်။

"ဖြစ်ခဲ့တဲ့ကိစ္စရပ်တွေအားလုံးအတွက်. . . ကိုကြီးမှားခဲ့တဲ့အမှားတွေအားလုံးအတွက် ပုံပုံ့ကိုအနူးအညွတ်တောင်းပန်ပါတယ်။ ဟုတ်တယ်. . . ကိုကြီးက သိပ်ကိုအတ္တကြီးခဲ့တဲ့လူပါ။ ကိုယ်နိုင်ဖို့တစ်ခုတည်းကိုရှေးရှုပြီး ကျန်တဲ့အရာမှန်သမျှကို လျစ်လျူရှုဥပေက္ခာပြုထားနိုင်ခဲ့တဲ့တစ်ကိုယ်ကောင်းသမားပါ။ ကျေးဇူးအများကြီးတင်ပါတယ်ပုံပုံ။ အခုလို ကိုကြီးကိုယ် ကိုကြီး့ပြန်မြင်လာတတ်အောင် လက်ညှိုးညွှန်ပြတဲ့အတွက်ပေါ့။ ဒါကို ကိုကြီးဘယ်တော့မှ မမေ့ဘူး။ တစ်သက်လုံးအတွက်သိမ်းဆည်းသွားမှာပါ"

သူခေါင်းကိုမော့ပစ်လိုက်ပြီး. စို့တက်လာသည့်မျက်ရည်ကြည်တို့ကို မျက်တောင်တဖျပ်ဖျပ်ခတ်၍ သိမ်းဆည်းပစ်လိုက်ရ၏။ ခံစားချက်တွေက အတိုင်းအဆမဲ့ပါလားကွယ်။

"ကောင်းပြီပုံပုံ. . . ကိုကြီး့ ပုံပုံ့ကိုပေးအပ်ထားတဲ့ချုပ်ကိုင်ထားသမျှအားလုံးကို ပြန်ရုပ်သိမ်းလိုက်ပါပြီ။ ဒီနေ့ကစပြီး ပုံပုံ့စိတ်နဲ့ပုံပုံ့ကိုယ် လွတ်လပ်စွာရပ်တည်နိုင်ပါပြီ။ ပြီးတော့ မြင့်မိုရ်နဲ့ပတ်သက်ပြီး ပုံပုံစိတ်တိုင်းကျဆုံးဖြတ်လိုက်ပါ။ ဘာပဲဖြစ်စေဖြစ်စေ အရာအားလုံးအတွက် ကိုကြီးကျေနပ်ပေးပါမယ်"

ကန်ပေါင်ကိုပတ်လာသည့် Taxi တစ်စီးကို သူလှမ်း၍



www.burmeseclassic.com

www.burmeseclassic.com



တားလိုက်၏။ သူမ၏အေးစက်စက်လက်လေးတစ်ဖက်ကို အသာဆုပ်ကိုင်၍ဆွဲခေါ်လိုက်ပြီး နောက်ခန်းတံခါးကိုဖွင့်၍ တက်ခိုင်းလိုက်သည်။ ကားတံခါးကိုပြန်ပိတ်လိုက်စဉ် သူ့မျက်ဝန်းမှမျက်ရည်တစ်စက်လွင့်ကျသွားလေ၏။

တဖြည်းဖြည်းထွက်ခွာသွားသည့် ကားနောက်မြီးလေးကို အဆုံးထိငေးကြည့်နေမိရင်း အမြင်တွေက ဝိုးတဝါး။ ဝေးခဲ့ပြီ. . . သက်ဆုံးတိုင်ဝေးခဲ့ရပြီပေါ့ကလေးရယ်။

✽ ✽ ✽





Love makes all hard hearts gentle.

George Herbert

အချစ်ဟာ ခက်ထန်မာကျောတဲ့နှလုံးသားအားလုံးကို နူးညံ့ပျော့ပျောင်းစေပါတယ်...

ဂျော့ဟားဘတ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

အင်းလျားကန်ထဲမှ လှိုင်းကလေးတွေ ငြိမ်သက်မှုမရှိသလို သူမရင်ထဲမှာလည်း လှုပ်ရှားနေမိ၏။ ကန်ရေပြင်ကိုဖြတ်တိုက်လာသည့်လေနုအေးတို့က လက်ကိုင်ပဝါလေးဖြင့်သာ စည်းနှောင်ထားသည့်ဆံနွယ်ရှည်တွေကို ကြမ်းတမ်းစွာတိုးတိုက်သွားလေသည်။

နောက်နားမှာရပ်နေသည့်မြင့်မိုရ်ထံမှ သက်ပြင်းချသံကြောင့် သူမ,ကန်ရေပြင်ကိုငေးမောနေရာမှ သတိဝင်သွားလေ၏။

"ဖြူ. . . ဘာပြောချင်လို့လဲ"

"ပုံပုံပြောမှာပါ. . . ပြောစရာတွေအများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ သူမအနီးသို့ ရွေ့ရပ်လိုက်တော့ သူမမျက်ဝန်းထဲမှ မျက်ရည်စအချို့ကို တွေ့လိုက်ရလေ၏။ ပြီးတော့ မချိပြုံးပြုံးလိုက်သည့်နှုတ်ခမ်းထက်မှနွမ်းလျလျအပြုံးလေး. . .။

"ကိုကိုမသိသေးတဲ့လျှို့ဝှက်ချက်တစ်ခုကို ဒီနေ့ ပုံပုံဖွင့်ပြောမယ်။ ပြီးတော့ ကိုကို့ကိုသိစေချင်တဲ့အကြောင်းတွေကိုလည်း ပြောပြချင်တယ်။ နောက်. . . ပုံပုံတောင်းဆိုစရာတွေလည်းရှိသေးတယ်"

"ပြောလေဖြူ. . . ကိုယ်နားထောင်နေပါတယ်"

"အရင်ဆုံးပြောချင်တာကတော့ ကိုကို့ ပုံပုံပြောတဲ့စကားတွေကြောင့် စိတ်မဆိုးစေချင်တာပါ။ အကျိုးရှိလို့ အကြောင်းဖြစ်လာတယ်ဆိုတာ ကိုကိုနားလည်မှာပါနော်"

"ဖြူ့ ဘာကိုဆိုလိုချင်တာလဲ။ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ"

"ပုံပုံ ကိုကို့နားကိုရောက်လာရတာဟာ ကိုကြီးကြောင့်ပါ"

"ဟင်! "

"ဟုတ်တယ်. . . ညီမင်းပိုင်ဆိုတဲ့ကောင်လေးနဲ့ ဇာတ်လမ်းဆင်ပြီး၊ ပုံပုံ. . . ကိုကိုနဲ့အနီးဆုံးကိုရောက်ခဲ့ရတာ တိုက်ဆိုင်မှုမဟုတ်တဲ့ ကြိုတင်ကြံစည်မှုပါကိုကို"





"ဘယ်လို"

"အမိက့က ကိုကို့အသည်းကိုခွဲဖို့ပါပဲ"

သူ့မျက်နှာ ပြင်မရအောင် ပျက်ယွင်းသွားရလေတော့၏။ မဟုတ်ပါစေနဲ့လား။ အိပ်မက်တစ်ခုသာဖြစ်လိုက်ပါတော့လား ဖြူရယ်။

"ကိုကြီးရဲ့အကြံအစည် ထမြောက်အောင်မြင်ပါတယ်။ ပုံပုံ့ကို ကိုကိုအတော့်ကိုစွဲလမ်းခဲ့တာပဲမဟုတ်လား။ ဒီလိုအချိန်မှာ ပုံပုံနဲ့ကိုကိုကြား. . . ချည်ထားတဲ့ကြိုးတစ်စကို လွယ်လွယ်လေးဖြတ်လိုက်ရုံပါပဲကိုကို"

"ဖြူ"

"ကျေးဇူးပြုပြီး ပုံပုံပြောတာကို ပြီးအောင်နားထောင်ပေးပါ။ ပုံပုံတောင်းပန်ပါတယ်"

သူ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်မိ၏။ ရင်ထဲမှာ တုန်လှုပ်လာမှုက သူ့စိတ်ကိုချောက်ချားစေလေပြီ။ ဒါဟာ အရှုံးရဲ့အစပဲမဟုတ်ပါလား။

"ပုံပုံက တကယ့်အဖြူရောင်လေးပါကိုကို။ ဘာပရိယာယ်ဘာမာယာမှမရှိဘူး။ ဟန်လည်းမဆောင်တတ်ပါဘူး။ အဲဒီလိုမိန်းကလေးမျိုးကို ဒီလိုတွေလုပ်လာတတ်အောင် တစ်စုံတစ်ခုကတွန်း



www.burmeseclassic.com

www.burmeseclassic.com



အားပေးခဲ့ပါတယ်။ ပုံပုံသိပ်မှားခဲ့ပါတယ်။ မလုပ်သင့်မလုပ်ထိုက် မလုပ်အပ်တဲ့အလုပ်တစ်ခုကို စိတ်ရောကိုယ်ပါ ဝင်ရောက်လှုပ်ရှား မိခဲ့တာလေ။ တကယ်တော့. . . လေးပစ်သူနှစ်ဦးကြားမှာ မလည် မဝယ်နဲ့ ပုံပုံဝင်ရပ်မိခဲ့တာပါ။ တစ်ဦးနဲ့တစ်ဦး အတ္တနဲ့မာနပြိုင်ပြီး ဖြစ်နေတဲ့တိုက်ပွဲကြားမှာ ပုံပုံ တန်ဆာခံဖြစ်ခဲ့ရတယ်။ ကိုကိုတို့နှစ် ဦးပစ်ခဲ့တဲ့မြားက ပုံပုံ့ကိုတကယ်ပဲစိုက်ဝင်စေခဲ့တာပါ။ အဲဒီအတွက် ပုံပုံ့ကိုယ်ပုံပုံ နာကြည်းနေမိပေမယ့် ကျေနပ်ပါတယ်။ ဇာတ်သိမ်း ကို အမုန်းတရားနဲ့သိမ်းရမှာအမှန်ပါ။ ပုံပုံ. . . ကိုကို့ကို အငြိုး ကြီးကြီးနဲ့ ခါးသီးစွာမုန်းတီးကြောင်းပြောပြီး. . . ပုံပုံတို့ ဇာတ်လမ်း ကိုအပြီးဖြတ်ရမှာလေ။ ဒါပေမဲ့ ပုံပုံမပြောတော့ပါဘူး။ ဘာဖြစ်လို့ လဲဆိုတော့ ကိုကို့ကို ပုံပုံမုန်းမနေလို့ပါ"

သူလှုပ်လှုပ်ရှားရှားဖြစ်သွားစဉ် သူမက သူ့ထံမှအကြည့် ကို ကန်ရေပြင်ထက်သို့လွှဲသွားလေ၏။

"ဒါပေမဲ့. . . ချစ်လည်းမချစ်ဘူး"

"ဖြူရယ်"

"ကိုကို့ကို ပုံပုံသံယောဇဉ်ရှိပါတယ်၊ အဲဒါအမှန်ပါ။ ဘာ ဖြစ်လို့လဲဆိုတော့ ကိုကို၊ ပုံပုံ့အပေါ်မှာထားရှိတဲ့ချစ်ခြင်းတွေဟာ အစစ်အမှန်တွေဆိုတာ သိထားမိလို့ပါပဲ။ ပြီးခဲ့တာမှန်သမျှကို ပြည်





ဖုံးကားချပေးလိုက်ပါ ကိုကို။ ကိုကို့ရင်ထဲက ကိုကြီးအပေါ် ထားရှိ နေတဲ့ အာဃာတတွေ၊ အနိုင်ယူလိုမှုတွေ၊ အမုန်းတွေအားလုံးကို သင်ပုန်းချေပေးပါ။ အမုန်းဆိုတာ မွေးမြူတဲ့လူဆီမှာကော အထား ခံရတဲ့လူကိုပါ ပူလောင်စေတဲ့မီးတစ်စပါပဲ။ ဒီတော့ ကိုကြီးကြောင့် ကိုကို့ရင်ကိုမပူလောင်စေချင်သလို ပုံပုံ့ကြောင့်လည်း ကိုကို့ရဲ့ရင် ကို မငြိမ်းချမ်းမှုမျိုးမဖြစ်စေချင်တာ တကယ်ပါ။ ပုံပုံ. . . ကိုကို့ ကို ဝန်ခံစရာရှိတယ်"

စကားသံက ခဏမျှတိတ်ဆိတ်သွားလေ၏။ ညနေစောင်း မို့ နေညိုညိုအလှက ကန်တစ်ခုလုံးနှင့် ဝန်းကျင်ကိုဖြန့်ကြက်ထား လေသည်။ ဤအလှတရားတို့ကိုပင် မခံစားမကြည့်ရှုနိုင်ဘဲ ရင်ထဲ မှာ မုန်တိုင်းထန်နေသည့်လူနှစ်ယောက်က ကန်ပေါင်မှာ မတ်တတ် ရပ်နေလေ၏။

"ပုံပုံ့မှာ ငယ်စဉ်ကတည်းက. . . စွဲလမ်းမြတ်နိုးခဲ့ရတဲ့လူ တစ်ယောက်ရှိခဲ့ပါတယ်။ အဲဒီလူအတွက်ဆိုရင် ပုံပုံ့အသက်၊ ပုံပုံ့ ဘဝတစ်ခုလုံးကိုတောင် ပေးဆပ်ရဲတဲ့အထိစွန့်စားဝံ့တယ်။ သူဟာ ပုံပုံ့အတွက် မရှိမဖြစ်လိုအပ်နေတဲ့လူတစ်ယောက်ပါ။ ဒါပေမဲ့ ဒါ တွေကို သူ လုံးဝမသိခဲ့ပါဘူး။ သူ့အတ္တတစ်ခုအတွက်ကိုပဲ ဦးတည် ရှေးရှုရင်း ပုံပုံ့ကိုလျစ်လျူရှုမေ့ထားခဲ့ပါတယ်။ ပုံပုံ သူ့ကိုသိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါဟာ ဘယ်တော့မှပြောင်းလဲမသွားမယ့် ပုံပုံ့ရဲ့ခံစားချက်ပဲ။ ပုံပုံအသက်ရှင်နေသရွေ့ သူချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ နောက်ဆုံးထွက်သက်ထိချစ်သွားမှာပါ"

သူ သူမမျက်နှာကို ငေးစိုက်ကြည့်နေမိ၏။ သူမက သူ့မျက်ဝန်းတွေကို ပြန်စိုက်ကြည့်ရင်း ခပ်မဲ့မဲ့လေးပြုံးလိုက်လေသည်။

"သူဘယ်သူလဲဆိုတာ ကိုကိုလည်းသိပါတယ်။ ကိုကို. . . ပုံပုံဟာ ပါပါနဲ့မာမာတို့ရဲ့အမွေစားအမွေခံမွေးစားသမီးပါ"

သူ့နှလုံးသားတစ်ခုလုံး ဖျတ်ခနဲအက်ကွဲသွားသည့်နှယ် ခံစားလိုက်ရလေ၏။ သေချာပါတယ်။ ဒီပွဲမှာ မရှုမလှကြီး သူရှုံးနိမ့်ခဲ့ရတာပါ။ လုံးဝပြန်ဆယ်လို့မရတော့အောင်ကို အရှုံးပင်လယ်ထဲမှာ အဆုံးတိုင်နစ်မြုပ်ခဲ့ရတာပါလား။

"ပုံပုံ့ကိုခွင့်လွှတ်ပါ ကိုကို။ ပုံပုံ့ဘဝမှာ ကိုကိုတို့နှစ်ဦးစလုံးဟာ မှတ်မှတ်ရရနဲ့ အမြဲသတိတရရှိနေမယ့်သူတွေဆိုတာကို သိထားပေးပါ။ ပုံပုံသွားတော့မယ်ကိုကို။ အမုန်းတရားနဲ့လမ်းခွဲတာထက် လက်ကျန်သံယောဇဉ်လေးနဲ့ နှုတ်ဆက်ရင်း. . . ကိုကိုရင်အေးပါစေလို့ ပုံပုံဆုတောင်းခဲ့တယ်နော်"

ကန်ပေါင်ပေါ်မှတစ်ဆင့် အုတ်လှေကားထစ်တို့ကို တစ်လှမ်းချင်းနင်းလျှောက်၍ဆင်းခဲ့၏။ အဝေးမှလာနေသည့် Taxi





တစ်စီးကိုလှမ်းတားလိုက်ပြီး နောက်ခန်းတံခါးကိုဖွင့်၍တက်လိုက်သည်။

ဝေးခဲ့ကြပြီလားကိုကြီးရယ်. . . ပုံပုံ့ရင်ထဲက ခံစားချက်၊ ကိုကြီးကိုချစ်နေမိတဲ့ချစ်ခြင်းတွေကို အသိအမှတ်မပြုနိုင်ဘူးပေါ့နော်။ ပြောချင်တဲ့စကားတွေကိုပြောခဲ့တာ ပုံပုံ့အတွက်နောက်ဆုံးတဲ့လား။ ချည်နှောင်အုပ်စိုးထားတဲ့ ကိုကြီးရဲ့သံယောဇဉ်ကြိုးတွေကို ပြန်ရုပ်သိမ်းသွားခဲ့တာ၊ ပုံပုံ့အတွက်တော့ အရက်စက်ဆုံး အဖြစ်အပျက်တစ်ခုပါပဲ။ တကယ်တော့ အဲဒီကြိုးတွေထဲက ရုန်းမထွက်ချင်လောက်အောင်ကို ပုံပုံ့တစ်သက်နစ်မြုပ်ချင်တာလေ. . .။ ဒါကို ကိုကြီးမသိနိုင်ဘူးမဟုတ်လား။

အလိုရှိချိန်မှာ စေရာသွား၊ ကြိုးဆွဲရာကခဲ့ရတဲ့ သက်မဲ့အရုပ်လေးလိုအသုံးခံခဲ့ရပေမယ့် အလိုမရှိတော့ ပုံပုံ့ကို အဝေးသို့နှင်စေချင်ပြီပေါ့။ ကိုကြီးကိုယ်တိုင်ပြန်မပို့နိုင်ဘဲ Taxi ပေါ်တင်ပေးလိုက်တဲ့စိမ်းသက်ခြင်းတွေက ဒီနေ့အထိ ပုံပုံ့ရင်ကို ပူပြင်းနေစေတုန်းပါကွယ်။ အချစ်ဆိုတာဘာလဲလို့ ပုံပုံအဖြေရှာတွေ့နေချိန်မှာ အဲဒီချစ်ခြင်းတွေနဲ့အတူ အမုန်းတရားကိုပါ ပွေ့ပိုက်လက်ခံခဲ့ရပါပြီ။

အသည်းကွဲတယ်ဆိုတာဘာလဲလို့ ပုံပုံရှာဖွေဆည်းပူးဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်တော့ပါဘူး။ ဒီအသက်အရွယ်လေးနဲ့တင် နှလုံးသားရဲ့ သင်ခန်းစာအလုံးစုံကို သင်ယူတတ်မြောက်သွားခဲ့ပါပြီ။

ကျေးဇူးတင်ပါတယ်. . . လောကကြီးကိုရော၊ ကံကြမ္မာကိုရော၊ ပြီးတော့ ချစ်ခြင်းတစ်ခုဖန်ဆင်းပေးခဲ့တဲ့ ကိုကြီးကိုရော. . .။

ကားပြတင်းဝမှ ဝေ့ဝဲတိုက်ခတ်လိုက်သည့်လေတွေကပင် ပူလောင်နေသယောင် အရှင်လတ်လတ်မီးလောင်ခံနေရသလိုပါပဲလားလေ။

❀ ❀ ❀



အခန်း ( ၂၇ )

သော့တံလေးဖြင့် အခန်းတံခါးကိုဖွင့်လိုက်၏။ ရှင်းလင်းသန့်ပြန့်နေသည့်အိပ်ခန်းအပြင်အဆင်ကို လှည့်ပတ်ငေးကြည့်နေရင်း နွေးထွေးသည့်အငွေ့အသက်တွေက သူမကို ဆီးကြိုပွေ့ဖက်လိုက်သယောင်။ မှန်ပြတင်းနှစ်ပေါက်ကိုဖွင့်လိုက်စဉ် ပြင်ပမှ နေရောင်ခြည်က အခန်းထဲသို့အလုအယက်ဖြာကျလာသလို လေချိုအေးတို့ကလည်း သုတ်ခနဲတိုးဝင်လာလေ၏။

လိုက်ကာကို ဘေးဘက်သို့ဆွဲကပ်လိုက်ပြီး polish တင်ထားသည့်စားပွဲကို အသာဖွဖွပွတ်သပ်လိုက်မိသည်။ ဒီစားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုကြီးမျက်ရည်တွေကျခဲ့ရဖူးသလို ဒီစားပွဲပေါ်မှာပဲ ကိုကြီးရင်ထဲကခံစားချက်တွေကို ဒိုင်ယာရီထဲချရေးခဲ့တာလေ။

အံဆွဲသော့ဖြင့်သော့ကိုဖွင့်၍ အံဆွဲကိုဖွင့်လိုက်စဉ် အပေါ်ဆုံးထပ်မှာ အညိုရောင်သားရေဖုံးလေးနှင့် ဒိုင်ယာရီလေးက ငြိမ်သက်စွာရှိနေလေ၏။ ပိုင်ရှင်၏ပစ်ပယ်ချန်ရစ်ခြင်းကို သုံးလတိတိခံနေခဲ့ရတဲ့စာအုပ်လေးပါလား။ ဒါဆိုရင် သူမကရော။ ဟုတ်တယ် ကိုကြီးထားသွားခဲ့တာ သုံးလတိတိရှိနေပြီလေ။ စာအုပ်လေးကို ယူလိုက်ပြီး ထိုင်ခုံမှာထိုင်ချလိုက်၏။ အဖြူရောင်စာရွက်ပေါ်မှ ဝိုင်းစက်စက်လက်ရေးတို့ကို ဖြည်းဖြည်းချင်းဖတ်နေမိ၏။

ငယ်စဉ်ကတည်းက နာကျင်ခံစားလျက်ရေးခဲ့သည့်စာသားလေးတွေကိုဖတ်ရင်း သူမပါးပြင်ထက်မှာ မျက်ရည်တို့က တွေတွေစီးကျလာလေသည်။

"ပုံပုံ. . . ဘာဖြစ်လို့များ ဒီလောက်ထိချစ်စရာကောင်းနေရတာလဲကလေးရယ်"

"ကြည့်စမ်း. . . မြင့်မိုရ်ကြိုက်နေတဲ့မိန်းကလေးဟာ ပုံပုံတဲ့။ ငါ့ဆီက အခါများစွာလုယူခဲ့တဲ့မိန်းကလေးတွေလို ပုံပုံကိုတော့ အပါမခံနိုင်ဘူး"

"မြင့်မိုရ်က အဘည်တဲ့ပုံပုံ။ ကိုကြီးရင်ထဲက အမြတ်နိုး





ဆုံးပန်းလေးကို သူယူချင်နေပြီ။ ကိုကြီးဘယ်လိုလုပ်ရမလဲ"

"ကိုကြီး သူ့ကိုနိုင်ချင်တယ်။ တစ်သက်မှာတစ်ခါလေးသာဖြစ်ပါစေတော့။ တစ်ခါလေးသာအနိုင်ရခဲ့ရင် သေပျော်ပါပြီပုံပုံရယ်"

"သူ့နားကိုအရောက်ပို့ပေးလိုက်ရတာ ငါ့ရင်ကို ဓားနဲ့မွှန်းနေသလိုပဲ အခံရခက်လိုက်တာ။ အထိအတွေ့တွေကြားမှာ နစ်မျောပြီး ကိုယ့်ကလေးလေး သူ့ဘက်ပါသွားရင်တော့ ဒုက္ခပဲ။ ကိုယ်တော့ အကြီးအကျယ်တုန်လှုပ်နေမိပြီကလေးရယ်"

"တောက်! ခွေးကောင်. . . အတော်လက်ရဲဇက်ရဲနိုင်လွန်းတယ်။ ငါ့ကလေးတော့ အရိုးတွေကြေကုန်ပြီလားမသိ"

"ဘုရားရေ. . . ပုံပုံကို သူခေါ်သွားတာတဲ့။ ရင်ထဲမှာ မီးတောင်ကြီး ထပေါက်လိုက်သလိုပါပဲ။ ကလေးသာ. . . ကလေးသာ တစ်ခုခုဖြစ်သွားရင် သင်းကို လူပြည်မှာအရှင်မထားဘူး။ ပြီးတော့ ငါ့ကိုယ်ငါလည်း ခွင့်မလွှတ်ဘူး"

"အတ္တတွေသိပ်ကြီးတယ်တဲ့လား. . .။ ကလေး, ကိုယ့်ကို နာကြည်းမုန်းတီးနေပြီပေါ့နော်။ ရင်နာလိုက်တာကွယ်. . . ကိုယ် အမြတ်နိုးဆုံးပန်းတစ်ပွင့်ကို သူတစ်ပါးလက်ထဲ အနှမြောမရှိထည့်ရက်တဲ့လူ ဘယ်သူရှိနိုင်မှာလဲ။ ပြောရက်လိုက်တာ. . . ကိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တာယ်တဲ့လား။ ကိုယ့်ရင်ကို အရှင်လတ်လတ်အခွဲခံနေရတာကို ကလေးမှမမြင်နိုင်ဘဲ။ ကိုယ့်နှလုံးသားတစ်ခုလုံး မွမွကြေကုန်ပါပြီ"

"အသည်းကွဲတယ်ဆိုတာ. . . ချစ်တတ်တဲ့လူတွေအတွက် အချိုမြိန်ဆုံးသောခံစားမှုတစ်ခုပါပဲ။ ဝဠာဆိုတဲ့ ယောက်ျားတစ်ယောက်ဟာ. . . ပုံပုံ့မျက်ရည်တွေအောက်မှာ၊ ပုံပုံ့စကားလုံးတွေအောက်မှာ၊ ပုံပုံ့ခြေဖဝါးအစုံအောက်မှာ သေဆုံးခဲ့ရပါပြီ"

✽

လေဆိပ်ထဲဝင်သည်နှင့် Hand Phone မှ မြည်သံကြောင့် သူဖုန်းဖွင့်လိုက်၏။

"ဟဲလို"

"ဝဠာ. . . ငါ. . . မြင့်မိုရ်"

"ဟာ. . . ငါ ခုမှမြန်မာပြည်ပြန်ရောက်တယ်။ အခုပဲ မင်းဖုန်းဝင်လာတာတော့ လွန်နေပြီမြင့်မိုရ်"

"အရေးကြီးလို့ပါဝဠာ. . . မင်းအမေ နေမကောင်းဖြစ်နေတယ်ကွ"





"ဘာ. . . မနေ့ကထိ ငါနဲ့ဖုန်းပြောနေတာပါကွ။ လာအကြောင်းမရိုက်နဲ့ဟော့ကောင်. . ."

"ဩော်. . . တကယ်ပြောနေတာပါကွ။ ဦးဦးအာကာပြောတာတော့ စိတ်မမှန်တော့ဘူးတဲ့"

"ဟင်! "

"အေး. . . မင်းထွက်သွားပြီးကတည်းက စဖြစ်တယ်လို့ပြောတာပဲ။ ငါတော့ မအားလို့သွားမကြည့်အားသေးဘူး။ မေမေတို့တောင် ခုနမှပြန်လာတာ။ မင်းအခန်းထဲဝင်ပြီး နေ့ရှိသရွေ့ငိုနေတယ်တဲ့"

"ဟာ! "

"အေး. . . အဲဒါ ငါဖုန်းဆက်တာ။ တော်ကြာ. . . မင်းဟိုဒီလျှောက်ဝင်နေရင်နောက်ကျမှာစိုးလို့. . . ဒါပဲနော်ဝဠာ"

"အင်း. . . အင်း"

သူ Taxi ဖြင့် အိမ်ကိုအမြန်ပြန်လာတော့ သူ့အိမ်က တိတ်ဆိတ်ငြိမ်သက်လို့။ ဘယ်တွေရောက်ကုန်ကြပြီလဲ။ လှေကားကိုပြေးတက်သွားတော့ မီးဖိုခန်းထဲမှထွက်လာသည့် နီနီက သူ့ကိုမြင်သွားလေ၏။

"ဟယ်! သားလေးပြန်လာပြီတော့"



www.burmeseclassic.com

www.burmeseclassic.com



"မေ"

သူအသံကုန်အော်ဟစ်ရင်း အပေါ်ထပ်ကိုပြေးတက်သွားစဉ် နီနီ့နောက်မှာ ရောက်လာသည့်မေမေ့ကို မမြင်လိုက်မိပေ။ ဒေါ်စံပယ်သင်း နီနီ့ပခုံးကိုပုတ်၍ ပြုံးတုပြုံးလိုက်မိလေ၏။

ဟင်းလင်းပွင့်နေသည့်တံခါးမှ အခန်းထဲကိုပြေးဝင်လိုက်စဉ် ထိုင်ခုံမှာထိုင်နေသည့်ပုံရိပ်ကလေးက အလန့်တကြားထရပ်လိုက်လေ၏။

"ဟင်! ပုံပုံ"

သူမ ဒိုင်ယာရီစာအုပ်လေးကိုပိတ်၍ အံဆွဲထဲထည့်ပိတ်လိုက်ပြီး မျက်နှာလေးရဲရဲနီသွားလေ၏။ ဒုက္ခပါပဲ. . . ခိုးဖတ်ပါတယ်ဆိုမှ အထုပ်အထည်နဲ့ ပက်ပင်းကိုမိပါရောလား။ မှင်တက်ရပ်နေမိရာမှ သတိဝင်သွားပြီး သူ့ရှေ့မှပြေးထွက်လိုက်စဉ် သူမလက်ကိုဖမ်းဆွဲခြင်းခံလိုက်ရသလို သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲနစ်မြုပ်သွားလေ၏။

ပါးပြင်ထက်ရှိပါးချိုင့်လေးကို ငုံ့မွှေးလိုက်စဉ် လှေကားရင်းမှ မေမေ့အသံက လွင့်ပျံ့တက်လာလေသည်။

"သားရေ. . . မေမေက ဒီမှာဟေ့"

သူ ဟက်ခနဲရယ်ချလိုက်တော့ သူမက သူ့လက်မောင်းကို





လက်သီးဆုပ်လေးဖြင့် အသာထုလေတော့၏။ သေချာပါတယ်။ ဒီပွဲမှာ သူအမှတ်ပြည့်နဲ့ ချန်ပီယံဘွဲ့ရခဲ့တာလေ။

လေးစားလျက်. . .

မမသဒ္ဒါမောင်

3 rd Feb 2008

BURMESE CLASSIC .com

www.burmeseclassic.com